ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

designer water

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (3-4-2016) (၈၅၂၅)

## မျှော်လင့်ချက် ကြီးမားသည့် ပြည်သူ့အတွက် အစိုးရသစ် ပထမခြေလှမ်း

# ရက် ၁၀၀ အတွင်း ဘာတွေ ပြောင်းလဲပေးမလဲ

**ရှင်မင်း**

အစိုးရသစ်လက်ထက် ရက်ပေါင်း ၁၀၀ အတွင်း ဘာတွေ ဦးစားပေး ဆောင်ရွက် သွားမလဲ၊ ဘယ်လို ဆောင်ရွက်သွားမလဲဆိုတာ ပြည်သူ စိတ်အဝင်စားဆုံး ကိစ္စရပ် အနေနဲ့ ရပ်တည်လျက်ရှိပါတယ်။

မျှော်လင့်ချက်များစွာကို အကောင်အထည်ဖော်ရမယ့် အစိုးရသစ်အတွက် စိန်ခေါ်မှုတွေများစွာ ကျော်ဖြတ်ရမှာ ဖြစ်တဲ့အတွက် ရင်မောစရာ အခြေအနေလို့လည်း ပြောနိုင်ပါတယ်။

ဒီမိုကရေစီရင့်ကျက်တဲ့ အနောက်အုပ်စုနိုင်ငံတွေမှာ အစိုးရသစ်တက်ပြီး ရက်ပေါင်း ၁၀၀ ကို ပျားရည်ဆမ်းကာလလို့ တင်စားသော်လည်း ဒီမိုကရေစီ လျှောက်လှမ်းစ မြန်မာနိုင်ငံမှာတော့ အစိုးရသစ်ဟာ လိုအပ်ချက်များစွာအတွက် အနာနဲ့ ဆေး တည့်အောင်ပေးနိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

အစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ရမှာတွေအပေါ် သုံးသပ် ပြောကြားချက်တွေ၊ ထင်မြင်ယူဆချက်တွေ၊ မြန်မာ့ နိုင်ငံရေးလောကအတွင်းနဲ့ လူမှုကွန်ရက်ပေါ်မှာ အမျိုးမျိုးပေါ်ပေါက်နေပြီးတော့ ပြည်သူတွေရဲ့ ရင်ခုန်သံတွေနဲ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**




DVB DEBATE အစီအစဉ်ကို နေပြည်တော်ရှိ Excel Capital Hotel တွင် ဧပြီ ၂ ရက်က ကျင်းပစဉ်။

## ဧရာဝတီမြစ်ရေ မြင့်တက်

**နေပြည်တော် ဧပြီ ၂**

ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ နောက်လေးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## လူမှုစောင့်ရှောက်ရေးဂေဟာအတွက် အနုပညာလှူပ်ရှားမှုတစ်ရပ် ပြုလုပ်

**သီသီမင်း**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း တောင်းရမ်းစားသောက်သူများနှင့် အခြေအနေမဲ့များအတွက် ထိန်းသိမ်းစောင့်ရှောက်ထားသည့် မှော်ဘီမြို့ အောက်ဝါးနက်ချောင်းကျေးရွာရှိ လူမှုစောင့်ရှောက်ရေး ဂေဟာအတွက် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ယနေ့ နံနက် ၉ နာရီက လှည်းတန်း စင်တာအနီး ပရဟိတစိတ်ရှိသူ လူငယ်များစုစည်းပြီး အနုပညာလှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း Myanmar Helper အဖွဲ့မှသိရသည်။

"မှော်ဘီ အောက်ဝါးနက်ချောင်းကျေးရွာမှာရှိတဲ့ လမ်းဘေးလေလွင့်နေတဲ့ ကလေးသူငယ်တွေ၊ ဘိုးဘွားတွေကို စောင့်ရှောက်ပေးနေတဲ့ ဂေဟာလေးမှာ လိုအပ်ချက်ဖြစ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနဲ့ လိုအပ်တာတွေ ဖြည့်ပေးဖို့ ဒီပရဟိတလှုပ်ရှားမှုကိုလုပ်တာပါ။ လက်ခံရရှိတဲ့ အလှူငွေတွေကိုလည်း အားလုံးပြန်ပြီး လှူဒါန်းသွားမှာပါ" ဟု Myanmar Helper ပရဟိတအဖွဲ့မှ မော်ဒယ် သရုပ်ဆောင် ကိုချမ်းမြေ့က ပြောသည်။

အဆိုပါ ပရဟိတအနုပညာလှုပ်ရှားမှုကို Myanmar Helper ပရဟိတအဖွဲ့နှင့် ဟင်္သာတမြို့ရှိ ခိုလှုံရာပရဟိတအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ပရဟိတစိတ်ရှိသူ အနုပညာရှင်များက ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ✱**



ကြေးမုံ

# ဆင်ခြင်ဉာဏ်နဲ့ ပျော်ရွှင်ကြရမယ့် နှစ်သစ်ကူးပွဲတော်

နှစ်သစ်ကူး အခါသမယ သင်္ကြန်ကာလ နီးကပ်လာသည်နှင့်အမျှ မြန်မာပြည်သူ ပြည်သားတိုင်းလိုလို မရိုးမရွဖြစ်လာကြလေ့ရှိသည်။ တူးပို့တူးပို့ ဒိုးသံနှင့်အတူ သင်္ကြန်သီချင်းများက မြန်မာပြည်တစ်ဝန်း စတင်ပျံ့လွင့်နေပြီ။ ပိတောက်ပန်းတို့ နေရာအချို့မှာ တွေ့နေရသည်။ ငုတို့ ထိန်ထိန်ဝါနေသည်ကလည်း ဟိုမှာတစ်စ သည်မှာတစ်စ။

မကြာမီမှာ တစ်နိုင်ငံလုံး ငုနှင့် ပိတောက်ဝေဆာ လှိုင်ရော့မည်။ အာဏာရှင်စနစ်အဆက်ဆက်အောက်မှာ နှစ်ပေါင်းများစွာ မှေးမှိန်ခဲ့ရသော သံချပ်သံများလည်း ကြားရချေတော့မည်။

မြန်မာတို့၏ အစဉ်အလာ ဒီမိုကရေစီအခွင့်အရေးတစ်ရပ်သဖွယ် ဖြစ်သော သံချပ်သံများ။

မိမိအထက်အရာရှိကိုဖြစ်စေ၊ အစိုးရအဖွဲ့ကိုဖြစ်စေ၊ ဝန်ကြီးချုပ်ပင်ဖြစ်စေ ဝေဖန်ပြောဆိုစရာအကြောင်းများရှိလာလျှင် တို့ကာထိကာ ရံဖန်ရံခါမှာ ပိဿလေးနှင့် ဘေးပစ်သလို ပြောတတ်ဆိုတတ် ဖွဲ့နွဲ့သီကုံးတတ်သော သံချပ်များသည် ပြည်သူ့အသံကို နားမခံနိုင်ကြသော အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ခြယ်မှုအောက်မှာ ပုန်းလျှိုးကွယ်လျှိုး နစ်မြုပ်နေခဲ့ကြရသည်။ ယနေ့ကာလလို ပြည်သူကို အလေးအနက်ထားသော ပြည်သူ့အစိုးရစစ်စစ် လက်ထက်မှာ သံချပ်သံများကို ကျယ်ကျယ်လွင့်လွင့် ကြားလိုက်ရမည်ဟု မျှော်လင့်ရသည်။

အာဏာရှင်စနစ်အောက်မှာ လျှမ်းလျှမ်းတောက်ခဲ့ကြသော သူဌေးသူကြွယ်ကြီးများ၏ စီးပွားရေးကြော်ငြာများနှင့် ယှဉ်တွဲနေလေ့ရှိသည့် ရေပက်မဏ္ဍပ်များမှ ပြင်းအားမြင့် ရေပိုက်များမှာ ယခုနှစ်မှာ များစွာလျော့ပါးသွားမည်ဟု ယူဆရပါသည်။ သိန်းပေါင်း များစွာပေးကာ ရယူရသော မဏ္ဍပ်တည်ဆောက်ခွင့်ပါမစ်များလည်း ပြည်သူ့အစိုးရလက်ထက်မှာ နည်းပါးသွားမည်ဟု ထင်ရသည်။ သည်လိုမဏ္ဍပ်များမှာ ရေကစားခွင့် ရေပိုက်ကိုင်ပက်ခွင့်ရဖို့ကပင် သိန်းဂဏန်းလောက် အကုန်အကျခံရသည်ဟု သိရသည်။ ရေပက်ခံကားထွက်ကြဖို့ဆိုသည်ကလည်း ငွေကြေးအရင်းအနှီး အတော်အတန်အကုန်အကျခံရသည်ဟု ဆိုသည်။ အားလုံးခြုံငုံကြည့်လျှင် မဟာသင်္ကြန်က စီးပွားရေးသင်္ကြန် ရေအလွန်အကျွံသုံးသည့် သင်္ကြန်အဖြစ် အမှတ်ပြုနေရသည်။အမှန်တော့ စီးပွားရေးသင်္ကြန်က အာဏာရှင်စနစ်နှင့်အတူ ပြောင်းလဲကြီးကျယ်လာသည်ဟုပင် ဆို၍ရနိုင်သည်။

ငွေကြေးမတတ်နိုင်သူများအဖို့ ပြင်းအားမြင့် ရေပိုက်များနှင့်ပက်နေကြသည့် ကားမျိုးစုံဖြင့် ရေပက်ခံထွက်နေကြသည့် ရောင်စုံဖက်ရှင်မောင်မယ်များကို ငေးမောကြည့်ရှုကာ အပျော်ကူးစက်ရသည့်ဘဝများ ဖြစ်နေသည်။

ရှိစေ။ အတိတ်တို့က ကျန်ခဲ့ပြီ။

အစိုးရသစ်လက်ထက်မှာ စီးပွားရေး ဆန်လှသည့် ငွေတတ်နိုင်မှ ပျော်ရမည်ဆိုသည့် ရေပက်မဏ္ဍပ်များကို ကန့်သတ်သည့်သတင်းများ ထွက်ပေါ်လာသည့်အခါ ပြည်သူအများစုက အားပေးထောက်ခံကြသည့် အသံများတစ်မုဟုတ်ချင်း ထွက်လာသည်။ ပြည်သူတို့ကိုယ်တိုင်သည်လည်း စီးပွားရေးသင်္ကြန်ကို စိတ်ပျက်နေကြပြီဟု ယူဆရသည်။

အရေးကြီးဆုံးက တစ်ကမ္ဘာလုံးနှင့် ခြုံငုံသက်ဆိုင်နေသော ရေရှားပါးသည့် ပြဿနာ။ ကမ္ဘာ့နေရာတော်တော်များများမှာ ရေရှားပါးမှုနှင့်ကြုံတွေ့နေရသည်ဆိုသော သတင်းများကြားထဲတွင် မြန်မာနိုင်ငံမှာလည်း ရေပြတ်လပ်မှုပြဿနာက စတင်နေပြီဆိုတာ သိနေရသည်။

မိုးလေဝသပညာရှင်တို့၏ ပြောဆိုချက်များထဲမှာ ရန်ကုန်မြို့သည်ပင် ရေရှားပါးမှုပြဿနာက တော်တော်ဆိုးရွားစ ပြုနေပြီဟုသိရသည်။ သည်လိုအချိန်မှာ သင်္ကြန်ရေကို ဆင်ခြင်တုံတရားမဲ့စွာ ဗုံးပေါလအော သုံးစွဲဖို့မသင့်။

သင်္ကြန်ဆိုသည်က မြန်မာလူမျိုးတို့၏ လွန်စွာမြတ်နိုးတန်ဖိုးထားသော ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာ နှစ်သစ်ကူးပွဲတော်ဖြစ်သည့်အားလျော်စွာ ကလေးလူကြီးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးမရွေး တိုင်းရင်းသားအားလုံး ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ယဉ်ကျေးမှုအရ၊ ဓလေ့ထုံးတမ်းအရ ပျော်ရွှင်စွာ ဆင်နွှဲကြမည့် သင်္ကြန်ကာလတွင် အတိုင်းအဆသိသိ ဆင်ခြင်ဉာဏ်ရှိရှိဖြင့် ရေမဖြုန်း ငွေမဖြုန်းဘဲ မြန်မာနိုင်ငံတွင်းရှိ ပြည်ထောင်စုသားများအားလုံး ရိုးရာမပျက် ပျော်ရွှင်ဝမ်းမြောက်စွာ ဆင်နွှဲကြမည်ဟု ယုံကြည်ပါကြောင်း။ ။



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဧပြီ ၁ ရက် ညနေ ၃ နာရီက နေပြည်တော် ရုံးအမှတ်(၃၁) စုပေါင်းခန်းမ (မြေညီထပ်)၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိ ရိုသေကြရန် လိုအပ်ကြောင်း၊ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး အဂတိတရားကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း မိသားစုပုံစံဖြင့် စည်းလုံးညီညွတ်စွာ ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ၈၈၈၈ အရေးတော်ပုံကြီးတွင် ကျဆုံးသွားသူများနှင့် ပျောက်ဆုံးသွားသူများကို သမိုင်းမှတ်တမ်းတင်မည်

**ရန်ကုန် ဧပြီ ၂**

၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့က နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့က ပြည်သူများသို့ သတင်း ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ၂၀၁၆ ဩဂုတ် ၈ ရက်နေ့ဆိုလျှင် ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး၏ ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိတော့မည် ဖြစ်သော်လည်း ၈၈၈၈ အရေးတော်ပုံကြီးကာလတွင် ကျဆုံးသွားသူများနှင့်ပျောက်ဆုံးသွားသော ရဟန်းရှင်လူ၊ ပြည်သူကျောင်းသားများ၏ စာရင်းကို ယခုအချိန်ထိအောင် အတိအကျ သို့မဟုတ် ခန့်မှန်းခြေကို မည်သည့်ပါတီအဖွဲ့အစည်းများမှ မထုတ်ပြန်နိုင်သေးသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိရပါသည်ဟု ဆိုသည်။

၈၈၈၈ လူထု အရေးတော်ပုံကြီးတွင် ကျဆုံးသို့မဟုတ် ပျောက်ဆုံးသွားသူများကို အမျိုးမျိုး ပြောဆိုမှတ်တမ်းတင်နေကြသည့်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့အနေဖြင့် ၈၈၈၈ အရေးတော်ပုံကြီးတွင် ကျဆုံး သို့မဟုတ် ပျောက်ဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသား ပြည်သူများ၏ စာရင်းကို တိကျမှန်ကန်စွာ စာရင်းပြုစုလိုပါသည်ဟု ဆိုသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့သို့ ပေးပို့သည့် ကျဆုံး သို့မဟုတ် ပျောက်ဆုံးသွားသော ရဟန်း၊ ရှင်လူ၊ ကျောင်းသား ပြည်သူများ၏ ပေးပို့လာသော စာရင်း များကို စိစစ်ပြီး ၈-၈-၂၀၁၆ ရက်နေ့တွင် သမိုင်းမှတ်တမ်းတင်ရန်အတွက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်ဟု သိရသည်။

**(မင်းမင်း)**

## ညောင်

မိုးလေးတစ်ပေါက် နှစ်ပေါက်
ကျပြီဆိုရင်ပဲ
ညောင်စေ့လေးဟာ
ဖက်ဖူးလိပ်လေးဖြစ်သွားတော့တယ်။
လေဒဏ် မိုးဒဏ် လေဒဏ်
ခမျာမခံနိုင်ဘူး။ တုန်ခါသွားရှာတယ်။
ပုရစ်ကလေး ပြေကျ…
စိမ်းမြတဲ့သစ်ရွက် တစ်ရွက် နှစ်ရွက်
သုံးရွက် လေးရွက် စုမိပြီ…
ရင့်ကျက်လာပြီ ၊ပြောင်းလဲလာပြီ…
သို့ပေမယ့် သဘာဝဘေးဒဏ်
မခံနိုင်ရှာသေး။ တုန်သွားသေးရဲ့။
ညောင်ပင်လေး ညောင်ပင်လေးဟဲ့လို့
အသိအမှတ်ပြုခံရတဲ့အခါ
ဆိတ်က ပဲခနဲ ဖွဲ့ဝါး၊ နွားက ချိုသွေး
ခွေးကပေါင်မ…
ညော် လူတွေ မုဆိုးတွေ…
ကြောင်ဝံပိုက်အောင်းတဲ့
ညောင်ခေါင်းမီးရှို့…
ညောင်သီးစားနေတဲ့ ငှက်တွေကို
လေးခွနဲ့ပစ်
ကိုင်းခြောက်တွေ ထင်းခွေ…
သဘာဝဒဏ် တိရစ္ဆာန်ဒဏ် လူ့ဒဏ်
အလူးလူး အလဲလဲ ခံနေရတဲ့အထဲက
ညောင်ပင်ကြီး ဖြစ်လာပါလေရော။
စိမ်းညိုအုံ့မှိုင်း လေလာတိုင်းတဖျပ်ဖျပ်
ရွက်ခတ်သံ တနော့နော့…
လူတွေ လူတွေ ညောင်ပင်ကြီးကို
ဖောင်းတော်ဆက်ကြ ပန်းဆက်ကြ
လှည်းကြ ကျင်းကြ
ဆွမ်းလှူ ကွမ်းလှူ ရေချမ်းလှူကြနဲ့
ဆုယူစည်းဝေး ဖြူဖြူဖွေးလို့လေ…
ဟုတ်ကဲ့ပါ
မစ အသက် ၆၀ ပြည့်မှာ
ကဗျာတစ်ပုဒ်လက်ဆောင်ပေးခဲ့ပါတယ်…
နားထောင်ကြည့်စမ်းပါ့။
ကနဦးနိုက်
ဖက်ဖူးလိပ်လေး
ငေးမောအံ့ဩ
လောကလေ့လာ
နေသာမိုးရွာ
လေလာကစား
တုန်ခါသွား၏…
ပုရစ်ပြေကျ
စိမ်းမြသစ်ရွက်
ရင့်ကျက်ပြောင်းလဲ
ရဲစပြုပြီ
အငယ်လေးများ
ပေါက်ဖွားကြီးပြင်း
မွေးချင်းများစွာ
နေသာ မိုးရွာ
လေလာကစား
တုန်၍သွား၏။
ညောင်ပင်လေးတဲ့
ပျံ့မွှေးသင်းထုံ
ဂုဏ်လျှံရောက်စ
ဆိတ်ကဖွဲ့ဝါး
နွားကချိုသွေး
ခွေးကပေါင်မ…
ကြောင်ဝံပိုက်အောင်း
ညောင်ခေါင်းမီးရှို့
ငှက်တို့စားရာ
လောက်စာဖောက်ဖောက်
ကိုင်းခြောက်ထင်းခွေ
မသေ၍ကြီး…
ဖောင်းတော်ဆက်သူ
ပန်းဆက်သူနှင့်
လှည်းသူကျင်းသူ
သန့်ရှင်းသူနှင့်
ဆွမ်းလှူ ကွမ်းလှူ
ရေချမ်းလှူ၍
ဆုယူစည်းဝေး
ဖြူဖြူဖွေး၏။

ကိုလေး(အင်းဝဂုဏ်ရည်)

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# အယ်နီညိုကြောင့် မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ပေါ်လာနိုင်လဲ

**ချယ်ရီ၊ ယုဇန - တွေ့ဆုံမေးမြန်းသည်**

၂၀၁၅ ဒီဇင်ဘာလကနေ စတင်ပြီး အားကောင်းခဲ့တဲ့ အယ်နီညိုဟာ ၂၀၁၆ ခုနှစ် စတင်ချိန်မှာလည်း အပူချိန်ကလျော့မသွားဘဲ တစ်လထက်တစ်လတိုးပွားကာ အလွန်ပူပြင်းတဲ့ဒဏ်ကို ပြည်သူများ အလူးအလဲခံစားနေကြရပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာလည်း ရေရှားပါးမှုဒဏ်ကြောင့် ကူပါကယ်ပါ တစာစာအော်နေရတဲ့အဖြစ်မျိုး ကြုံတွေ့နေရပါတယ်။ ဒီလိုရာသီဥတုဆိုးရွားမှုတွေဟာ အဆုံးသတ်သွားခြင်းမရှိသေးဘဲ ဧပြီလနဲ့ မေလတို့မှာလည်း ဒီထက်မက ပိုပူဦးမယ်လို့ကြားသိနေရပါတယ်။ အယ်နီညိုရာသီဥတုကြောင့် မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေဆက်ဖြစ်နိုင်လဲ၊ ဘယ်လိုကြိုတင်ကာကွယ်သင့်သလဲဆိုတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး အယ်နီညိုအကြောင်းကို ၁၉၈၁ ခုနှစ်ကတည်းက စတင်လေ့လာခဲ့တဲ့ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကို သွားရောက်မေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါတယ်။

**မေး။ ဒီနှစ်(၂၀၁၆ ခုနှစ်)က ထူးခြားတဲ့ အယ်နီညိုရာသီဥတုနှစ်ဆိုတော့ အယ်နီညိုနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဘာတွေပြောချင်လဲ၊ ဘာတွေသတိပေးချင်ပါသလဲ။**

ဖြေ။ ဒီနှစ်က အယ်နီညိုနှစ်ပေါ့။ ၂၀၁၅ ခုနှစ် မတ်လလောက်ကတည်းက အယ်နီညိုစတယ်။ တဖြည်းဖြည်းနဲ့ အင်အားပိုကောင်းလာတယ်။ ဇွန်လကျတော့ အယ်နီညိုဖြစ်ပြီလို့ ကြေညာနိုင်တယ်။ သူရဲ့အားအကောင်းဆုံးက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာဖြစ်တယ်။ အခု ၂၀၁၆ ခုနှစ်ရောက်လာတော့ အယ်နီညိုရာသီဥတုက တဖြည်းဖြည်းအဆုံးပိုင်းကို ရောက်လာပြီး အားပြန်လျော့လာတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၉ ရက်အထိ အယ်နီညိုအင်အားက အားကောင်းတဲ့အဆင့်မှာပဲ ရှိသေးတယ်။ ဒါပေမယ့် မတ်လထဲရောက်တဲ့ အချိန်ကစပြီး အယ်နီညိုအင်အားက တစ်ဆင့်နိမ့်ပြီးတော့ အားအသင့်အတင့်အဆင့်ကို ရောက်လာတယ်။ ဆက်လက်ပြီးတော့လည်း ကျဆင်းနေတယ်။ တွက်ထားတာကတော့ ၂၀၁၆ ခုနှစ် ဇွန်လဆိုရင် အယ်နီညိုပြီးသွားမယ်။ နောက်တစ်ချက်က ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှာ အယ်နီညို အားအကောင်းဆုံးဖြစ်တဲ့အချိန်မှာ အယ်နီညိုရဲ့အင်အားက အယ်နီညိုရဲ့ သမိုင်းတစ်လျှောက်မှာ အားအကောင်းဆုံးဖြစ်တဲ့အတွက် ဒီနှစ်အယ်နီညိုဟာ သမိုင်းမှာ အားအကောင်းဆုံး အယ်နီညိုဖြစ်လာတယ်။ အဲဒါက အယ်နီညိုရဲ့သမိုင်းကြောင်းဖြစ်တယ်။

အဲဒီတော့ အယ်နီညိုဖြစ်ရင် မြန်မာနိုင်ငံအပေါ်မှာဖြစ်တဲ့ ရာသီဥတုက အလွန်ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကိုဖြစ်တတ်တယ်။ အပူချိန်တွေက ဘယ်ရာသီမှာပဲ ကြည့်ကြည့် ဆောင်းရာသီလည်း ဆောင်းရာသီအပူချိန်က ပုံမှန်ထက်ပိုနေတယ်။ နွေလည်းပိုနေမယ် စသဖြင့်ပေါ့။ မိုးရွာသွန်းမှုကလည်း ဘယ်ရာသီမှာကြည့်ကြည့် ပုံမှန်ရွာသွန်းတဲ့



မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

အောက်ကိုလျော့မယ်။ ဒါအယ်နီညိုရဲ့ ဝိသေသပဲ။ ဆောင်းရာသီကျတော့ အပူချိန်က ပုံမှန်ထက်ပိုတော့ အအေးပေါ့တာလောက်ဖြစ်တာပါ။ နွေရာသီကျတော့ နွေရာသီကိုယ်နှိုက်ကိုက အခု နောက်ပိုင်းနှစ်တွေမှာ အလွန်ပူတယ်။ ပူတဲ့ရာသီမှာ သူက ထပ်ပြီး အပူချိန်က တိုးဦးမယ်ဆိုတော့ ဒါအလွန်ပူတဲ့ နွေရာသီဖြစ်လာနိုင်တယ်။ အဲဒါကိုကြုံတွေ့နေရတာလည်း ဒီအတိုင်းပဲ။ သဘာဝကတော့ အဲ့ဒီအတိုင်းသွားမှာပေါ့။ လိုရင်းကိုပြောရရင် အယ်နီညိုကြောင့် ထိခိုက်နိုင်တဲ့ကဏ္ဍက မြန်မာနိုင်ငံမှာ ငါးခုရှိတယ်။ ပထမတစ်ခုက ဘာလဲဆိုတော့ ပူပြင်းတဲ့ နွေရာသီကြုံတွေ့ရတာ အပူလှိုင်းကြုံတွေ့ရတာ။ အခုလက်ရှိ နွေရာသီမှာ အပူချိန်ချိုးတာလေးတွေ စပြီးတော့ဖြစ်ပြီ။ ဒါပေမယ့် စံချိန်နေရာတကာမှာ မချိုးပေမယ့် နေရာတကာမှာဖြစ်နေတဲ့ အပူချိန်ကတော့ မြင့်တဲ့အပူချိန်ဖြစ်နေတယ်။ မြင့်တဲ့အပူချိန် မှာဖြစ်နေတဲ့ အပြင် နောက်တစ်ခုက ဖြစ်နေတဲ့ရက်ကလည်း တော်တော်ကြာနေပြီ။ ကြာနေတော့ ဒါအပူရဲ့ သဘောသဘာဝအရ အပူချိန်အမြင့်မှာ ရောက်နေပြီး အချိန်ကာလ ကြာလာရင် အဲဒါ အပူရဲ့ဒဏ်၊ အပူရဲ့ဖိစီးမှု၊ အင်္ဂလိပ်လိုတော့ (heat stress)လို့ ခေါ်ပါတယ်။ ဒါဖြစ်တတ်တဲ့အတွက် လူလိုင်းမှာ အပူနဲ့ပတ်သက်တဲ့ ပြဿနာတွေ တွေ့နေရတုန်းပဲ။ ဥပမာအား ဖြင့် ရောဂါဖြစ်တာတို့၊ ရေရှားတာတို့ ဒါမျိုးတွေဖြစ်လာတာပါ။ နောက် စိုက်ပျိုးသီးနှံလည်း ထိခိုက်တာပဲ။ ဒီမှုက ဆက်လက်ပြီး တက်နေတုန်းပဲ။ လောလောဆယ်မှာ မြန်မာနိုင်ငံမှာ အပူချိန်မြင့်တယ်လို့ ပြောနိုင်တဲ့ ဒေသတွေရှိတယ်။ အဲဒါ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ခြမ်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်တောင်ပိုင်း၊ ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း အဲဒီဒေသတွေအားလုံးဟာ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ရဲ့ အထက်မှာ ရှိတယ်။ အဲဒါကြောင့် ပူတယ်လို့ ပြောလို့ရတယ်။ တစ်လောကဆိုရင် မြန်မာနိုင်ငံအောက်ပိုင်း မကွေးတိုင်းထဲကို သွားတော့ အပူချိန်က ၄၄ အထိရှိတယ်။ အပူချိန်မြင့်မားတဲ့အခါမှာ ဖြစ်တတ်တာက အပူဒဏ်ကြောင့် (heat stock) ဖြစ်ပါတယ်။ (heat stock)ဖြစ်တော့ အသက်ဆုံးရှုံးမှုတွေ ရှိပါတယ်။ ဒီလိုအယ်နီညိုဖြစ်တဲ့ ပြီးခဲ့တဲ့၂၀၁၀ ခုနှစ်တုန်းကလည်း အလွန်ပူပြင်းတဲ့ နွေရာသီဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ heat stock အများဆုံးဖြစ်တယ်။ မန္တလေးတိုင်းဒေသကြီးမှာ လူတစ်ရာကျော်အထိ သေဖူးတယ်။ အခုတော့ ဆယ်ဂဏန်းလောက်ပဲရှိသေးတယ်။ ဒါပေမယ့် နွေရာသီမပြီးသေးဘူး။ ကျန်သေးတယ်။ ဧပြီလကျန်သေးတယ်။ မေလ ပထမပတ်လောက်အထိ ပူဦးမှာဆိုတော့ နည်းနည်းတော့ ဆက်ပြီးသတိထားဖို့လိုမယ် အဲဒါ နံပါတ်တစ်ပါ။

နံပါတ်နှစ်က ရေရှားတာပါ။ အဲတော့ မြန်မာပြည်က ရေရှားနေတာနှစ်တော့ နည်းနည်းကြာပြီ။ အနည်းဆုံး ၂၀၀၆ ခုနှစ်လောက်ကတည်းက ဖြစ်နေတာဆိုတော့ ၁၀ နှစ်လောက်ရှိသွားပြီ။ ဒါပေမယ့် ဒီနှစ်ရေရှားတာက ပုံမှန်နှစ်တွေ ရေရှားတာနဲ့ ယှဉ်ကြည့်လိုက်ရင် ထူးခြားနေတာ နှစ်ချက်ရှိတယ်။ ပထမအချက်က အရင်တုန်းက ရေရှားတယ်ဆိုတာနွေရာသီရောက်မှပဲ ရေရှားတာ။ အခုဟာက ဆောင်းရာသီ ဇန်နဝါရီလကတည်းက ရေရှားတာကို စတွေ့ရတဲ့အတွက် ခါတိုင်းနှစ်တွေနဲ့စာရင် ဒီနှစ်က ပိုစောနေတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်နဲ့ စာလိုက်ရင် ရေရှားတဲ့ဒေသက သုံးဆလောက် ပိုများလာတယ်။ အခုဆိုရင် ကျေးရွာပေါင်း နှစ်ထောင်လောက် ရေပြဿနာနဲ့ ကြုံတွေ့နေရတယ်။ ရေကတဖြည်းဖြည်းနဲ့ ပိုဆိုးတယ်။ နောက်တစ်ချက်က ရေမရှိလို့ အဝီစိတွင်းတွေတူးတဲ့အခါမှာလည်း ရေမထွက်တော့ဘူး။ သာဓကပြရရင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းအဲဒီမှာ အဝီစိတွင်းတွေတူးတာ ပေ ၈၀၀ လောက်အထိ ရေမထွက်ဘူး။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ရေသယံဇာတတွေကြည့်တဲ့အခါမှာ ရေသယံဇာတက ကမ္ဘာပေါ်မှာ သုံးမျိုးပဲရှိတယ်။ ရေခဲမြစ်ဆိုတာရှိတယ်။ မြန်မာနိုင်ငံရဲ့မြောက်ဘက်က ဟိမဝန္တာတောင်ရှိတယ်။

ဟိမဝန္တာတောင်ခြေမှာ ရေခဲမြစ်တွေရှိတယ်။ ရေခဲမြစ်တွေက နွေရာသီရောက်ရင် အရည်ပျော်ပါတယ်။ အဲဒီတော့ အရည်ပျော်ပြီးတော့ ရေတွေစီးဆင်းလာတဲ့အခါမှာ အာရှတိုက်မှာ မြစ်ကြီးခုနစ်စင်းတောင်ဖြစ်တယ်။ ခုနစ်စင်းထဲမှာ မြန်မာနိုင်ငံရဲ့ အဓိကမြစ်ဧရာဝတီပါတယ်။ ဧရာဝတီရဲ့ ရေသယံဇာတဟာ ရေခဲမြစ်ကနေလာတယ်။ အဲဒီတော့ ဟိမဝန္တာတောင်ခြေမှာ ရေခဲမြစ်က သုံးပိုင်းပိုင်းနိုင်တယ်။ တစ်ပိုင်းက ဟိုးအနောက်ဘက် အိန္ဒိယ၊ ပါကစ္စတန်မှာရှိပါတယ်။ အလယ်က နီပေါ။ အရှေ့ဘက်က တရုတ်။ ဒီလိုရှိတဲ့အခါမှာ အိန္ဒိယနဲ့ ပါကစ္စတန်မှာရှိတဲ့ ရေခဲမြစ်က သုံးသောင်းလောက်ရှိတယ်။ နီပေါက သုံးထောင်လောက်ရှိတယ်။ တရုတ်က ငါးသောင်းလောက်ရှိတယ်။ ဒီကမ္ဘာကြီးပူနွေးမှုဖြစ်တဲ့ ၁၉၈၀ ခုနှစ်က စပြီးတော့ လက်ရှိအချိန်အထိ တစ်နေ့ထက်တစ်နေ့ ပိုမိုပူပြင်းလာတဲ့အတွက်ကြောင့် ရေခဲမြစ်တွေက နီပေါမှာရှိတဲ့ရေခဲမြစ်၊ တရုတ်မှာရှိတဲ့ ရေခဲမြစ်တွေက မရှိတော့ဘူး။ အရည်ပျော်ကုန်ပြီ။ အခုကျန်တာ အိန္ဒိယနဲ့ ပါကစ္စတန်ပဲကျန်တယ်။ မြန်မာနိုင်ငံရဲ့ရေပင်ရင်းတစ်ခုဖြစ်တဲ့ ရေခဲမြစ်က အခုယုတ်လျော့သွားပါပြီ။ ရေရရန်အကြောင်းက ယုတ်လျော့သွားပြီ။ နောက်ဒုတိယရေအရင်းအမြစ်က မိုးရေ၊ မိုးရေကလည်း မြန်မာပြည်မှာလျော့နေတယ်။ ၁၉၇၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံရဲ့ရာသီဥတုက မုတ်သုံဝင်တာ နောက်ကျတယ်။ ထွက်တာစောတယ်။ မိုးကာလက အရင်နှစ်ထက်စာရင် ရက်လေးဆယ်လောက်လျော့သွားပြီ။ အဲဒီတော့ မုတ်သုံကာလရွာတဲ့ မိုးက ၃၀ ရာခိုင်နှုန်းလောက်လျော့နေတယ်။ နောက် မြေအောက်ရေကျတော့လည်း မြန်မာနိုင်ငံရဲ့ အပူချိန်ဟာ တစ်နှစ်ထက်တစ်နှစ် တိုးပြီးတော့ ပူနေတယ်။ အဲဒီလိုပူနေတဲ့အတွက် လက်ရှိအချိန်မှာ မြန်မာနိုင်ငံက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်အတွင်းမှာ အပူချိန်က ဒသမရှစ်ဒီဂရီစင်တီဂရိတ်လောက်တက်လာတယ်။ နောက်လာမယ့် နှစ်ဆယ့်တစ်ရာစု အကုန်ဆိုတော့ ခရစ်နှစ် ၂၁၀၀ ပါ။ မြန်မာနိုင်ငံရဲ့အပူချိန်က လက်ရှိရဲ့ ငါးဒီဂရီစင်တီဂရိတ်လောက် တက်မယ်လို့လည်း မှန်းထားပါတယ်။ မှန်းထားတဲ့အခါကျတော့ အရပ်ဒေသတစ်ခုက အပူချိန်က ပုံမှန် သုံးဒီဂရီစင်တီဂရိတ်ထက်ကျော်သွားရင် မြေအောက်ရေက ဆုတ်သွားတယ်။ အဲဒီတော့ ဆရာတို့က ငါးအထိတက်မယ်ဆိုတော့ မြေအောက်ရေကလည်း ဆုတ်တာပေါ့။ နောက်မြန်မာပြည်မှာ မြေအောက်ရေဆုတ်တဲ့ အကြောင်းတစ်ခုက သစ်တော ပြုန်းတီးတာ။ မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးတဲ့အဆင့်က ကမ္ဘာမှာ တတိယအဆိုးဆုံးအဆင့်မှာ ရောက်သွားတယ်။ ဒီနှစ်မှာဖြစ်သွားတာပါ။ ၂၀၁၅ ခုနှစ်မှာ ဖြစ်သွားတယ်။ သစ်တောကပြုန်းတော့ မြေအောက်ရေက မထိန်းနိုင်ဘူး။ နောက် အပူချိန်က မြင့်တက်တာရယ်၊ သစ်တောပြုန်းတာရယ် ဒီနှစ်ချက်ကြောင့် မြေအောက်ရေကလည်း ဆုတ်သွားပြီဆိုတော့ ရေရရာရကြောင်း အရင်းအမြစ်သုံးခုပါ။ ရေခဲမြစ်ကလည်း မရှိတော့ဘူး။ မိုးရေကလည်း လျော့နေတယ်။ မြေအောက်ရေကလည်း ဆုတ်တယ်ဆိုတော့ ရေကမြန်မာနိုင်ငံရဲ့ပြဿနာတစ်ရပ်ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတာလည်း ၁၀ နှစ်လောက်ရှိပြီ။ အဲဒီအထဲမှာမှ ဒီနှစ်က အယ်နီညိုဖြစ်တဲ့အတွက် ခါတိုင်းရှားတာထက် ဒီနှစ်က ပိုပြီးတော့ဆိုးသွားတယ်။ ဆိုးသွားတဲ့အတွက် အဝီစိတွင်းတူးတဲ့နေရာ၊ ရေမရတဲ့နေရာတွေရှိသလို သာပေါင်းမှာပဲ မြစ်နဲ့မနီးတဲ့အချို့ ရွာတွေမှာ ရေရှားတဲ့အတွက်ကြောင့် လယ်ကွင်းထဲက ရေကို ခပ်သောက်ရတယ်ဆိုတဲ့အဆင့်အထိ ရှိတယ်။ အခုလည်း မိတ္ထီလာဘက်က ရွာတစ်ရွာမှာ ရေကတစ်ရက်စာပဲကျန်တော့တယ်။ မနက်ဖြန်အတွက်ဆိုရင် ရေမရှိတော့ဘူး။ အကူအညီပေးပါဆိုတဲ့ ကယ်ပါ၊ ယူပါပေါ့။ အဲ့ဒီလိုဖြစ်တဲ့ဒေသတွေ တစ်နေ့စာတစ်နေ့ သောက်ရမယ့်ရေလေးတောင် မရှိတဲ့အနေအထားမျိုးဖြစ်နေတယ်။ နောက်တစ်ဖက် ပြန်ကြည့်တော့ မိုးကလျော့သလို အပူကလည်း တဖြည်းဖြည်း တိုးနေတာပါ။

(ဆက်လက်ဖော်ပြပါမည်)



**✻ လူမှုစောင့်ရှောက်ရေးမှ**

အဆိုပါလူမှုစောင့်ရှောက်ရေးဂေဟာကို ၂၀၀၆- ၂၀၀၇ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပူးပေါင်းပြီးဖွင့်လှစ်ထားကြောင်း၊ အရင်းမပျောက်မတည်ငွေကျပ် သိန်း ၁၀၀၀ မှရရှိသော ဘဏ်တိုးငွေဖြင့် ရပ်တည်နေသည့်အပြင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ရပ်တည်နေသည့် ဂေဟာဖြစ်ကြောင်း ဂေဟာမှူး ဦးအောင်ငွေထံမှ သိရသည်။

"တစ်နေ့ လူ ၈၀ စာကို ငွေကျပ် ၁၂၀၀၀ နဲ့ ကျွေးမွေးဖို့ဆိုတာမလွယ်ဘူး။ ကျန်းမာရေး၊ သန့်ရှင်းရေးနဲ့ အခြားလူမှုစောင့်ရှောက်ရေးတွေရဖို့အတွက် ရေရှည်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကပဲဖြစ်ဖြစ်၊ ဝန်ကြီးဌာနတစ်ခုကပဲဖြစ်ဖြစ် သတ်သတ်မှတ်မှတ် စနစ်တကျလေး တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်သွားစေချင်တယ်"ဟု ကိုချမ်းမြေ့က ပြောသည်။

အဆိုပါ ဂေဟာတွင် အသက်(၁၀) နှစ်မှ (၉၀) ကြား အမျိုးသား အမျိုးသမီး လစဉ် လူဦးရေ ၈၀ မှ ၉၀ ကြား ထိန်းသိမ်းထားကြောင်းနှင့် လက်ရှိတွင် လူဦးရေ ၈၈ ဦးခန့် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ဂေဟာမှူးထံမှ သိရသည်။

## နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ ရေသွားရောက်လှူဒါန်း

**ချောင်းဆုံ ဧပြီ ၂**

ချောင်းဆုံမြို့နယ်တွင် နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်လာသည့်အတွက် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ သွားရောက်ပေးဝေလျက်ရှိသည်။

မတ် ၂၈ ရက်တွင် တော်ပွန်ကျေးရွာအုပ်စု တော်ပွန်ကျေးရွာနှင့် တော်ကမာကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့ပြီး နွေရာသီကာလတစ်လျှောက်လုံးတွင်လည်း သောက်သုံးရေများ လိုအပ်သည့်ကျေးရွာများသို့ သွားရောက်လှူဒါန်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **မောင်သိန်း(ကျေးလက်)**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

"အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံ ထပ်မံစမ်းသပ်ပစ်လွှတ်တာကို လက်တွဲဟန့်တားသွားမယ်"လို့ အမေရိကန်သမ္မတ အိုဘားမားက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အိုဘားမားနဲ့ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်တို့ဟာ ဝါရှင်တန်မှာကျင်းပနေတဲ့ ကမ္ဘာ့ထိပ်သီး နျူကလီးယားအစည်းအဝေး တက်ရင်း နှစ်ဦး သီးခြားဆွေးနွေးခဲ့တာပါ။ ဒါပေမယ့် သမ္မတ အိုဘားမား ဒီလိုပြောဆိုပြီးလို့ နာရီပိုင်းအကြာမှာပဲ တောင်ကိုရီးယား သတင်းဌာန ယွန်ဟပ်ရဲ့ ထုတ်ပြန်ချက်အရ မြောက်ကိုရီးယားက ဒုံးကျည်တစ်စင်းကို ကိုရီးယားကျွန်းဆွယ်အရှေ့ပိုင်းပင်လယ်ပြင်မှာ ပစ်လွှတ်ခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ ဒီလုပ်ရပ်ဟာ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေကို မခန့်လေးစား မထီမဲ့မြင်လုပ်လိုက်တာပါပဲ။ ပြောရရင် မြောက်ကိုရီးယားနိုင်ငံက မဝေးလှတဲ့ကာလအတွင်း ဒီလိုမထီမဲ့မြင်လုပ်ရပ်တွေကို ဆက်တိုက်ဆိုသလို ဆောင်ရွက်နေခဲ့တာပါ။ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၆ ရက်က စတုတ္ထမြောက် နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲခဲ့သလို ဖေဖော်ဝါရီ ၇ ရက်ကလည်း ဂြိုဟ်တုတစ်လုံး လွှတ်တင်ခဲ့ပါတယ်။ ဒီလုပ်ရပ်နှစ်ခုစလုံးဟာ ကမ္ဘာ့ကုလသမဂ္ဂကချမှတ်ထားတဲ့ တားမြစ်ထားတာတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာပါပဲ။

မြောက်ကိုရီးယားနိုင်ငံက ဆောင်ရွက်ခဲ့တဲ့ နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲမှုတွေကို ပြန်ကြည့်ရအောင်ပါ။ ၂၀၀၆ ခုနှစ် အောက်တိုဘာလမှာ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ် မေလမှာ ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ မှာ တတိယအကြိမ် ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ နျူကလီးယားဗုံး စမ်းသပ်ခွဲခွဲမှုတွေနဲ့ အတူ ယှဉ်တွဲတွေ့ရတဲ့ ကမ္ဘာမြေကြီး တုန်ခါမှုပြင်းအားကို လေ့လာကြည့်တဲ့အခါ တဖြည်းဖြည်းတိုးလာတဲ့အတွက် မြောက်ကိုရီးယား နိုင်ငံရဲ့ နျူကလီးယားဗုံးစွမ်းရည်ဟာ တိုးတက်လာပုံရပါတယ်။ ပထမအကြိမ် နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲခဲ့စဉ်က ကမ္ဘာမြေကြီး တုန်ခါမှုပြင်းအားက ၄ ဒသမ ၃ ပဲရှိခဲ့ပေမယ့် တတိယအကြိမ်နဲ့ စတုတ္ထအကြိမ်တွေမှာတော့ ၅ ဒသမ ၁ အထိ တက်လာခဲ့ပါတယ်။ ပြောရရင် စတုတ္ထအကြိမ်မြောက် နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲမှုဟာ ဟိုက်ဒရိုဂျင်ဗုံးလို့ ကြွေးကြော်ခဲ့တာပါ။ ဟိုက်ဒရိုဂျင်ဗုံးဟာ အဏုမြူဗုံးထက် ပိုပြင်းထန်ပါတယ်။ ဟိုက်ဒရိုဂျင်ဗုံးရော၊ အဏုမြူဗုံးပါ နျူကလီးယားအဖျက်စွမ်းအားကို ဖန်တီးတာချင်းတူပေမယ့် ယေဘုယျသဘောပြောရရင် အဏုမြူဗုံးက အက်တမ်တွေကိုခွဲထုတ်တာကနေ ဖန်တီးယူတာဖြစ်ပြီး ဟိုက်ဒရိုဂျင်ဗုံးကတော့ အက်တမ်တွေကို ပေါင်းစည်းတာကနေ ဖန်တီးရယူတာပါ။ ကျွမ်းကျင်သူပညာရှင်တွေရဲ့ ရှင်းလင်းချက်တွေအရ ဟိုက်ဒရိုဂျင်ဗုံးသာ အမှန်ဖြစ်ခဲ့ရင် ပေါက်ကွဲမှုစွမ်းပကားက ၁၀၀ ကီလိုတန်နီးပါးရှိရမှာဖြစ်ပြီး ကမ္ဘာမြေကြီးတုန်ခါမှုပြင်းအားကလည်း ခုနစ်နီးပါးရှိရမှာပါ။ ဇန်နဝါရီ ၆ ရက် မြောက်ကိုရီးယားရဲ့ နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲမှုကို ဒီနှစ်ချက်နဲ့တိုင်းတာကြည့်တဲ့အခါ ဟိုက်ဒရိုဂျင်ဗုံးမှာ ရှိရမယ့်



အမေရိကန်သမ္မတ အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေးအပြီး သီးခြားတွေ့ဆုံစဉ်။

ပြင်းအားမျိုးမရှိခဲ့တာကို တွေ့ရပါတယ်။ ရရှိခဲ့တဲ့ အချက်အလက်တွေအရ ဇန်နဝါရီ ၆ ရက် နျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှု ပြင်းအားဟာ ၁၀ ကီလိုတန်ပဲရှိလို့ ဟိုက်ဒရိုဂျင်ဗုံးမှာရှိရမယ့် ပုံမှန်ပြင်းအားထက်အများကြီးနည်းနေပါတယ်။ ဒါကြောင့် ကျွမ်းကျင်သူပညာရှင်တွေကတော့ မြောက်ကိုရီးယားရဲ့ ဇန်နဝါရီ ၆ ရက် နျူကလီးယားဗုံး စမ်းသပ်ဖောက်ခွဲမှုကို ဟိုက်ဒရိုဂျင်ဗုံးလို့ မယူဆကြပါဘူး။

ဖေဖော်ဝါရီ ၇ ရက် ဂြိုဟ်တုပစ်လွှတ်မှုကို နျူကလီးယားဗုံး ထိပ်ဖူးသယ်နိုင်စွမ်းအား စမ်းသပ်တာလို့ ရှုမြင်ကြပါတယ်။ ရရှိထားတဲ့ အချက်အလက်တွေအရ ဖေဖော်ဝါရီ ၇ ရက်က ဂြိုဟ်တုပစ်လွှတ်လိုက်တဲ့ ဒုံးပျံဟာ အလေးချိန် ကီလိုဂရမ် ၅၀၀ (ပေါင် ၁၁၀၀ )ကို သယ်ဆောင်နိုင်ပြီး အကွာအဝေး ကီလိုမီတာ ၁၃၀၀၀ (မိုင် ၈၀၀၀) လောက် ရောက်အောင် သွားနိုင်ပါတယ်။ တာဝေးပစ် နျူကလီးယား ထိပ်ဖူးတပ် ဒုံးပျံတွေဟာ အနည်းဆုံး ကီလိုမီတာ ၅၅၀၀ အထက် ပစ်လွှတ်နိုင်ရမှာဖြစ်လို့ ဖေဖော်ဝါရီ ၇ ရက်က ဂြိုဟ်တုပစ်လွှတ်ခဲ့တဲ့ ဒုံးပျံဟာ ကီလိုမီတာ ၁၃၀၀၀ ပစ်လွှတ်နိုင်လို့ တာဝေးပစ်ဒုံးပျံလို့ ပြောနိုင်ပါတယ်။ ကီလိုမီတာ ၁၃၀၀၀ ပစ်လွှတ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်က အမေရိကန် နိုင်ငံရဲ့ ဘယ်ဒေသကိုမဆို ပစ်ခတ်နိုင်စွမ်းရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ သယ်ယူနိုင်တဲ့ အလေးချိန် ကီလိုဂရမ် ၅၀၀ ဆိုတာကလည်း နျူကလီးယားဟာ ထိပ်ဖူးကို သယ်ယူနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ။ မြောက်ကိုရီးယားနိုင်ငံရဲ့ အဓိကအားနည်းချက်ကတော့ ဖေဖော်ဝါရီ ၇ ရက်က ပစ်လွှတ်လိုက်တဲ့ ဒုံးပျံကို အင်မတန်ကြီးမားတဲ့ ဒုံးပျံပစ်စင် (Launch Pad) ကို နေရာတစ်နေရာမှာ ရက်အတော်များများ အချိန်ယူပြီး အသေတည်ဆောက်ထားရတာပါ။ ဒီလိုကြီးမားတဲ့ ဒုံးပျံပစ်စင်မျိုးကို အချိန်မီ ထောက်လှမ်းဖျက်ဆီးဖို့က အတော်ကြီးကို လွယ်ကူပါတယ်။ မြောက်ကိုရီးယားနိုင်ငံဟာ ရွှေ့လျားပစ်စင်ကနေ ပစ်လွှတ်နိုင်တဲ့ တာဝေးပစ်ဒုံးပျံ (ICBM) ကို လုပ်ဆောင်နိုင်ဖို့ ကြိုးပမ်းနေပေမယ့် အခုအချိန်ထိ စမ်းသပ်နိုင်တဲ့ အဆင့်မရောက်သေးပါဘူး။ နောက်အားနည်းချက်တစ်ခုကတော့ တာဝေးပစ်ဒုံးပျံ (ICBM)တွေအတွက် နျူကလီးယားထိပ်ဖူးတွေ သယ်ဆောင်ကာကွယ်နိုင်တဲ့ အစိတ်အပိုင်း (re-entry vehicles) တွေ စမ်းသပ်ထုတ်လုပ်နိုင်တဲ့အဆင့်ကို မြောက်ကိုရီးယားနိုင်ငံက မရောက်သေးပါဘူး။ ဒါကြောင့် လက်တွေ့ကျကျပြောရရင် မြောက်ကိုရီးယားနိုင်ငံဟာ စစ်မြေပြင်မှာ လက်တွေ့အသုံးချနိုင်တဲ့ နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးပျံတွေကို မပိုင်ဆိုင်သေးပါဘူး။

ဒါဆိုရင် မြောက်ကိုရီးယားနိုင်ငံက ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေကို ဘာလို့ မထီမဲ့မြင်လုပ်နေရတာလဲလို့ မေးစရာရှိပါတယ်။ အကြောင်းရင်းကို တိတိကျကျပြောနိုင်ဖို့ မလွယ်ပါဘူး။ အများစု သဘောတူလက်ခံတဲ့ အကြောင်းရင်းနှစ်ချက် ရှိပါတယ်။ ပထမတစ်ချက်ကတော့ မြောက်ကိုရီးယားနိုင်ငံဟာ သူ့ရဲ့ အဓိက မဟာမိတ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက သူ့နိုင်ငံအပေါ် တူတူတန်တန်ဆက်ဆံပြီး အရေးတယူ ဆွေးနွေးညှိနှိုင်းလာအောင် ကြိုးပမ်းတာလို့ ယူဆကြပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း တရုတ်နိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံနဲ့ ထိပ်သီးအစည်းအဝေး (၆)ကြိမ် ကျင်းပခဲ့ပေမယ့် မြောက်ကိုရီးယားနိုင်ငံနဲ့တော့ တစ်ကြိမ်မှ မလုပ်ခဲ့ပါဘူး။ လက်ရှိ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဟာ တရုတ်နိုင်ငံကို တစ်ခါမှ မသွားရသေးပါဘူး။ ကင်ဂျုံအန်ဟာ ၂၀၁၂ ခုနှစ် ဧပြီလကတည်းက နိုင်ငံအာဏာကို လွှဲပြောင်းရယူခဲ့တာပါ။ ဒီအချက်ကိုကြည့်ရင် မြောက်ကိုရီးယားနိုင်ငံနဲ့ သူ့ရဲ့ အဓိကမဟာမိတ် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေး ယိုယွင်းနေတာကတော့ ပေါ်လွင်ပါတယ်။ နောက်တစ်ချက်ကတော့ ကင်ဂျုံအန်ဟာ မေလမှာ ကျင်းပမယ့် မြောက်ကိုရီးယားကွန်မြူနစ်ပါတီ သတ္တမအကြိမ်မြောက် ပါတီညီလာခံမှာ မြောက်ကိုရီးယားနိုင်ငံရဲ့ အကြွင်းမဲ့မဟာခေါင်းဆောင်ကြီးအဖြစ် ပေါ်ထွက်လာနိုင်ဖို့ တင်းတင်းမာမာပြတ်ပြတ်သားသား စွမ်းဆောင်နိုင်စွမ်း ရှိတယ်ဆိုတာကို ပုံဖော်ဖို့ ကြိုးပမ်းနေတာပါ။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူတဲ့ ဆုံးဖြတ်ချက်အမှတ် (၂၂၇၀) ကို ၂၀၁၆ ခုနှစ် မတ် ၂ ရက်က ချမှတ်ရာမှာ တရုတ်နိုင်ငံက အမေရိကန်နိုင်ငံနဲ့ လက်တွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်အရ မြောက်ကိုရီးယားနိုင်ငံက ထွက်ခွာလာတဲ့ ကုန်ပစ္စည်းသယ်လေယာဉ်တွေနဲ့ သင်္ဘောတွေအားလုံးကို စစ်ဆေးမှာဖြစ်ပါတယ်။ ကျောက်မီးသွေးအပါအဝင် မြောက်ကိုရီးယားနိုင်ငံက ထွက်ရှိတဲ့ သဘာဝသယံဇာတအားလုံး ပြည်ပကို တင်ပို့ခွင့်မရှိတော့ပါဘူး။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ မြောက်ကိုရီးယားနိုင်ငံကို လေယာဉ်ဆီနဲ့ လက်နက်တွေ ရောင်းချခွင့်မရှိတော့ပါဘူး။ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် အခုလိုအရေးယူဆောင်ရွက်ရာမှာ ပူးပေါင်းပါဝင်ခဲ့ပေမယ့် အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံတွေကတော့ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် သူ့ဖိအားပေးနိုင်သလောက်မပေးဘူးလို့ သတ်မှတ်ထားတာပါ။ ၁၉၉၃ ခုနှစ်က အနေအထားကို ကြည့်ရင် ကိုပဲ တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံ လောင်စာလိုအပ်ချက်ရဲ့ ၇၇ ရာခိုင်နှုန်းနဲ့ စားနပ်ရိက္ခာလိုအပ်ချက်ရဲ့ ၆၈ ရာခိုင်နှုန်းကို တင်ပို့ပေးနေလို့ မြောက်ကိုရီးယားနိုင်ငံအပေါ် ယခုထက်ပိုဖိအားပေးနိုင်စွမ်းရှိတာကတော့ သေချာပါတယ်။ တရုတ်နိုင်ငံက ပိတ်ဆို့အရေးယူမှုတွေကြောင့် မြောက်ကိုရီးယားနိုင်ငံပြိုလဲသွားပြီး မြောက်-တောင်ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းပြီး တစ်ခုတည်းသော ကိုရီးယားနိုင်ငံဖြစ်သွားမှာကို စိုးရိမ်နေတယ်လို့ ကျွမ်းကျင်သူတွေက ယူဆကြပါတယ်။ ဒီတစ်ခုတည်းသော ကိုရီးယားနိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့ မဟာမိတ်နိုင်ငံအဖြစ်ရပ်တည်မှာကတော့ မြေကြီးလက်ခတ်မလွဲပါပဲ။ အမေရိကန်ရဲ့ မဟာမိတ်တစ်ခုတည်းသော ကိုရီးယားနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေမှာပါ။ ဒီအနေအထားဟာ တရုတ်နိုင်ငံအဖို့ မဟာဗျူဟာ အခင်းအကျင်းအရ လုံးဝလက်မခံနိုင်တဲ့ အနေအထားမဟုတ်ပါဘူး။ နိုင်ငံတကာရေးရာကျွမ်းကျင်သူတွေကတော့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ပူးပေါင်းပါဝင်မှုဟာ သူ့ရဲ့ မဟာဗျူဟာအခင်းအကျင်းကို ပြောင်းလဲပြင်ဆင်တာမျိုးမဟုတ်ဘဲ ဒီမဟာဗျူဟာဘောင်အတွင်းကနေ သူ့နိုင်ငံရဲ့ပုံရိပ်ကောင်းမွန်လာအောင်ကြိုးပမ်းတာလို့ ယူဆကြပါတယ်။ ကင်ဂျုံအန်ရဲ့ မီးနဲ့ကစားနေတဲ့ လုပ်ရပ်ဟာ မြောက်ကိုရီးယားနိုင်ငံအတွက် ကံကြမ္မာကောင်းကို ဆောင်ကြဉ်းမပေးနိုင်ဘူးဆိုတာကတော့ သေချာပါတယ်။

**မြောက်ကိုရီးယားနိုင်ငံဟာ သူ့ရဲ့ အဓိက မဟာမိတ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက သူ့နိုင်ငံအပေါ် တူတူတန်တန်ဆက်ဆံပြီး အရေးတယူ ဆွေးနွေးညှိနှိုင်းလာအောင် ကြိုးပမ်းတာလို့ ယူဆကြပါတယ်။**

# နောက်ဆုံးအကြိမ် နျူကလီးယားလုံခြုံရေးထိပ်သီးစည်းဝေးပွဲ အောင်မြင်စွာပြီးဆုံး

**ဝါရှင်တန် ဧပြီ ၂**
အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တွင် နှစ်ရက်ကြာကျင်းပခဲ့သော နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေးတွင် အကြမ်းဖက်သမားများလက်သို့ နျူကလီးယားလက်နက်နှင့် ဆက်စပ်ပစ္စည်းများ မရောက်ရှိစေရေး ကမ္ဘာ့နိုင်ငံများက အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တရားဝင်သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းများအရ သိရသည်။




အစည်းအဝေးသို့ အမေရိကန်သမ္မတ ဘာရက်အိုဘားမား၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အပါအဝင် နိုင်ငံပေါင်း ၅၀ မှ ခေါင်းဆောင်ကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အိုင်အက်စ် စစ်သွေးကြွအဖွဲ့ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများ လက်သို့ နျူကလီးယားလက်နက်နှင့်ဆက်စပ်ပစ္စည်းများ ရောင်းချရန် ကြိုးစားနေသည့် အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ချက်ချင်းရပ်တန့်ပစ်ရန် နိုင်ငံ့ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

နျူကလီးယားလက်နက်များအသုံးပြုသည့် မည်သည့်အကြမ်းဖက်လုပ်ရပ်မဆို တားဆီးနိုင်ရေး ကမ္ဘာ့နိုင်ငံအချင်းချင်း သတင်းများဖြန့်ဝေပေးရန်နှင့် ပူးပေါင်းလုပ်ဆောင်ကြရန် အစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

ကမ္ဘာ့နိုင်ငံများက နျူကလီးယားလုံခြုံရေးနှင့်ပတ်သက်ပြီး ပထမဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဖြစ် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ယခုကျင်းပသည့် အစည်းအဝေးသည် နောက်ဆုံးအကြိမ်ဖြစ်သော်လည်း ယခင်အစည်းအဝေးများတွင် ချမှတ်ခဲ့သည့် အကောင်အထည်ဖော်ဆောင်ခဲ့ပြီးသော လုပ်ဆောင်ချက်များကို နောင်အနာဂတ်လုပ်ငန်းစဉ်များအတွက် နည်းပေးလမ်းညွှန်အဖြစ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးကို ၂၀၁၀ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး သမ္မတအိုဘားမား၏ ဦးဆောင်မှုဖြင့် နှစ်နှစ်တစ်ကြိမ် ဆက်လက်ကျင်းပခဲ့ရာ ယခုအကြိမ်သည် လေးကြိမ်မြောက်နောက်ဆုံးအကြိမ်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဗီယက်နမ် ပြည်သူ့လုံခြုံရေးဝန်ကြီးအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်

**ဟန္နွိုင်း ဧပြီ ၂**
ဗီယက်နမ်အမျိုးသားလွှတ်တော်(အင်န်အေ)က ထရန်ဒိုင်ကွမ်းအား နိုင်ငံတော်သမ္မတအဖြစ် စနေနေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ထရန်ဒိုင်ကွမ်းသည် (၁၃) ကြိမ်မြောက် ပါလီမန်လွှတ်တော်အစည်းအဝေး၌ မဲပေးခွင့် ရှိသူ ၄၈၁ မဲအနက် ၄၅၂ မဲဖြင့် အနိုင်ရရှိကာ နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ထရန်ဒိုင်ကွမ်းသည် ၂၀၁၁ ခုနှစ်မှ စတင်ပြီး ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် (၁၂) ကြိမ်မြောက် ဗီယက်နမ် ဗဟိုကွန်မြူနစ်ပါတီ (စီပီဗွီစီစီ)အဖွဲ့ဝင်ဖြစ်ပြီး ၁၂ ကြိမ်မြောက် စီပီဗွီစီစီ ပေါလစ်ဗျူရို အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

အသက် (၅၉) နှစ်အရွယ်ရှိ မစ္စတာကွမ်းသည် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ရဲချုပ်အဖြစ်ဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။

မစ္စတာကွမ်းက မေလတွင် ဗီယက်နမ်သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်မည့် အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံဖွယ်ရှိကြောင်း သိရသည်။ **ဆင်ဟွာ။**





# နီပေါနိုင်ငံသည် ငလျင်ထောက်ပံ့ငွေများရရှိသော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှောင့်နှေးလျက်ရှိ

**ခတ္တမန္ဒူ ဧပြီ ၂**
၂၀၁၅ ခုနှစ်က နီပေါနိုင်ငံတွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများ၏ ထောက်ပံ့မှုများ ရရှိထားသော်လည်း ယင်းထောက်ပံ့ငွေများကို နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ယခုထိတိုင် အသုံးမပြုရသေးကြောင်း ပြန်လည်ထူထောင်ရေးအဖွဲ့ တာဝန်ခံထိပ်တန်းအရာရှိတစ်ဦးက ဆိုသည်။

နီပေါအစိုးရအဖွဲ့က ဆူရှီဂျာဝါလီကို ပြန်လည်ထူထောင်ရေး အာဏာပိုင်အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးတာဝန်ခံအရာရှိအဖြစ် လွန်ခဲ့သောနှစ်က ခန့်အပ်ထားခဲ့သည်။

ထောက်ပံ့ငွေ ၄ ဒသမ ၁ ဘီလီယံ၏ ၃၀ ရာခိုင်နှုန်းခန့်ကိုသာ အသုံးပြုရန် လျာထားကြောင်း ဧပြီ၁ ရက်က ခတ္တမန္ဒူမြို့တွင် ပြန်လည်ထူထောင်ရေး အာဏာပိုင်အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးတာဝန်ခံအရာရှိ ဆူရှီဂျာဝါလီက မီဒီယာသို့ ပြောကြားခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် နှောင့်နှေးကြန့်ကြာမှုသည် ပြန်လည်ထူထောင်ရေးအဖွဲ့၏ သတင်းပေးပို့မှု နောက်ကျခြင်းကြောင့်ဖြစ်သည်ဟု ယင်းကမှတ်ချက်ပြုပြောဆိုသည်။

ကနဦးအနေဖြင့် လူနေအိမ်များဆောက်လုပ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၈၀၀ ခန့်ကို လူနေအိမ်အပျက်အစီးများ ပြန်လည်မွမ်းမံခြင်းအတွက် အသုံးပြုမည်ဖြစ်သည်။

အစိုးရရုံးများ၏ အရာရှိအချို့က ထောက်ပံ့ငွေများကို ပြန်လည်ထူထောင်ရေးအာဏာပိုင်အဖွဲ့လက်သို့ လွှဲပြောင်းပေးအပ်ရန် ငြင်းဆန်နေကြကြောင်းသိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာမှုများသည် ပြည်သူများ၏ပိုမိုစိတ်ဝင်စားခြင်းတစ်ခုဖြစ်လာရုံမျှမက ငလျင်လှုပ်ပြီးနောက် တစ်နှစ်အကြာထိတိုင် ထူထောင်ရေးလုပ်ငန်များစတင်ဆောင်ရွက်မှုမရှိသေးခြင်းအတွက် အစိုးရ၏တုံ့ပြန်ချက်အပေါ် ပြည်သူများက မေးခွန်းထုတ်စရာ ဖြစ်လာသည်။

**အင်န်အိတ်ချ်ကေ။**

# လေယာဉ်ပစ်ပဲ့ထိန်းဒုံးကျည်ပုံစံသစ်များ မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်

**ပြုံယမ်း ဧပြီ ၂**
မြောက်ကိုရီးယားနိုင်ငံသည် ပုံစံသစ်လေယာဉ်ပစ် ပဲ့ထိန်းဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဒုံးကျည်များစမ်းသပ်ပစ်ခတ်ခြင်းကို နိုင်ငံ့ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန်က ကြီးကြပ်စောင့်ကြည့်ခဲ့ကြောင်း မြောက်ကိုရီးယားဗဟိုသတင်းဌာန(ကေစီအင်န်အေ)က ဧပြီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ပဲ့ထိန်းဒုံးကျည်သစ်များသည် ရန်သူ့အသွင်ဆောင်ထားသည့်လေထုတွင်းပစ်မှတ်များကို တိကျစွာထိမှန်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက ဖော်ပြသော်လည်း ယင်းပဲ့ထိန်းဒုံးကျည်ပစ်ခတ်စမ်းသပ်သည့် နေရာနှင့်အချိန်တို့ကိုမူ သတင်း၌ ဖော်ပြခြင်းမရှိပေ။

ယင်းဒုံးကျည်စမ်းသပ်အောင်မြင်မှုအပေါ် ကျေနပ်အားရကြောင်းနှင့် ယင်းမှာ မြောက်ကိုရီးယား၏ ကာကွယ်ရေးစွမ်းရည် မြင့်မားလာမှုဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဧပြီ ၁ ရက်က အရှေ့ပင်လယ်အတွင်းသို့ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။ ယင်းဒုံးကျည်ပစ်လွှတ်ခြင်းမတိုင်မီ သုံးရက်ကလည်း အရှေ့မြောက်ပိုင်းဒေသသို့ဦးတည်ကာ မြောက်ကိုရီးယားက ဒုံးကျည်သုံးစင်း ပစ်လွှတ်ခဲ့သေးသည်။ မြောက်ကိုရီးယားနိုင်ငံအပေါ် နိုင်ငံတကာမှ ပိတ်ဆို့ဟန့်တားမှုအသစ်များချမှတ်ခဲ့ပြီး တောင်ကိုရီးယားနှင့် အမေရိကန်တို့ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည့်မကြာသေးမီ ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားက ဒုံးလက်နက်များကို မကြာခဏ ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ **ဆင်ဟွာ။**

# ခုံးကျော်တံတားပြိုကျမှုနှင့်စပ်လျဉ်း၍ လူငါးဦးအား အိန္ဒိယရဲတပ်ဖွဲ့ ဖမ်းဆီး

**နယူးဒေလီ ဧပြီ ၂**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်ဂေါပြည်နယ်တွင် ခုံးကျော်တံတားတစ်စင်းပြိုကျမှုဖြင့် ၎င်းတံတားကို တည်ဆောက်ခဲ့သော ဆောက်လုပ်ရေးကုမ္ပဏီမှ လူငါးဦးအား အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးကာ စစ်ဆေးမှုများပြုလုပ်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မီတာ ၆၀ အရှည်ရှိသည့် ခုံးကျော်တံတားအစိတ်အပိုင်းတစ်ခု မတ် ၃၁ ရက်မွန်းလွဲပိုင်းတွင် ပြိုကျမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၂၅ ဦးထိရှိလာပြီး လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။

ပြည်နယ်မြို့တော် ကိုလ်ကတ္တားမှ လူသွားလူလာများပြားသော ဗီဘီကနန်ဒါလမ်းပေါ်ရှိ ခုံးကျော်တံတားအစိတ်အပိုင်းပြိုကျခြင်းဖြစ်သည်။

ကယ်ဆယ်ရေးသမားများသည် စက်ယန္တရားကြီးများအသုံးပြုကာ တံတားအပြိုအပျက်ကွန်ကရစ်တုံးများနှင့် သံမဏိအကျိုးအပျက်များကြားမှ လူ ၉၀ ကို ကယ်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ခုံးကျော်တံတားပြိုကျရာမှ ထွက်ပေါ်လာသည့် ကွန်ကရစ်တုံးများနှင့်သံမဏိရက်မများကြောင့် တံတားအောက်ရှိ မော်တော်ယာဉ်များနှင့်လန်ချားများ တွန့်လိမ်ကြေမွသွားခဲ့ရသည်။

တံတားအပျက်အစီးများ အောက်တွင် ပိတ်မိနေသည့် လူဦးရေမည်မျှရှိမည်ကိုမူ မသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

■

# အခွန်ထမ်းကြစို့

ဝင်းမျိုးသူ

ပြည်သူက ရွေးချယ်လို့တက်လာမယ့် ပြည်သူ့အစိုးရခေတ်ကို မကြာခင်ရောက်လာပါတော့မယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ အစိုးရက ငါ့ကိုဘာလုပ်ပေးမလဲ မေးနေတာထက် ငါက တာဝန်သိနိုင်ငံသားတစ်ယောက်အနေနဲ့ တစ်နိုင်တစ်ပိုင် ဘာတာဝန်ယူမလဲ၊ ဘာလုပ်ပေးမလဲဆိုတာက ပိုအရေးကြီးပါတယ်။ နှစ်ပေါင်းများစွာ ရွှံ့နွံထဲနစ်နေတဲ့ ကုန်တင်ကားကြီးကို တစ်နေ့တစ်မနက်ထဲ ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရအဖွဲ့ဝင် လက်တစ်ဆုပ်စာနဲ့ လမ်းပေါ်ရောက်အောင် တွန်းတင်လို့ ပန်းတိုင်ရောက်အောင် မောင်းသွားနိုင်မယ်လို့ ယူဆနေရင် မှားပါလိမ့်မယ်။ ဒီမိုကရေစီကို လိုလားကြတဲ့ နိုင်ငံသားတိုင်းက ခိုင်းမှလုပ်တာထက် မိမိအသိစိတ်နဲ့ မိမိနိုင်ရာဝန်ကို အားလုံးက ကူညီကာ ဝိုင်းဝန်းသယ်ပိုးထမ်းဆောင်မှသာ အများပြည်သူမျှော်လင့်တောင့်တတဲ့ ရွှေပြည်သစ်ကို အစောဆုံးလှမ်းတက်နိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် စိတ်တူကိုယ်တူရှိသူတွေအတွက် ခုအချိန်က အချိန်ကောင်းပါ။

**ရက်တစ်ရာ ပျားရည်ဆမ်းခရီး**

အစိုးရသစ်ဟာ ဧပြီ ၁ ရက်က စတင်တာဝန်ယူခဲ့ပါတယ်။ တာဝန်ယူတဲ့နေ့က စလို့ ရက်ပေါင်းတစ်ရာအတွင်း ဘာတွေမြင်သာထင်သာလုပ်ပေးနိုင်မလဲဆိုတာ အစိုးရသစ်အတွက် စောင့်ကြိုနေတဲ့ မေးခွန်းပါ။ နှစ်ပေါင်းများစွာ ယိုယွင်းလာတဲ့ အခြေအနေ ရက်တစ်ရာထဲနဲ့ ကောင်းကျိုးချမ်းသာများအောင် လုပ်ဖို့တောင်းဆိုရင် အစိုးရသစ်ကို မတရားရာ ကျမှာဖြစ်သလို ဖိုးလမင်းဆီက ထမင်းဆီဆမ်း၊ ရွှေလင်ပန်းတောင်းသလို မဖြစ်နိုင်တာ ဖိအားပေးနေသလိုဖြစ်သွားမှာအမှန်ပဲ။ သို့သော်ငြားလည်း ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးခြင်းအားဖြင့်လည်း အစိုးရသစ်ရဲ့ စီမံခန့်ခွဲနိုင်မှုစွမ်းရည်ကို ပြသနိုင်သလို ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှုကို ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့ထောက်ခံမှုဟာ အမျိုးသားရင်ကြားစေ့ရေးအတွက် အင်အားတစ်ရပ်မို့ အစိုးရသစ်ဟာ ချောမွေ့အောင်မြင်တဲ့ ပျားရည်ဆမ်းခရီးကို ဖြတ်သန်းဖို့လိုပါတယ်။

ရက်တစ်ရာအတွင်း မြင်သာထင်သာတဲ့ရလဒ်ရှိအောင် လုပ်ဖို့ဆိုရင် အစိုးရသစ်ဟာ လုပ်နိုင်မယ့်နည်းလမ်း နှစ်ခုပဲရှိမယ်ထင်ပါတယ်။ ပထမအနေနဲ့ ပြည်သူလူထုအပေါ်ကို ဖိစီးနေတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို ဖယ်ရှားပေးတဲ့နည်းဖြစ်ပြီး အကုန်အကျများများမှာမဟုတ်ဘူးလို့ထင်ပါတယ်။ ပြည်သူတွေရဲ့သဘောထားစနည်းနာပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်လို့ရပါတယ်။ ရိုးရှင်းတဲ့ ဥပမာက ရပ်ကွက်အုပ်ချုပ်ရေးရုံးကို မလိုအပ်ဘဲသွား၊ ထောက်ခံစာအမျိုးမျိုးတောင်း၊ လက်ဖက်ရည်ဖိုးပေးနေရတာမျိုးတွေ ရပ်တန့်သွားအောင် အမိန့်ကြော်ငြာစာတားတာမျိုးတွေပေ့ါ။ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ရှိရင်ကို အလိုရှိရာရုံးလုပ်ငန်းလုပ်ကိုင်ဖို့ လုံလောက်နေမယ့်ကိစ္စမျိုးကို ဘာလုပ်လုပ် ရပ်ကွက်ထောက်ခံစာတောင်းဆိုတဲ့ကိစ္စမျိုးဟာ ပြည်သူကို ညှဉ်းပန်းနှိပ်စက်ပြီး လာဘ်ပေးလာဘ်ယူအားပေးပါပဲ။ လုံခြုံရေး၊ အုပ်ချုပ်ရေးအမြင်အကြောင်းပြပြီး ဘာအတွက်မှ တစ်ဆင့်ခံ ကြိုးနီစနစ်မလုပ်သင့်ပါဘူး။ တကယ်တမ်းဖြစ်တော့လည်း ဘာမှအထောက်အကူမဖြစ်ပါဘူး။ ဒီအတိုင်းပဲ ဧည့်စာရင်းစစ်ဆေးမယ်၊ ပွဲမိန့်တောင်းရမယ်၊ အဖွဲ့အစည်းမှတ်ပုံတင်ရှိရမယ် ဆိုတာတွေက အုပ်ချုပ်ရေးက ခြယ်လှယ်တဲ့ လက်ကိုင်တုတ် သက်သက်ပါပဲ။ ဒါတွေကို ပြန်လည်သုံးသပ်ပြီး ဖယ်ရှားပစ်ရပါမယ်။ လိုအပ်လို့ ပုံစံတစ်မျိုးနဲ့ ထားမယ်ဆိုရင်လည်း အုပ်ချုပ်ရေးလက်နက်ကိုင်တုတ်ဖြစ်မသွားအောင် သတိထားပြင်ဆင်ရမယ်။

စီမံခန့်ခွဲမှုနည်းထဲက ဖြစ်နိုင်မယ့် တစ်နည်း စဉ်းစားကြည့်ရင် Mobile Banking ကို အလျင်အမြန်ဖြစ်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ အမှတ်မမှားရင် လိုအပ်တဲ့ infrastructure နဲ့ နည်းပညာအပိုင်းက အသင့်ဖြစ်နေပြီး လုပ်ထုံးလုပ်နည်းတချို့ကြောင့် နှောင့်နှေးနေတယ်လို့သိရလို့ ဒါကို ဆောင်ရွက်ပေးနိုင်ရင် ဒီစနစ်ကြောင့် အောက်ခြေကျေးရွာများထိအောင် အကျိုးများသွားနိုင်ပါတယ်။ အလွယ်တကူငွေလွှဲပေးနိုင်သလို မီးဖိုး၊ ရေဖိုး၊ လျှပ်စစ်ခတွေကို မိုဘိုင်းလ်ကနေ ပေးချေနိုင်မှာပါ။ ကျွဲကူးရေပါ တစ်ဆင့်ခံဝန်ဆောင်မှုလုပ်ငန်းတွေပါ ဖွံ့ဖြိုးမှာမို့ မိသားစုလုပ်ငန်းတွေ၊ အသေးစား၊ အလတ်စားလုပ်ငန်းဖွံ့ဖြိုးရေးကိုပါ အထောက်အကူဖြစ်မယ်လို့ယူဆပါတယ်။ ဒါကို တက်လာမယ့် အစိုးရသစ်ဟာ ကြောင့်ကြစိုက်ဆောင်ရွက်သင့်ပါတယ်။ လက်ရှိအစိုးရက တာဝန်မလွှဲပြောင်းခင် အလျင်စလို ဖွင့်ပွဲလုပ်၊ မိတ်ဆက်သွားရင်လည်း ရက်တစ်ရာအတွင်း မြန်ပြည်တစ်လွှား တတ်နိုင်သမျှပြန့်နှံ့သွားအောင် ပံ့ပိုးဆောင်ရွက်ပေးရမယ့်လုပ်ငန်းတစ်ခုပဲဖြစ်ပါတယ်။

ဘဏ်လုပ်ငန်းနဲ့ဆက်စပ်ပြောရရင် အငှားချဝယ်စနစ် Hire purchase ဟာ စာရေးသူသိသလောက် ခွင့်ပြုချက်မပြုလို့ ဒါမှမဟုတ် ဘဏ်လုပ်ငန်းရှင်တွေ အခက်အခဲရှိလို့ စသဖြင့် မဖွံ့ဖြိုးဘူးဖြစ်နေပါတယ်။ ဒါကိုအဖြေရှာ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရင် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာတွေ၊ နေရောင်ခြည် မီးလင်းရေးနဲ့ ဓာတ်အားသွင်းအိမ်သုံးပစ္စည်းကိရိယာတွေ အောက်ခြေအထိ ပိုမိုလျင်မြန်စွာ ပြန့်နှံ့သွားနိုင်ပါတယ်။ စိတ်ချရတဲ့ အရည်အသွေးပိုင်းဆိုင်ရာ အစိုးရက ထိန်းညှိပေးရတာတွေတော့ရှိမှာပေ့ါ။

ဘဏ်အတိုးနှုန်းတွေလျှော့ချရင် စီးပွားရေးလုပ်ငန်းရှင်တွေ ဝမ်းသာပါလိမ့်မယ်။ စုဆောင်းငွေအပေါ်မှာပေးတဲ့ ဘဏ်တိုးကိုလည်း inflation နဲ့ ညှိပြီးထားရင် လျှော့ချလိုက်ရင် စုဆောင်းငွေတွေကို စုဆောင်းသူတွေက ဘဏ်တွေက ပြန်ထုတ်ကြမှာဖြစ်တယ်။ ငွေတိုက်စာချုပ်ကို အတိုးနှုန်း မက်လုံးပေးရောင်းချပေးရင်တော့ ဘဏ်ငွေစုမယ့်အစား ငွေတိုက်စာချုပ်တွေ ဝယ်မယ့်သဘောရှိပါတယ်။ အစိုးရကတော့ ပြည်သူကို အကြွေးတင်သွားနိုင်ပါတယ်။ သို့သော် လူမှုဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံတွေအတွက် လိုငွေရနိုင်ပါတယ်။ ပို့ကုန်ကြိုတင်ချေးငွေထုတ်ပေးနိုင်ပါက ပြည်တွင်းလုပ်ငန်းရှင်တွေ အဆင်ပြေနိုင်ပါတယ်။ နိုင်ငံခြားငွေသွင်း၊ ငွေထုတ်လုပ်ငန်းတွေဟာ ဒီနေ့ထိကို အဆင်ပြေပြေ လုပ်နိုင်စွမ်းမရှိသေးပါဘူး။ ချည်နှောင်မှု၊ ကြန့်ကြာမှုတွေရှိနေဆဲမို့ ဖြေရှင်းဆောင်ရွက်သင့်ပါတယ်။ Online ငွေပေးချေမှုကျယ်ပြန့်စွာ အသုံးပြုနိုင်ရင်ကောင်းပေမယ့် ရက်တစ်ရာအတွင်းတော့ ဖြစ်လာနိုင်စရာမရှိပါ။ အဓိကက အိပ်နေတဲ့ငွေပုန်းတွေ ကုန်ထုတ်လုပ်မှုလုပ်ငန်းထဲ စီးဆင်းသွားနိုင်အောင် ဆောင်ရွက်နိုင်ကာမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင်ဖန်တီးရေးတို့ကို အထောက်အကူဖြစ်မှာပါ။ သို့သော်ငြားလည်း လက်ရှိ ဗဟိုဘဏ်ရဲ့ Conservative ရှေးရိုးစွဲအမြင်နဲ့ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်မှုတွေကြောင့် ဘဏ်လုပ်ငန်းဟာ ဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘူးဖြစ်နေတယ်လို့ ယူဆပါတယ်။ လက်ရှိ ငွေဖောင်းပွမှုနှုန်းက ခုနစ်ရာခိုင်နှုန်းကျော်နေတာမို့ အထိန်းအကွပ်လျော့ဆောင်ရွက်ပြန်ရင်လည်း ဘဏ်လုပ်ငန်းတည်ငြိမ်မှုပျက်ပြားပြီး ငွေဖောင်းပွမှုနှုန်း ဒီထက်များလာမှာကိုလည်း စိုးရိမ်ရပါတယ်။ ဘဏ်တွေ ပိုပြီးငွေချေးပေးနိုင်ဖို့တွန်းအားပေးဆောင်ရွက်ပေမယ့်လည်း ကုန်ထုတ်လုပ်မှုက ဈေးကွက်မချဲ့ထွင်နိုင်ရင် အကျိုးများမှာမဟုတ်ဘူး။ စီးဆင်းတဲ့ ငွေကြေးတွေဟာ အိမ်ရာဆောက်လုပ်ရေးပဲ ဖြစ်နေရင်တော့ သိပ်ပြီးအကျိုးမများနိုင်ဘူးလို့ ယူဆပါတယ်။

ပို့ကုန်သွင်းကုန်လုပ်ငန်းတွေ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာတွေမှာ ထစ်ငေါ့နေတဲ့ အပိုင်းတွေကိုလည်းလေ့လာပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါတယ်။ ရွှေတင်ပို့ရောင်းချနိုင်ခွင့်ပေးခြင်းဟာ ကြီးမားတဲ့ကောင်းကျိုးဆိုးကျိုးသက်ရောက်နိုင်မှုရှိပြီး ကောင်းကျိုးများအောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာ စဉ်းစားဆောင်ရွက်သင့်ပါတယ်။ လမ်းပန်းသယ်ယူပို့ဆောင် ချောမွေ့ရေးဟာ အခရာမို့ မြို့ဝင်ကြေး၊ လမ်းကြေး၊ တံတားကြေး ကောက်ယူမှုတွေကို ဆင့်ကဲဆင့်ကဲ မကောက်ယူဘဲ တစ်နေရာတည်း အပြီးအပြတ်ကောက်ယူနိုင်တဲ့စနစ်မျိုး အစားထိုးကျင့်သုံးနိုင်ရင် ပြည်သူတွေ ဝမ်းသာကြမှာပါ။ နယ်စပ်ကုန်သွယ်ရေးတင်ပို့တဲ့အခါ မန္တလေးလို နေရာမျိုးမှာ အကောက်ခွန်ရှင်းလင်းရေး တစ်ထိုင်တည်းလုပ်ချိပ်ပိတ်၍ (Dry Port) မူဆယ် ၁၀၅ မိုင်မှာ စောင့်စားစရာမလိုဘဲ တိုက်ရိုက်တင်ပို့နိုင်အောင်ဆောင်ရွက်ပေးလို့ ရနိုင်၊ မရနိုင် စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တရားမဝင် နွား၊ ဆိတ် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်မှုဟာ ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်သလို အလားအလာရှိတဲ့ စီးပွားရေးအခွင့်အလမ်းလည်းဖြစ်ပါတယ်။ အကန့်အသတ်ဖြစ်နေတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့သလိုနဲ့ အဂတိလိုက်စားမှုတွေကို ထိန်းချုပ်နိုင်ရင် မြင်သာထင်သာဖြစ်မယ့်၊ လူထုအကျိုးရှိမယ့်ကိစ္စဖြစ်ပါတယ်။ (ဥပမာ ချင်းပြည်နယ်မှာ နွားနောက်တွေ အိန္ဒိယကို တရားဝင် သယ်ယူရောင်းဝယ်ဖောက်ကားနိုင်တာမျိုး)၊ ပဲရောင်းဝယ်ရေးဟာ ဆန်စပါးထက်ကို ပိုအရေးကြီးပါတယ်။ အညာတောင်သူဆီက အမြဲတမ်းကြားနေရတာတွေကတော့ ပြည်ပပို့ အရည်အသွေးသတ်မှတ်ချက်မသိတာရယ်၊ အပြောင်းအလဲဖြစ်တာရယ်၊ အလေးချိန်တင်းတောင်း ကစားတာတွေရယ်၊ ပဲရောင်းငွေလိမ်ခံရတာတွေက မရိုးနိုင်တဲ့ အကြောင်းအရာတွေပဲဖြစ်ပါတယ်။ တောင်သူဘက်ကလည်း ခဲရောတာ၊ နည်းမျိုးစုံနဲ့ အကြံအဖန်လုပ်တာတွေကလည်း ရှိနေပါတယ်။ သက်ဆိုင်ရာကုန်သည်ကြီးများ အသင်းတွေနဲ့ ညှိနှိုင်းပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေတဲ့ ရောင်းဝယ်ရေးစနစ်၊ ငွေပေးချေမှု အာမခံစနစ်၊ အရည်အသွေး၊ တင်းတောင်း စံသတ်မှတ်ချက်အစရှိတာတွေ ညှိနှိုင်းဆောင်ရွက်နိုင်ဖို့လိုပါတယ်။ သို့သော် ဒီလိုလုပ်မယ်ဆိုရင်တော့ ကုန်သည်ကြီးများအသင်းမှာ စီးပွားရေးအခွင့်အလမ်းလက်ဦးမှု၊ ဂုဏ်သိက္ခာ၊ ဩဇာလွှမ်းမိုးလိုမှုအတွက် ဝင်ရောက်ကြီးစိုးနေတဲ့ အလုပ်အမှုဆောင်တွေကို ဖယ်ရှားပြီး ကုန်သည်များအကျိုး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မယ့် ကုန်သည်အလုပ်အမှုဆောင်အသစ်တွေ ရွေးချယ်သွားဖို့ လိုပါလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ပွထအောင်ဖြစ်နေတဲ့ တောင်သူအဖွဲ့အစည်းတွေအကြား တောင်သူကို အမှန်တကယ်ကိုယ်စားပြုနိုင်မယ့် ကိုယ်စားလှယ်အဖွဲ့တွေဖြစ်လာအောင်လည်း အစိုးရသစ်က အားလုံးနဲ့တိုင်ပင်ပြီး အခြေအနေတစ်ရပ် ဖန်တီးပေးဖို့လိုပါလိမ့်မယ်။ (ဝင်ရောက်စွက်ဖက်ဖို့ မဟုတ်ပါ)။

မှတ်ပုံတင်၊ အိမ်ထောင်စုဇယားထုတ်ယူနိုင်အောင်ဆောင်ရွက်ပေးတဲ့ နိုင်ငံသားဝန်ဆောင်မှုလုပ်ငန်းဟာလည်း အရေးပါတဲ့လုပ်ငန်းတစ်ခုပါ။ ၂၀၁၄ သန်းခေါင်စာရင်းအရ အသက်(၁၀)နှစ်အထက် နိုင်ငံသားကတ်မရသေးတဲ့သူဟာ ကျေးလက်မှာ ၈ ဒသမ ၇ သန်းနဲ့ မြို့မှာ ၂ ဒသမ ၄ သန်း ပေါင်း ၁၁ ဒသမ ၂ သန်းလောက် ရှိနေပါတယ်။ ပြည်နယ်တွေ အသာထားဦး။ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းလို တိုင်းဒေသကြီးတွေမှာတောင် နိုင်ငံသားအထောက်အထားမရှိသေးတာ အနည်းဆုံး တစ်သန်းစီအထက်မှာရှိနေသေးတော့ စစ်ဆင်ရေးတစ်ရပ်လိုကို နိုင်ငံသားအထောက်အထားရရှိအောင်ဆောင်ရွက်သင့်ပါတယ်။ ဒေသခံလူငယ်တွေကို လုပ်အားပေးသဘောမျိုးခေါ်ယူကာ ဆောင်ရွက်ပါမှ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။




**ဒီမိုကရေစီပြုပြင်ပြောင်းလဲ ပြန်လည်ထူထောင်ရေးရန်ပုံငွေ**

အထက်ပါ စီမံခန့်ခွဲရေးနည်းလမ်းတွေအပြင် ရက်တစ်ရာအတွင်း မြင်သာထင်သာ ပြုပြင်ပြောင်းလဲတာမျိုး လုပ်နိုင်မယ့် ဒုတိယတစ်နည်းကတော့ ပြည်သူတွေရဲ့ လူမှုစီးပွားလိုအပ်ချက်တွေကို ဘဏ္ဍာငွေသုံးစွဲ၍ တိုက်ရိုက်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမျိုးပဲဖြစ်ပါတယ်။ ရသမျှအချက်အလက်နဲ့ စိတ်ကူးပုံဖော်ကြည့်ရရင်

(က) ပြည်သူ့ဝန်ထမ်းများဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလမှာ အနေကျပ်၊ အစားကျပ်မယ့်အဖြစ်မျိုး ကြုံတွေ့ရမယ့်အနေအထားမှာ ရှိပါတယ်။ အကျင့်ဟောင်း၊ လုပ်ထုံးလုပ်နည်းဟောင်း၊ စိတ်ထားဟောင်းတွေထားခဲ့ပြီး လူသစ်၊ စိတ်သစ်ဘဝနဲ့ လုပ်ကိုင်ကြတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေးကြောင့် အလုပ်ပိုလုပ်ဖို့လိုသလို အပြန်အလှန်ထိန်းကျောင်းတဲ့စနစ်၊ မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ စောင့်ကြည့်ဝေဖန်မှုတွေကြောင့် ကြီးစွာသောဖိအားဖြစ်လာပါလိမ့်မယ်။ လစာရိက္ခာမပြည့်စုံတဲ့အခိုက်မှာ ပြုပြင်ပြောင်းလဲရေးကြောင့် အနေခက်၊ အစားခက် ဖြစ်လာပါလိမ့်မယ်။ ထိုက်သင့်သော လုပ်ခလစာတိုးတက်မှုမရှိရင် ဝန်ထမ်းတွေရဲ့ စိတ်ပျက်မှုဟာ ပြုပြင်ပြောင်းလဲရေးကို ရောင်ပြန်ထင်ဟပ်မှာမို့ တတ်နိုင်သလောက် လစာအခွင့်အရေးထပ်တိုးဖို့လိုပါတယ်။ အနည်းဆုံးလက်ရှိထက် ၅၀ ရာခိုင်နှုန်း တိုးမယ်ဆိုရင်ပဲ (ပျမ်းမျှ တစ်လ ငါးသောင်းကျပ်) ဝန်ထမ်းတစ်သန်းအတွက် ပျမ်းမျှဒေါ်လာ သန်း ၆၀၀ တစ်နှစ်ကို လိုမယ်လို့ အကြမ်းတွက်ပါတယ်။ (ငွေလဲနှုန်း တစ်ဒေါ်လာ ကျပ်တစ်ထောင်နှုန်းဖြင့် ခန့်မှန်းသည်)

(ခ) တောင်သူလယ်သမားတွေကို အမတော်ကြေးထောက်ပံ့ကူညီဖို့က အရေးကြီးပါတယ်။ စပါးစိုက်တဲ့ လယ်တစ်ဧကကို တစ်သိန်းထုတ်ပေးပြီး အခြားသီးနှံတွေက နှစ်သောင်းလောက်ပဲရပါတယ်။ အမတော်ကြေးရဖို့ လယ်မြေလက်ဝယ်ရှိကြောင်း မြေစာရင်းအထောက်အထားပုံစံ (၇) လိုတာမို့ မှတ်ပုံတင်မရှိသူ၊ ပုံစံ(၇)မပြနိုင်သူ တောင်သူတွေ အတိုးသက်သာတဲ့ အမတော်ကြေးကို အလှမ်းမမီဘူးဖြစ်နေကြတာပါ။ အထူးသဖြင့် တောင်ပေါ်ဒေသတိုင်းရင်းသားတွေအတွက် အမတော်ကြေးဆိုတာ မဆိုင်သလိုပါပဲ။ အမတော်ကြေးရဖို့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်/ကျေးစာရေးတွေကို ပံ့ပိုးပေးနေရတာကလည်း လက်တွေ့မှာအရှိတရားဖြစ်နေတာပါပဲ။ စာရင်းလိမ်ထုတ်တာတွေကလည်း တိုင်မဆုံးပါဘူး။ တစ်ဧကကို ပျမ်းမျှ ကျပ်ငါးသောင်းလောက် ပိုချေးမယ်လို့ စဉ်းစားရင်ကို စိုက်ဧက သန်း ၂၀ လောက်အတွက် ဒေါ်လာသန်းတစ်ထောင်လောက်လိုပါလိမ့်မယ်။ အစိုးရသစ်ရက်တစ်ရာဟာ နွေစပါးထွက်ရှိကာလနဲ့ တိုက်ဆိုင်မှာဖြစ်သလို သမ္မတဦးသိန်းစိန်လက်ထက် ပီပြင်စွာအကောင်ထည်ဖော်နိုင်စွမ်းမရှိတဲ့ အရန်ဆန်ဝယ်ယူမှုကို ဆန်ကုန်သည်တွေ ခွင်ရိုက်ရုံသက်သက်မဟုတ်ဘဲ ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရင် စပါးဈေးတည်ငြိမ်စေပြီး စပါးစိုက်တောင်သူတွေ အကျိုးရှိရုံသာမက အရေးပေါ်ကာလစီမံခန့်ခွဲမှုတွေအတွက် အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ အယ်နီညိုကျတဲ့နှစ်မို့လို့ တောင်သူတွေ စိုက်ချိန်ကမောက်ကမဖြစ်မှာ အသေအချာပါပဲ။ မုတ်သုံရောက်တော့လည်း ပြင်းထန်တဲ့ နွေကာလအပူချိန်တွေရဲ့ အကျိုးဆက် မိုးသည်းထန်စွာရွာသွန်းမှု၊ မိုးရေချိန်ပြန့်နှံ့မှုမရှိတဲ့ဒဏ်တွေကို နေရာအနှံ့တောင်သူတွေခံစားရမှာဖြစ်တယ်လို့ ခန့်မှန်းပါတယ်။ ဒါကြောင့် နှစ်ကြော့ပြန် သုံးကြော့ပြန် စိုက်ပျိုးရတာတွေဖြစ်လာနိုင်ပြီး မျိုးပြတ်လပ်မှုတွေ ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ရင် အရေးကြီးသီးနှံတွေအတွက် မျိုးစေ့ဘဏ် ကြိုတင်ထူထောင်ထားရှိနိုင်ဖို့ အရေးကြီးပါတယ်။

စာမျက်နှာ ၇ သို့ ◆

◆ စာမျက်နှာ ၆ မှ

Land Consolidation လို့ခေါ်တဲ့ လက်ရှိ စိုက်ပျိုးရေးဝန်ကြီးဌာန လုပ်ဆောင်နေတာတွေ ပြန်သုံးသပ်ဖို့လိုပါတယ်။ စိုက်ပျိုးမြေညှိ၊ ရေမြောင်းဖောက်၊ ကုန်ထုတ်လမ်းဖောက်ဆိုတာ အင်မတန်ကောင်းပါတယ်။

သို့သော် Average land holding size ပျမ်းမျှတောင်သူလက်ဝယ်စိုက်ပျိုးမြေဧကကတစ်ဧကခွဲ(စပါးစိုက်လယ်အတွက်) လောက်ပဲဖြစ်နေတော့ တောင်သူတွေ စုပေါင်းအကောင်အထည်ဖော်ဖို့ ခက်ခဲပါတယ်။ တောင်သူကြီးတွေ မထောင်းသာပေမယ့် တောင်သူငယ်တွေအဖို့ စိုက်ပျိုးမြေဆုံးရှုံးသွားနိုင်တာမို့ သတိထားရပါမယ်။ ဒီလုပ်ငန်းအတွက် ပုံအောထားတဲ့ စိုက်ပျိုးရေးဌာနအသုံးစရိတ်တွေ၊ နိုင်ငံတကာချေးငွေတွေကို ပြန်လည်စိစစ်ပြီး လိုအပ်တဲ့နေရာမှာ ပြန်အသုံးချတာ ပိုကောင်းပါတယ်။

စိုက်ပျိုးရေ ထိရောက်စွာစီမံခန့်ခွဲမှုဟာ အရေးကြီးပါတယ်။ လက်ရှိဆောက်ထားသမျှ ဆည်တွေရဲ့မျှော်မှန်းဆည်ရေသောက်ဧရိယာရဲ့ တစ်ဝက်ပဲရေပေးဝေနိုင်တာမို့ ထိရောက်မှုက နည်းပါတယ်။ အကြောင်းများစွာရှိတဲ့အထဲက ခွက်ဆင့်သောက်ရေပေးဝေမှုစနစ်ဖြစ်နေရတာရယ်။ စီမံကိန်းဧရိယာတစ်ခုအနေနဲ့ စပါးပြီးစပါး စိုက်ပျိုးဖို့ တောင်သူတွေဥပဒေအရ တွန်းအားပေးထားတာရယ်ကြောင့် (လက်တွေ့မှာ ဖြေလျှော့ပြီးဖြစ်ပေမယ့် ဥပဒေပြဋ္ဌာန်းချက်ရှိနေသေးတယ်ဆိုတာ သတိချပ်စေချင်ပါတယ်) ရေလေလွင့်ဆုံးရှုံးမှုများပါတယ်။ တောင်သူတွေ မိမိတို့စိုက်ပျိုးမြေ၊ ရေမြောင်းတွေဆည်မြောင်းဦးစီးဌာနနဲ့ညှိနှိုင်းပြီးစနစ် တကျဖောက်ယူနိုင်ဖို့ ချေးငွေပံ့ပိုးပေးဖို့လို မယ်ထင်ပါတယ်။

ဒါပေမယ့် စီမံခန့်ခွဲရေးနည်းအရ ကျေးလက်အဆင့် ဆည်မြောင်းရေ စီမံခန့်ခွဲရာမှာ ကိုယ်ကျိုးရှာ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ အကျင့်ပျက်ဝန်ထမ်းတွေ ပူးပေါင်းပြီး ချယ်လှယ်စိုးမိုးနေတာကိုလည်း ဖယ်ရှားမှသာ ဆည်ရေထိရောက်စွာ စီမံခန့်ခွဲမှုဟာ အောင်မြင်နိုင်ပါလိမ့်မယ်။ အဆိုရှိတဲ့ Water User Group/ Association တွေဖွဲ့ Participatory Irrigation Management ပြည်သူပူးပေါင်းပါဝင်စီမံခန့်ခွဲတဲ့စနစ်ဟာ အချိန်ယူရပါလိမ့်မယ်။ သို့သော် အရပ်ဘက်အဖွဲ့အစည်းများရဲ့အားကိုရယူပြီး ရက်တစ်ရာအတွင်း အစပျိုးနိုင်ရင်တာထွက်ကောင်းပါလိမ့်မယ်။

(ဂ) ကျေးရွာတစ်ရွာမှာ အနည်းဆုံး မြေယာမဲ့ အိမ်ထောင်စုက သုံးပုံတစ်ပုံလောက်အနည်းဆုံးရှိနေပါတယ်။ အမတော်ကြေးက တောင်သူတွေအတွက်ပဲဖြစ်ပြီး ဒီမြေယာမဲ့တွေအတွက်လည်း အတိုးသက်သာတဲ့ ချေးငွေလိုပါတယ်။ လက်ရှိမှာ မွေးမြူရေးချေးငွေ၊ မြစိမ်းရောင်ချေးငွေ အစရှိသဖြင့်ရှိနေပြီး အားလုံးကို အလှမ်းမီအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။

ကျေးလက်နေ အိမ်ထောင်စုခုနစ်သန်းလောက် ခန့်မှန်းရင် မြေယာမဲ့ အိမ်ထောင်စုနှစ်သန်းခွဲလောက်အတွက် တစ်အိမ်ထောင်တစ်သိန်းနဲ့ပဲ ပျမ်းမျှတွက်ရင် ဒေါ်လာသန်း (၇၅၀) လောက်လိုပါလိမ့်မယ်။

(ဃ) ပညာရေးထောက်ပံ့မှုကို စဉ်းစားရင် အသက် ၅ နှစ်ကနေ ၉ နှစ်ကြား မူလတန်းပညာသင်သူ ခန့်မှန်းခြေသုံးသန်းလောက်ကို ဘယ်လိုထောက်ပံ့မလဲ စဉ်းစားရမှာ ဖြစ်ပါတယ်။ လက်ရှိလည်း အခမဲ့ပညာသင်ရေး၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အလုံအလောက်ထောက်ပံ့ရေးနဲ့ ကျောင်းအပ်သူကလေးတိုင်းကို ငွေကျပ် ၁၀၀၀ ပံ့ပိုးပေးနေတာဖြစ်ပါတယ်။

အစိုးရသစ် ရက်တစ်ရာအတွင်း မေလအကုန်မှာ ကလေးတွေ ကျောင်းပြန်အပ်မယ့်ရာသီကာလကိုရောက်လာမှာ ဖြစ်ပါတယ်။ ကျောင်းဝတ်စုံထောက်ပံ့ရေး၊ ကျောင်းကျန်းမာရေးနဲ့ အာဟာရတိုက်ကျွေးရေးတို့ဟာ လိုအပ်ချက်တွေဖြစ်ပေမယ့် ငွေပင်ငွေရင်း ကျောင်းအလိုက်ထူထောင် ပေးနိုင်သော်ငြားလည်း တာဝန်ရှိသူများရဲ့ မလိုလားအပ်တဲ့ အလွဲသုံးစားမှုတွေနဲ့ ကြုံတွေ့နိုင်ပါတယ်။ ရပ်ရွာက ထူထောင်ထားတဲ့ တွဲဖက်ကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ သင်ကြားပေးနေတဲ့ ဆရာ ဆရာမများအတွက် လစာ ပုံမှန်ပေးဖို့ ရပ်ရွာကရုန်းကန်နေရတာတွေ မြင်တွေ့ကြားသိနေရပါတယ်။

လက်ရှိ အစိုးရကလည်း ဆရာ ဆရာမ တစ်သိန်းကျော်ခန့်ဖို့ အလုပ်ခေါ်စာတွေခေါ်နေတာ မြင်မိသလားလို့ပါ။ ချက်ချင်းလက်ငင်း ခန့်ထားနိုင်ဦးမှာ မဟုတ်ပေမယ့် ကိုယ်ထူကိုယ်ထကျောင်းတွေ ပံ့ပိုးပေးနိုင်မယ့် နည်းလမ်းရှာဖွေရပါလိမ့်မယ်။ မူလတန်းပညာရေး အလိုရှိရာသုံးစွဲနိုင်ဖို့ ရပ်/ကျေးပညာရေး၊ လှည့်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်းကို လက်ခံနိုင်တဲ့ ဖြစ်နိုင်ခြေ နည်းလမ်းတစ်ခုအနေနဲ့စဉ်းစားရင် ဒေါ်လာသန်းတစ်ရာလောက်သုံးနိုင်ရင် အကျိုးရှိမယ်လို့ထင်မြင်ယူဆရပါတယ်။

(င) ကျန်းမာရေးထောက်ပံ့မှုကို စဉ်းစားရင် မိခင်နဲ့ကလေးစောင့်ရှောက်ရေး၊ မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုများ ထောက်ပံ့ရေးတို့ကို ဦးစားပေးရမှာဖြစ်ပါတယ်။ ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၂၀ မှ ၄၀ ကြား အိမ်ထောင်ရှင်မိခင် ၄ သန်းနဲ့ ၅ သန်းကြားမှာရှိပါတယ်။ အမြင်အကြား၊ ကိုယ်ခန္ဓာနဲ့စိတ်ပိုင်းဆိုင်ရာ တစ်ခုခုချို့တဲ့သူ မသန်စွမ်းဦးရေဟာ ၂ ဒသမ ၃ သန်းရှိပြီး တစ်နိုင်ငံလုံးလူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိနေပါတယ်။ အဲ့ဒီအထဲက အကူအညီအလိုအပ်ဆုံးကို အသက်အရွယ်လောက်ပိုင်းခြားရင် ၁၀ နှစ်အောက်ကလေးတစ်သိန်းကျော်ရှိနေပြီး အသက် ၆၀ အထက်က တစ်သန်းလောက်ဖြစ်နေပါတယ်။

သူတို့အတွက် အထူးကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊ ဥပမာ ကျန်းမာရေးအခမဲ့ကုသနိုင်ခွင့်လက်မှတ် (တစ်ဦးငါးသောင်းဖိုးလောက်အထိ)ထုတ်ပေးနိုင်ရင် ကောင်းပါတယ်။ သူတို့ကို စောင့်ရှောက်ရတဲ့ အိမ်ထောင်ရှင် မိခင်တွေကို အလားတူ ထောက်ပံ့တာမျိုး (food voucher ဆန်ထုတ်ယူနိုင်ခွင့်၊ မီးဖိုချောင်သုံးကုန်ပစ္စည်းဝယ်ယူနိုင်ခွင့်) လုပ်သင့်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုမှာ အရည်အသွေးပြည့်ဝတဲ့ စောင့်ရှောက်မှုရရှိရေးဟာ အထူးကုဆရာဝန်ကြီးများရှားပါးမှုကြောင့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။ အင်တာနက် ဆက်သွယ်ရေးကောင်းအောင်ဆောင်ရွက်ပြီး ရန်ကုန်၊ မန္တလေးကနေ အထူးကုဆရာဝန်များ ဝေးလံခေါင်ဖျားဒေသက လူမမာတွေကို ကုသနည်းစနစ် Telemedicine ကို စမ်းသပ်အကောင်အထည်ဖော်နိုင်ရင် များစွာကောင်းပါလိမ့်မယ်။ ရန်ကုန်ဆေးရုံကြီးတစ်ခုတည်း အဆင့်မြှင့်ဆောင်ရွက်နေရုံသာမက ခရိုင်ဆေးရုံတွေ ပိုမိုကောင်းမွန်လာအောင် ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာ စဉ်းစားရမှာ ဖြစ်ပါတယ်။

တည်ထောင်ပြီးသား သားဖွားဆရာမ အခြေပြု ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care)နဲ့ ရပ်/ကျေးအခြေပြုကျန်းမာရေးစောင့်ရှောက်မှု (Primary Health Care) အတွက် မရှိမဖြစ်ဆေးဝါးထောက်ပံ့မှု (Essential drugs)၊ လူနာလွှဲပြောင်းကုသခံယူနိုင်မှု (Referral system) တို့ ပိုမိုထိရောက်အောင် ပံ့ပိုးဆောင်ရွက်ပေးဖို့လည်း လိုပါတယ်။ ယေဘုယျခန့်မှန်းရရင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဒေါ်လာသန်း ၂၀၀ နဲ့ ၃၀၀ ကြားလိုပါလိမ့်မယ်။

(စ) အယ်နီညို ပူပြင်းခြောက်သွေ့မှု ကြုံတွေ့နေရတဲ့ကာလမို့ အရေးပေါ်ရေရှားပါးမှု ပြဿနာဖြေရှင်းနိုင်ရေးကိုလည်း အစိုးရသစ်ဟာ ပျားရည်ဆမ်းရက်တစ်ရာအတွင်းမှာ ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ လက်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက တတ်နိုင်သမျှဆောင်ရွက်နေမှုကို ထပ်လောင်းအားဖြည့်ဆောင်ရွက်နိုင်ဖို့ ဘဏ္ဍာငွေဖြည့်တင်းပေးဖို့လိုပါတယ်။

အညာဒေသ၊ မြစ်ဝကျွန်းပေါ်ရေငန်ဝင်ဒေသ၊ ရှမ်းပြည်တောင်ပိုင်းဒေသမှာရှိတဲ့ ရေရှားပါးမှုဒဏ်ခံရနိုင်တဲ့ ကျေးရွာတွေ အနည်းဆုံးတစ်ပတ်တစ်ခါ ရေဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ရင် အကောင်းဆုံးပါပဲ။ ဒီအတွေ့အကြုံပေါ်အခြေခံလို့ မြို့နယ်၊ ခရိုင်အလိုက်သဘာဝဘေးဒဏ်စီမံခန့်ခွဲနိုင်ရေး စီမံချက်တွေ ဆင့်ကဲပြုစုလို့ ရေရှည်ရင်ဆိုင်ကျော်လွှားသွားနိုင်အောင် အစပြုနိုင်ပါလိမ့်မယ်။

အထက်က ဆွေးနွေးတာတွေက မြင်တွေ့သိသလောက်၊ ယေဘုယျခန့်မှန်းတာဖြစ်ပြီး ပြီးပြည့်စုံမှာ မဟုတ်ပါ။ ဒီအကြမ်းဖျင်းခန့်မှန်းချက်ကကို လက်ရှိပုံမှန်ဘဏ္ဍာရေးအသုံးစရိတ်ခွင့်ပြုငွေမပါဘဲ အဆိုပါ အလျင်အမြန် ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ဖို့အတွက်လိုအပ်ငွေဟာ ဒေါ်လာသန်းတစ်ထောင်ကနေ နှစ်ထောင်ကြားလောက်ဖြစ်နေပါတယ်။ အချက်အလက်တွေရလို့ တကယ်အသေးစိတ် ပြန်တွက်ရင်တော့လည်း သန်း ၅၀၀ လောက်ပဲ လိုကောင်းလိုမှာပါ။

အဆိုပါ လုပ်ငန်းများဟာလည်း ဆင်သတ်အရပ်ဝေတာမျိုးမဟုတ်ဘဲ ရေရှည်ဖွံ့ဖြိုးရေးမူဝါဒများနဲ့ ချိတ်ဆက်ဆောင်ရွက်သွားဖို့ပါ။ ဒီလိုအပ်ငွေကို ဘယ်လိုရှာမလဲ စဉ်းစားကြည့်တဲ့အခါ (၁)ဘဏ္ဍာရေးအသုံးစရိတ်တွေ စိစစ်ချွေတာတဲ့နည်း၊ (၂)ပြည်ပမှာဖွင့်ထားတဲ့ ဌာနဆိုင်ရာတွေရဲ့ဘဏ်စာရင်းတွေကနေ ပြန်လည်လွှဲပြောင်းရယူတဲ့နည်း၊ (၃) ရရန်အခွန်များကို စနစ်တကျထိရောက်စွာ ကောက်ယူနည်းတွေနဲ့ဆောင်ရွက်သွားဖို့ပဲ ရှိတယ်လို့မြင်ပါတယ်။ ပြည်ပအထောက်အပံ့ပြုတာကို ထည့်မစဉ်းစားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေရှည်အားကိုးလို့ မရတာတစ်ကြောင်း၊ မှီခိုမှုများပြားလာတာတစ်ကြောင်းနဲ့ အချိန်တိုအတွင်း ထောက်ပံ့ငွေရဖို့ဆိုတာ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြတ်သန်းရတဲ့ လုပ်ထုံးလုပ်နည်းတွေကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်အားကိုယ်ကိုး ပြည်တွင်းကရဖို့ပဲ လှံ့လပြုရမယ်လို့ သဘောပေါက်ပါတယ်။

ပြည်တွင်းအားကို ယူရမယ်ဆိုရင်တော့ အခွန်ကို ဘယ်လိုထိရောက်စွာ ကောက်မလဲဆိုတာ စဉ်းစားရပါပဲ။ ဝင်ငွေခွန်ကို စဉ်းစားရင် အခွန်ပေးဆောင်သူ တစ်သန်းနီးပါးပဲရှိတယ်ဆိုထားတော့၊ လူဦးရေသန်းငါးဆယ်နဲ့ယှဉ်ရင် အလွန်နည်းပါတယ်။ မြေခွန်၊ သယံဇာတခွန်တွေကလည်း ကောက်ယူအခွန်နှုန်း နည်းပါတယ်။ ကုန်သွယ်ခွန်ကတော့ လောက်လောက်လားလားရှိပြီး ရောင်းဝယ်ဖောက်ကားမှု တိုးတက်သလောက်အကျိုးရှိနိုင်ပေမယ့် အရှောင်အတိမ်းများတယ်။

အခွန်တွေဆင့်ကဲဆင့်ကဲ နှစ်ထပ်ကောက်နေသလိုတွေဖြစ်တော့ ပြည်သူနာတယ်။ Value Added Tax (VAT) ကောက်ဖို့ကျတော့လည်း ကိုယ်နိုင်ငံမှာ ပြုပြင်စရာတွေက တစ်ပုံတစ်ပင်မို့ လုပ်ဖို့အချိန်ကြာဦးမယ်။ အမြတ်ခွန်ကျတော့လည်း စစ်ဆေးဖို့ ရာဖြတ်ဖို့ကိစ္စတွေနဲ့ မှန်ကန်အသားကျအောင် လုပ်ရဦးမှာဖြစ်တယ်။ ဒီတော့ အခွန်ကောက်ယူနည်းတစ်မျိုး စဉ်းစားကြည့်မိတယ်။ အိမ်ထောင်စုအလိုက် လူဦးရေအပေါ်မှာ မူတည်ပြီး ကောက်မလားပေ့ါ။ အခွန်ကောက်တယ်ဆိုတဲ့ အသုံးအနှုန်းကလူမကြိုက်ကြတော့ အခွန်ထမ်းကြမလားပေ့ါ။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရန်ပုံငွေ အိမ်ထောင်စုထည့်ဝင်ငွေဆိုပြီး နိုင်ငံသားတစ်ဦးချင်း၊ အိမ်ထောင်စုတစ်ခုစီချင်းက မိမိသဘောနဲ့ လာရောက်ထည့်ဝင်ငွေလို့ သတ်မှတ်ပြီး ဒီလိုလာရောက်ထည့်ဝင်ပေးနိုင်ဖို့ မြို့နယ်တွေမှာ စီစဉ်ပေးရင်ကောင်းမလားတွေးကြည့်မိတယ်။

ပေးရမယ့်နှုန်းကို တစ်အိမ်ထောင် တစ်သောင်း၊ ငါးသောင်း၊ တစ်သိန်းဆိုပြီး သုံးမျိုးသုံးစားခွဲပြီး ပေးဆောင်လိုသူက မိမိကြိုက်နှစ်သက်တဲ့ နှုန်းအတိုင်းပေးဖို့ပါ။ မိမိအိမ်ထောင်စုဇယားနဲ့ မှတ်ပုံတင်ကိုင်ဆောင်လာပြီး ပေးထားတဲ့ ပုံစံဖြည့်စွက်ရုံနဲ့ အလွယ်တကူပေးဆောင်နိုင်အောင် စီစဉ်ပေးရင် ဘယ်လိုနေမလဲပေ့ါ။ မပေးဆောင်တဲ့သူကို မည်သို့မျှ အရေးယူခြင်းရှိမှာမဟုတ်ဘူးဆိုတာ ကြိုတင်အာမခံချက်လည်း ပေးရမှာပေ့ါ။

ပေးဆောင်တဲ့သူကိုလည်း အသိအမှတ်ပြုအိမ်ထောင်စုတံဆိပ်ပေးဖို့လိုသလို အခွန်ထမ်းနှုန်းထားအပေါ် မူတည်ပြီး မိသားစုပိုင်ဆိုင်မှုကို အဆ ၁၀၀ ခွင့်ပြုသတ်မှတ်မှုပေးရင် အိမ်ထောင်စုအတော်များများ မိမိသဘောနဲ့လာရောက် အခွန်ဆောင်ကြမလားပေ့ါ။ သို့သော် ဒီအခွန်ဆောင်လို့ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိတယ်လို့တော့ မသတ်မှတ်ဘူး ပေ့ါ။

မိတ်ဆွေတစ်ယောက်နဲ့ ဆွေးနွေးကြည့်တော့ သူကရယ်ပါတယ်။ မဖြစ်နိုင်ဘူးပေါ့။ လူတွေက အခွန်ဆိုလန့်နေကြတယ်ပေ့ါ။ ကျောက်စိမ်းလို အရောင်းအဝယ်ကိစ္စတွေမှာသာ မှန်မှန်ကန်ကန်ဖြစ်အောင် အခွန်ကောက်ခံပါ။ ပိုပြီးဝင်ငွေရလာပါလိမ့်လို့ သူကပြန်ပြောပါတယ်။ မှန်ပါတယ်။

ကျန်တဲ့ အခွန်ကောက်စရာရှိတဲ့ ကိစ္စတွေမှာလည်း ကောက်ယူရမှာဖြစ်သလို အခွန်ထမ်းဦးရေများလာအောင်၊ မိမိသဘောအတိုင်း အခွန်ထမ်းခြင်း အလေ့အကျင့်ဖြစ်လာအောင်၊ အခွန်ရုံးများနဲ့ ရင်းနှီးကျွမ်းဝင်ဖြစ်အောင်၊ အခွန်ကောက်ယူရေးဆိုင်ရာ နိုင်ငံသားမှတ်တမ်းစာရင်းဇယားများ စနစ်တကျပြုစုထားရှိလာနိုင်အောင် ပြည်သူတွေနဲ့ ဆွေးနွေးတိုင်ပင် ဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။

အခွန်ဘဏ္ဍာ မရဘဲ ဘယ်ပြည်သူ့အစိုးရမှ မရပ်တည်နိုင်ပါဘူး။ အခွန်ပေါ်မရပ်တည်ဘူးဆိုရင် အဲ့ဒီ အစိုးရဟာ သဘာဝသယံဇာတကို သူသဘောကျထုတ်ယူရောင်းချသူ သုံးဖြုန်းချင်တာသုံးဖြုန်း ပြည်သူလူထုကို နှိပ်စက်ဆိုတဲ့ သယံဇာတကျိန်စာသင့်ဆိုတဲ့အာဏာ ရှင်စက်ဝန်းကို လည်စေမှာဖြစ်ပါတယ်။ အဝင်ခါးတဲ့ဆေးပေမယ့် ဒီအချိန် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ပြည်သူအများက အားတက်နေချိန်မို့ ပြည်သူ့အားနဲ့ တိုင်းပြည်ကျန်းမာလာအောင် ကြိုးစားသောက်ကြမလား၊ ကျိန်းသေတာကတော့ ပြည်သူသဘောတူမှုဖြစ်မယ့်ကိစ္စပါ။

တက်လာမယ့် အစိုးရသစ်အနေနဲ့ ဒီကိစ္စကို စတင်ဆွေးနွေးဖို့ဆိုတာ အခက်အခဲရှိမှာမို့ မြန်မာပြည်မှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်လိုလားတဲ့ နိုင်ငံသားများနဲ့ အရပ်ဘက်အဖွဲ့စည်းများက ဒါကို လူထုအကြား ဆွေးနွေးစရာဖြစ်အောင် ဆော်ဩသင့်ပါတယ်။ တစ်နိုင်ငံလုံးအိမ်ထောင်စု ၁၀ သန်းရှိတာမို့ ပြည်သူတွေယုံကြည်မှုရှိရင် ရှိသလို အကျိုးများနိုင်မယ့် လုပ်ရပ်လို့မြင်ပါတယ်။ ၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲမှာ ပြည်သူက တာဝန်ကျေပြီးဖြစ်ပါတယ်။

ခုလည်းတက်လာမယ့် အစိုးရသစ်ကို ကြိုဆိုတဲ့အနေနဲ့ အစိုးရက ကိုယ့်ကိုဘာလုပ်ပေးမှာလဲ မျှော်လင့်နေတာထက် ကိုယ်ကတတ်နိုင်သမျှနိုင်ငံ့ဝန်ကို ထမ်းရွက်မယ်ဆိုတဲ့စိတ်နဲ့ အပြောမဟုတ် လက်တွေ့ထပ်လောင်းအတည်ပြုနိုင်ရင် အမျိုးသားရင်ကြားစေ့ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအစရှိတဲ့ ဒေါ်အောင်ဆန်းစုကြည် ကြွေးကြော်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေ ထမြောက်လာအောင် ဆောင်ရွက်နိုင်မယ့် ပြည်သူ့ကျည်တစ်တောင့်ပါပဲ။

ဒါကြောင့်မို့ အစိုးရရဲ့ရက်တစ်ရာအတွင်းမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်ထောင်စုဝင်တွေရဲ့ ထက်ဝက်အနည်းဆုံး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲတည်ထောင်ရေးရန်ပုံငွေအတွက် ပျော်ပျော်ပါးပါးကြီး နိုင်ရာအခွန်ကို မိမိတို့ စိတ်ဆန္ဒအလိုက် ထမ်းဆောင်နိုင်ရေး ရည်မှန်းချက်ထား၍ ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။



◆ ရှေ့ဖုံးမှ

မျှော်လင့်ချက်တွေကလည်း တစ်စတစ်စ မြင့်တက်လာနေပါတယ်။

ပြည်သူ့စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ အရပ်သားအစိုးရကို ပြည်သူတွေ စိတ်တိုင်းကျမှာလားဆိုတာနဲ့စပ်လျဉ်းပြီး အစိုးရသစ်လက်ထက် ရက်ပေါင်း ၁၀၀ အတွင်း ဘာတွေဦးစားပေးလုပ်ဆောင်သွားမလဲဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီဘိတ် (Debate) ကို DVB က ဦးစီးပြီး နေပြည်တော် Excel Capital Hotel မှာ မေ ၂ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီထိ ကျင်းပခဲ့ပါတယ်။

ဒီဒီဘိတ်မှာ သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်း၊ ရခိုင်အမျိုးသားပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစော၊ ၈၈ မျိုးဆက်သစ်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေးတို့က ပါဝင်ဆွေးနွေးကြပြီး ပါဝင်ဆွေးနွေးဖို့ NLD က ကိုယ်စားလှယ်တစ်ဦးကိုလည်း ဖိတ်ကြားခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်ခြင်းမရှိဘူးလို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ဒီမိုကရေစီခရီးကို ဆက်လက်လျှောက်လှမ်းရာမှာ ပြည်သူကို ဘယ်လိုအနာတရမျိုးမှ ထပ်ပြီးမခံစားစေချင်ဘူးလို့ ၈၈ မျိုးဆက်သစ် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေးက ဒီဘိတ်မှာ ပြောကြားခဲ့ပြီးတော့ အစိုးရသစ်ရဲ့ ရက် ၁၀၀ ခရီးစဉ်အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးကို စတင်သင့်တယ်လို့ အကြံပြုဆွေးနွေးခဲ့ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် တပ်မတော်ရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပြီး တပ်မတော်ဟာ အစိုးရသစ်နဲ့ ပိုပြီး နီးနီးကပ်ကပ် ဆောင်ရွက်သင့်တယ်။ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ ရှစ်ဖွဲ့ကို ငြိမ်းချမ်းရေးမှာ ပါဝင်အောင် အစပြုတာကိုတော့ ဒီရက် ၁၀၀ အတွင်းမှာ လုပ်ဆောင်နိုင်လိမ့်မယ်။ လက်မှတ်ထိုးတဲ့အဆင့်ထိတော့ မရောက်နိုင်ဘူးလို့ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်းက ဆွေးနွေးသွားပါတယ်။

ဒေါက်တာရန်မျိုးသိမ်းက အစိုးရသစ်နဲ့ တပ်မတော်ညှိနှိုင်းပြီး တစ်ဖက်သတ် ပစ်ခတ်ရပ်စဲရေးကို ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဆောင်ရွက်သင့်တယ်လို့ ဆွေးနွေးခဲ့ပြီး ဒီဆွေးနွေးမှုအပေါ် သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီလိုတစ်ဖက်သတ် ရပ်တည်ချက်မျိုး ရပ်တည်ဖို့ မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှုပ်ထွေးတယ်။ တိုင်းရင်းသားပါတယ်။ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးပါတယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ရော အကုန်လုံးဆက်စပ်နေတယ်" လို့ ဆက်လက် ဆွေးနွေးပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကောင်းဖို့ လိုအပ်တယ်။ ဒါဟာ အရေးကြီးတယ်။ လက်တွေ့နိုင်ငံရေးကို မြင်တတ်ဖို့ လိုအပ်တယ်။ အရင်အစိုးရက စစ်ဝတ်လဲအရပ်သားအုပ်ချုပ်ရေးဖြစ်တယ်။ အခုသွားမယ့် ငါးနှစ်တာကာလအစိုးရက အရပ်သားအစိုးရဖြစ်ပြီး သူနဲ့အတူ လွှတ်တော်မှာ စစ်ဘက်က ၂၅ ရာခိုင်နှုန်း ပါဝင်နေမှာဖြစ်တယ်။ ပြီးတော့



မြန်မာ့နိုင်ငံရေး
လေ့လာသုံးသပ်သူ
ဒေါက်တာ ရန်မျိုးသိမ်း



၈၈ မျိုးဆက်သစ် ငြိမ်းချမ်းရေးနှင့်
ပွင့်လင်းလူ့အဖွဲ့အစည်းမှ
ဦးမြအေး



သမ္မတရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးဇော်ဌေး



ရခိုင်အမျိုးသားပါတီမှ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးဦးလှစော

အစိုးရအဖွဲ့ဝန်ကြီးသုံးပါးလည်း ပါပါတယ်။"

"တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ တစ်ဖက်က တပ်မတော်နဲ့ကြားထဲမှာ NLD အစိုးရအနေနဲ့ ဆောင်ရွက်သွားရမှာဖြစ်တယ်။ တစ်ကယ်တော့ NCA မထိုးရသေးတဲ့ အဖွဲ့အစည်းတွေထဲမှာ များသောအားဖြင့်က Bilateral တော့ ထိုးပြီးသားပါ။ ကိုးကန့်၊ TNLA နဲ့ AA သုံးဖွဲ့နဲ့ အဓိကဆွေးနွေးရမှာ ဖြစ်ပါတယ်"လို့ ၈၈ မျိုးဆက်သစ်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေးက သုံးသပ်ဆွေးနွေးပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း သတင်းရပ်ဝန်းအကြား လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့တဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီး နှစ်ဦးရဲ့ ပညာရေးအထောက်အထားအပေါ်မှာလည်း "ဒီဝန်ကြီး နှစ်ပါးအနေနဲ့ ကိုယ့်သဘောဆန္ဒအလျောက် အစိုးရအဖွဲ့ထဲကနေ နုတ်ထွက်သင့်တယ်။ ဒီကိစ္စဟာ သူတို့ဘယ်လိုရိုးသားတယ်လို့ ပြောပေမယ့် အစိုးရအဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ နိုင်ငံတကာမှာ သိက္ခာရှိတဲ့ ဝန်ကြီးတွေဆို နုတ်ထွက်ကြတယ်။ ပြီးတော့ သူတို့တာဝန်ယူရတဲ့ ဝန်ကြီးဌာနတွေက နိုင်ငံတကာနဲ့လည်း ထိတွေ့ဆက်ဆံရတဲ့အတွက် ပိုပြီးအလေးအနက်ထား စဉ်းစားသင့်တယ်။ အစိုးရအဖွဲ့ဟာ လုံလောက်တဲ့ အရည်အချင်းရှိတယ်၊ အမှိုက်တော့နည်းနည်းပါတယ်"လို့ ၎င်းက ဆက်လက်ပြီး ထောက်ပြဆွေးနွေးပါတယ်။

အစိုးရသစ်ကာလမှာ နိုင်ငံ့ဝန်ထမ်းတွေကို ပြည်သူ့အတွက် အလုပ်ကိုသာ အဓိကထားလုပ်ကြဖို့ ဝန်ကြီးဌာနအသီးသီးရဲ့ မှာကြားချက်တွေကိုလည်း ကြားသိနေရပါတယ်။ အစိုးရသစ်တက်ပြီး ရက်ပိုင်းအတွင်းမှာပဲ ဝန်ကြီးဌာနတွေမှာ ပြုပြင်ပြောင်းလဲ ပြင်ဆင်မှုတွေ လုပ်ဆောင်နေကြပြီး လမ်း၊ တံတားကြေး မကောက်ခံတော့တဲ့ ဂိတ် ၁၆၁ ခုကို ထုတ်ပြန်လိုက်တာဟာလည်း ပြောင်းလဲမှုတစ်ခုကို ပြတ်ပြတ်ထင်ထင်တွေ့မြင်နိုင်တာဖြစ်ပါတယ်။

အစိုးရသစ်အတွက် ရက်ပေါင်း ၁၀၀ ဆိုတာ ရွေးကောက်ပွဲ ကတိတွေနဲ့ စတင် ဆောင်ရွက်ချက်တွေကို ချိန်ထိုးကြည့်ခြင်းသာဖြစ်တယ်။ တစ်ဖက်ကလည်း ပြိုင်ဘက်ပါတီတွေ၊ သတင်းမီဒီယာတွေအနေနဲ့ သမ္မတသစ်ကို ရက်ပေါင်း ၁၀၀ အတွင်း အပြင်းအထန်ဝေဖန်တာမျိုးမလုပ်ဘဲ စောင့်ထိန်းကြတယ်။ ဒါကြောင့် ရက်ပေါင်း ၁၀၀ ကို သမ္မတသစ်ရဲ့ ပျားရည်ဆမ်းကာလလို့ ခေါ်တယ်ဆိုတဲ့အကြောင်းကို ဦးရဲထွဋ်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာက တစ်ဆင့် နိုင်ငံတကာစံနှုန်းနဲ့ ချိန်ထိုးပြီး သုံးသပ်ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။

ပြည်သူတွေအတွင်းမှာလည်း စားဝတ်နေရေးအတွက် ရုန်းကန်ရတဲ့ ပြဿနာတွေဟာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ပြည်သူတွေအနေနဲ့ ဒီအခြေအနေကနေ ရုန်းထွက်နိုင်ဖို့ အစိုးရသစ်အပေါ် များစွာမျှော်လင့်လျက်ရှိပါတယ်။ အစိုးရသစ်က ကုန်စျေးနှုန်းကို ဘယ်လိုထိန်းမလဲ၊ ပညာရေးကို ဘယ်လိုမြှင့်တင်မလဲ၊ ကျန်းမာရေးအတွက်ရော ဘာတွေလုပ်ပေးမလဲဆိုတဲ့ မေးခွန်းပေါင်းများစွာနဲ့အတူ အစိုးရသစ်ရဲ့ ဟန်နီးမွန်းရက်ပေါင်း ၁၀၀ က မထောင်းသာလှပါဘူး။

ပြည်သူ့အတွက်၊ နိုင်ငံအတွက် အနာဂတ်မှာ အားလုံးတိုးတက်ချင်ကြတဲ့ ဆန္ဒတွေပြင်းပြနေပါတယ်။ ဒီအတွက်လည်း ခန့်မှန်းချက်တွေ၊ သုံးသပ်သံတွေ အဘက်ဘက်က ထောက်ပြနေသော်လည်း ဥုံ ဖွရယ်လို့ မိုးပေါ်ကကျလာတာ မဟုတ်တဲ့ အစိုးရသစ်အတွက် အပြင်းအထန်ဖိအားမျိုးမဖြစ်စေအောင် တစ်ဖက်က စောင့်ထိန်းသလို တစ်ဖက်ကလည်း ရွေးကောက်ပွဲကတိနဲ့ ညီ၊ မညီကို ဟန်နီးမွန်း ရက် ၁၀၀ ပထမခြေလှမ်းကို စောင့်ကြည့်ကြရပါဦးမယ်။

# လူမှုဘဝမှ မေ့လျော့ခြင်းခံနေရသည့် အော်တစ်ဇင်ဖြစ်ပွားသူပေါင်း ငါးသိန်းအထိ မြန်မာနိုင်ငံတွင် ရှိနိုင်

**ရန်ကုန် မေ ၂**

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ရဲထွဋ်**

ကမ္ဘာတစ်ဝန်းတွင် အော်တစ်ဇင်(Autism)ဖြစ်ပွားသူ အရေအတွက် ပိုမိုများပြားလာလျက်ရှိပြီး ၂၀၀၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တစ်ကမ္ဘာလုံးရှိ အစိုးရများ၊ ပြည်သူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကမ္ဘာအဝှမ်းရှိ အော်တစ်ဇင်ကလေးငယ်များအကြောင်း သိရှိလာရန် ရည်ရွယ်၍ ဧပြီလ ၂ ရက်နေ့ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင်မူ ဧပြီလရောက်တိုင်း အမျိုးသားအော်တစ်ဇင်ရောဂါသတိမူရေး National Autism Awareness Day အဖြစ်သတ်မှတ်၍ နိုင်ငံအဝှမ်း လှုပ်ရှားမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာအော်တစ်ဇင်အသင်းသည် အော်တစ်ဇင် ဝေဒနာရှင်များအား သတိမူမိစေရန်အတွက် ၂၀၁၁ ခုနှစ် ဧပြီလ ၂ ရက်နေ့မှစတင်၍ ကမ္ဘာ့အော်တစ်ဇင်နေ့ကို ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကျင်းပသော (၆)ကြိမ်မြောက် ကမ္ဘာ့အော်တစ်ဇင်နေ့ အခမ်းအနားအား ယနေ့ ညနေ ၃ နာရီမှ ည ၈ နာရီခွဲအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာ State တွင် အော်တစ်ဇင်ကလေးငယ်များ လမ်းလျှောက်ခြင်း၊ ဖျော်ဖြေမှုများဖြင့်ပြသသည့် အော်တစ်ဇင်ကလေးငယ်လေးများ၏ စွမ်းရည်ပြပွဲ၊ နာမည်ကျော်အဆိုတော်များ၏တေးဂီတဖျော်ဖြေမှုနှင့် စျေးရောင်းပွဲတော်တို့ကို ပြုလုပ်ခဲ့သည်။

ကမ္ဘာပေါ်တွင် အော်တစ်ဇင်ဖြစ်ပွားသူအရေအတွက် တိုးပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အော်တစ်ဇင်ဖြစ်ပွားသူ ငါးသိန်းခန့်ရှိနေကြောင်း သိရသည်။ မြန်မာအော်တစ်ဇင်အသင်း၏ အတွင်းရေးမှူး(၂) ဒေါ်နီနီအောင်က "အရင်က လူ ၁၀၀ မှာ တစ်ယောက်။ နောက် ၈၈ ယောက်မှာ တစ်ယောက်။ အခုဆို ၆၈ ယောက်မှာ တစ်ယောက်ဖြစ်လာပြီဆိုတော့ မြန်မာနိုင်ငံမှာတော့ အော်တစ်ဇင်ဖြစ်နေသူ ငါးသိန်းနဲ့ ခြောက်သိန်းကြားလောက်ရှိတယ်လို့ မှန်းရတာပါ။ အတိအကျကောက်ထားတဲ့ စစ်တမ်းမရှိသေးဘူး"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ကမ္ဘာ့အော်တစ်ဇင်နေ့အခမ်းအနားသို့ တက်ရောက်လာသူ မြန်မာအော်တစ်ဇင်အသင်းအမှုဆောင် ဦးနေမျိုးနိုင်က "အော်တစ်ဇင် ဖြစ်နေသူတွေရဲ့ အုပ်ထိန်းသူ မိဘအနေနဲ့ ပြောရင် သူတို့ကို ကျွန်တော်တို့က သူများတွေလိုပဲ နေထိုင်ဖို့စဉ်းစားတယ်။ ဒါဆိုကျေနပ်ပါပြီ။ ကျွန်တော့်မှာ သားနှစ်ယောက်ရှိတယ်။ သားကြီးက အော်တစ်ဇင်ပါ။ ၁၆ နှစ်ရှိပြီ။ စကားပြောတယ်။ ကျောင်းကောင်းကောင်းတက်နိုင်တယ်။ သူရဲ့ အမူအကျင့်က လူများနဲ့ ရောပြီး မနေနိုင်ဘူး။ စာသင်ရင်လည်း တန်းတူသင်ကြားဖို့ခက်တယ်။ ကျွန်တော်ကတော့ အော်တစ်ဇင်ဖြစ်နေတဲ့ကလေးတွေရဲ့ မိဘတိုင်းကို ဝေမျှတယ်။ တန်ခိုးရှင်တစ်ယောက်ကသာ မင်းရဲ့သားကို သာမန်လူတစ်ယောက်ဖြစ်အောင်လုပ်ပေးမယ်။ မင်းသေပေးရမယ်ဆိုရင်တောင် ကျွန်တော် ခြေထောက်ဖက်ပြီး ဝမ်းသာကြောင်း ပြောပြမယ်။ အသေခံလိုက်မယ်"ဟု အော်တစ်ဇင်ဖြစ်နေသူများနှင့် ပတ်သက်သည့် မိဘတစ်ဦး၏ ခံစားချက်ကို ပြောပြသည်။

အော်တစ်ဇင်သည် ဖွံ့ဖြိုးမှု ချို့ယွင်းသည့် ရောဂါတစ်ခုသာဖြစ်ပြီး အော်တစ်ဇင်ဖြစ်ပွားပါက ဦးနှောက်ကို ထိခိုက်စေ၍ လူအများနှင့် ပေါင်းသင်းဆက်ဆံခြင်းနှင့် တုံ့ပြန်လှုပ်ရှားမှုများတွင် အခက်တွေ့စေမည်ဖြစ်သည်။ အော်တစ်ဇင်အတွက် ကမ္ဘာပေါ်တွင် လုံးဝပျောက်ကင်းနိုင်သည့် ဆေးဝါးကုထုံးပေါ်ပေါက်ခြင်းမရှိသေးဘဲ စောစီးစွာ သိရှိပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးမှသာ အော်တစ်ဇင်အနေဖြင့် သိသာစွာ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများတွင် အော်တစ်ဇင်ဖြစ်ပွားနေသူများအတွက် သက်မွေးမှုသင်တန်းများနှင့် အော်တစ်ဇင်တို့၏ ဖန်တီးမှုများအား ထုတ်လုပ်ရောင်းချနေမှုများရှိသော်လည်း မြန်မာနိုင်ငံတွင် လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။

"အော်တစ်ဇင် သက်မွေးသင်တန်းကျောင်းတွေက ထိုင်းမှာလည်းရှိတယ်။ ဘရူနိုင်းမှာဆို အော်တစ်ဇင်တွေလုပ်ထားတဲ့ ပစ္စည်းတွေရောင်းတဲ့ သီးသန့်ဆိုင်တွေတောင်ရှိတယ်။ စင်ကာပူလည်း ဒီလိုပဲ။ ကျွန်တော်တို့အသင်းမှာတော့ ငါးနှစ်စီမံကိန်းဆွဲထားတာရှိတယ်။ သက်မွေးသင်တန်းကျောင်းလုပ်ဖို့စပြီး စမ်းသပ်မယ့်အဆင့်တော့ရှိတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ အော်တစ်ဇင်တွေရှိတဲ့ ကျောင်းတွေနဲ့ စမ်းသပ်ပြီးတွဲလုပ်မယ့် အစီအစဉ်ရှိတယ်။ ထိုင်းနိုင်ငံ သံအမတ်ကြီးနဲ့ သံအမတ်ကြီးဇနီးတို့ကတော့ အော်တစ်ဇင်ကို စိတ်ဝင်စားတယ်။ ထိုင်းနိုင်ငံနဲ့ ချိတ်ဆက်ပြီးတော့ အစီအစဉ်တွေလုပ်ပေးဖို့ရှိတယ်။ အော်တစ်ဇင်သက်မွေးမှုနဲ့ပတ်သက်တဲ့ ထိုင်းနိုင်ငံမှ ကျွမ်းကျင်တဲ့ ပညာရှင်တွေလည်းလာတယ်။ ကျွန်တော်တို့နဲ့ ဆွေးနွေးနေတုန်းပဲ။ သိပ်တော့ လွယ်လွယ်ကူကူ မဟုတ်ဘူး"ဟု အော်တစ်ဇင်သက်မွေးကျောင်းလုပ်ရန် အစီအစဉ်နှင့်ပတ်သက်၍ မြန်မာအော်တစ်ဇင်အသင်းအမှုဆောင် ဦးနေမျိုးနိုင်ကဆိုသည်။

လက်ရှိတွင် အော်တစ်ဇင်များအား သင်ကြားပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ဆရာဖြစ် သင်တန်းအားစတင်လျက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့အော်တစ်ဇင်နေ့ အခမ်းအနားမှ သိရသည်။

အော်တစ်ဇင်နှင့် အခြားကလေးငယ်များအား လက်ခံသည့် ကျောင်းပေါင်း မြန်မာနိုင်ငံတွင် ၁၆ ကျောင်းခန့်ရှိပြီး ရန်ကုန်တွင် ရှစ်ကျောင်းနှင့် မန္တလေး၊ ပုသိမ်နှင့် ပြင်ဦးလွင်တို့တွင်လည်းရှိကြောင်း သိရသည်။

"အော်တစ်ဇင်ဆိုတာ စိတ်ရောဂါမဟုတ်ဘူး။ ကူးစက်ရောဂါလည်းမဟုတ်ပါဘူး ။ အော်တစ်ဇင်ဖြစ်နေသူကနေ တခြားသူကို ကူးစက်တာမျိုး လုံးဝမရှိဘူး။ ကိုယ့်သား အော်တစ်ဇင်ဖြစ်တာ ကိုယ့်ကြောင့် မဟုတ်ဘူး။ ကိုယ့်အပြစ်မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ အော်တစ်ဇင်ဖြစ်နေသူ ၆၇ သန်းကျော်ရှိတယ်။ မိဘတွေ အပြစ်လည်းမဟုတ်ဘူး။ ဒါကို ခံစားနေစရာအကြောင်းမရှိဘူး။ အရေးကြီးတာက ကိုယ့်ကလေးကို နားလည်အောင် ကြိုးစား။ အတတ်နိုင်ဆုံး ချစ်ခြင်း မေတ္တာပေးပါ။ ရလဒ်ကောင်းတဲ့အဖြေ ထွက်လာပါလိမ့်မယ်"ဟု ၎င်းက ဆိုသည်။

ယနေ့ပြုလုပ်ခဲ့သည့် ကမ္ဘာ့အော်တစ်ဇင်နေ့ အထိမ်းအမှတ်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေ၊ ဗိုလ်မှူးကြီးမျိုးမြင့်၊ ထိုင်းနိုင်ငံ သံအမတ်ကြီး ဇနီးနှင့် ဒေါက်တာမြင့်လွင်တို့က တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပေးပို့လာသော အမှာစာကိုဖတ်ကြားခဲ့ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အတွင်းရေးမှူး ဦးမြတ်သူဝင်းက အမှာစကားဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် အော်တစ်ဇင်ဖြစ်ပွားသူ တဖြည်းဖြည်းနှင့် တိုးပွားလျက်ရှိနေသည်။ သူတပါး၏ အကူအညီဖြင့် ရှင်သန်နေရသော အော်တစ်ဇင်တို့အတွက် ကူညီစောင့်ရှောက်ပေးမည့် ကျောင်းများ၊ သက်မွေးသင်တန်းများ မြန်မာနိုင်ငံတွင်လည်း လိုအပ်နေပြီဖြစ်သည်။



# ရန်ကုန်မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ပြင်ဆင် ဆောင်ရွက်ထားမှုအခြေအနေ၊ သင်္ကြန်မဏ္ဍပ်များနေရာချထားပေးမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်းပြီး စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြည်သူလူထုအေးအေးချမ်းချမ်းဖြင့် နှစ်ဟောင်းကိုနှုတ်ဆက်ပြီး နှစ်သစ်ကိုကြိုဆိုနိုင်ရန်၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် သင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် အထူးအလေးအမြတ်ထားရသည့် ပွဲတော်ဖြစ်ကြောင်း၊ ရေသဘင်ပွဲတော်တွင် နှစ်ဟောင်းကို ရေဖြင့်ဆေးကြော၍ သင်ခန်းစာများထုတ်ယူပြီး နှစ်သစ်တွင် နိုင်ငံတော်သစ်ကြီး ထူထောင်နိုင်ရန်အတွက် ကောင်းမြတ်သည့်အကြံဉာဏ်များနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်များဖြင့် မဟာသင်္ကြန်ပွဲတော်ကို ဖြတ်ကျော်သွားရန်ဖြစ်ကြောင်း။

သင်္ကြန်ပွဲတော်သည် အမှားကြာလာသည့်အခါတွင် အမှန်ဖြစ်သွားသည့်အခြေအနေများရှိကြောင်း၊ သင်္ကြန်ပွဲတော်ကို ရေပက်ကစားရာမှ ငွေစုထည့်ဝင်ပြီး မဏ္ဍပ်များ တိုးချဲ့ဆောင်ရွက်ရင်းမှ စီးပွားဖြစ်လက်မှတ်ရောင်းသည့် သဏ္ဌာန်မျိုးအထိဖြစ်လာခဲ့ကြောင်း၊ ထိုအခြေအနေမှ တစ်ဆင့် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များဖြစ်လာကြောင်း၊ အစိုးရအဖွဲ့အစည်းများကိုယ်တိုင်က ဘယ်လောက်လှူဒါန်းပါ မဏ္ဍပ်ချပေးမည်ဆိုသည့်အခြေအနေမျိုးတွေ အထိဖြစ်လာခဲ့ကြောင်း၊ ထိုအခြေအနေများကိုကျော်လွှားနိုင်ရန်အတွက် ရန်ကုန်မြို့၏မဟာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုနှင့်အညီဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ်တွင် စီးပွားဖြစ်ဆောင်ရွက်မည့် မဏ္ဍပ်များကိုခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ ယခုနှစ်သင်္ကြန်တွင် အယ်နီညို၏ အရိပ်အငွေ့အသက်များ ကျရောက်နေသည့်အတွက် ကျန်းမာရေးရှုထောင့်ကကြည့်မည်ဆိုပါကလည်း အန္တရာယ်ရှိနေကြောင်း၊ ကျန်းမာရေးပညာရှင်များ၏ သတိပေးချက်များနှင့် မိုးလေဝသပညာရှင်များ၏အသိပေးမှုများကလည်း ကျန်းမာရေးပြဿနာနှင့် ရေရှားပါးမှုများကြုံတွေ့လာနိုင်ကြောင်း၊ သတ်မှတ်ထားသည့်အချိန်ကာလတွင် ရေကစားကြရန်နှင့် အရိပ်အာဝါသကောင်းသည့်နေရာများတွင် ပြည်သူများ ပျော်ပျော်ရွှင်ရွှင်ဖြင့် သင်္ကြန်ပွဲတော်ကို ဖြတ်သန်းစေချင်ကြောင်း။

ယခုနှစ်တွင် ဖျော်ဖြေမှုအပိုင်းများတိုးပြီး ပြုလုပ်နိုင်ရန် ပြင်ဆင်ထားကြောင်း၊ သင်္ကြန်ပွဲတော်တွင် ခေတ်အဆက်ဆက်က တဖြည်းဖြည်းလုပ်ခွင့်တိမ်ကောသွားသည့် သင်္ကြန်သံချပ် ဖျော်ဖြေမှုများကိုလည်း ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုသည့်နေရာတွင်လည်း စိစစ်ရေးအဖွဲ့ကိုတင်ပြီးမှ ခွင့်ပြုသွားမည်မဟုတ်ဘဲ ပြောင်းလဲ



လာသည့်အချိန် ခေတ်စနစ်နှင့်အညီ အသိတရားနှင့် ထိန်းကျောင်းသွားရန်လိုအပ်ကြောင်း။

ဥပဒေစည်းမျဉ်းစည်းကမ်းများသည် နေရာတိုင်း၊ ဌာနတိုင်း၊ အချိန်တိုင်းတွင် အခိုင်အမာရှိနေကြောင်း၊ ဥပဒေများသည် ကိုလိုနီခေတ်မှ တဖြည်းဖြည်းပြုပြင်ပြောင်းလဲလာခဲ့ပြီး ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိသည့်အခြေအနေများ၊ ပြုပြင်ပြောင်းလဲမှုများကိုပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်နေကြောင်း၊ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ ပြည်သူ ပြည်သားများ လွတ်လပ်စွာ မိမိကိုယ်တိုင် ထိန်းကျောင်းရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်ခွင့်များလည်းပေးထားကြောင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကိုပေးထားပြီး ဥပဒေကို မချိုးဖောက်အောင် ကြိုးစားစေလိုကြောင်း၊ ဥပဒေကို ချိုးဖောက်ခြင်းဖြင့် အုံကြွမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ အုံကြွမှုဖြစ်ပေါ်လာပါက ဖိနှိပ်သည့်အစိုးရ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဖိနှိပ်သည့်အစိုးရပေါ်ထွက်လာပါက အုံကြွမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုးသံသရာမှ လွတ်မြောက်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးသည် အဓိကဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်အညီ လာမည့်မဟာသင်္ကြန်ကာလတွင် စည်းကမ်းပိုင်းနှင့် လုံခြုံရေးပိုင်းကို ပြည်သူလူထုအနှောင့်အယှက်မဖြစ်စေရန် ကိုင်တွယ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ လူကို ကြောက်အောင် ခြောက်လှန့်နေသည့် ပုံသဏ္ဌာန်မျိုးနှင့် ထိန်းရန်အစီအစဉ် မရှိကြောင်း၊ သတင်းတပ်ဖွဲ့များကလည်း သတင်းရယူခြင်းနှင့် လုံခြုံရေးပိုင်းကိုအားလုံးညှိနှိုင်းတိုင်ပင်ပြီး ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူများပါဝင်မှုဖြင့် လုံခြုံရေးစည်းကမ်းပိုင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဏာအမိန့်များဖြင့် ထိန်းကျောင်းရန်အစီအစဉ်မရှိကြောင်း၊ လာမည့်မဟာသင်္ကြန်ပွဲတော်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖြတ်သန်းရန်ပြင်ဆင်ထားကြောင်း။

မဟာသင်္ကြန်မဏ္ဍပ်များ ချထားပေးမှုနှင့်စပ်လျဉ်းပြီး အစိုးရသစ်တက်လာသည့်အခြေအနေတွင် အင်တိုက်အားတိုက်မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန်အတွက် အစည်းအဝေးများ အကြိမ်ကြိမ်ခေါ်ယူညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း၊ သင်္ကြန်မဏ္ဍပ်များနှင့်စပ်လျဉ်းပြီး အသိပေးမှုများကို ဧပြီ ၁ ရက်မှစပြီး အသိပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ပိုင်းတွင် မဏ္ဍပ်များမှလက်မှတ်များရောင်းချသည့် အခြေအနေများက ဂယက်ရိုက်ခတ်မှုများရှိနေကြောင်း၊ မဏ္ဍပ်ပိုင်ရှင်များအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းဘောင်ထဲမှ ကြိုးစားစေချင်ကြောင်း၊ နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုတွင် တစ်ထောင့်တစ်နေရာမှပါဝင်ပြီး ကူညီရာရောက်ကြောင်း၊ သင်္ကြန်ပွဲတော်သည် လူအများ စိတ်ဝင်စားသည့်ပွဲတော်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်တွင် စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်းပြီး မဏ္ဍပ်ပိုင်ရှင်များဘက်မှ သိစေချင်ကြောင်း၊ အနုပညာရှင်များအနေဖြင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင် အရေးကြီးသည့်ကဏ္ဍမှ အစဉ်တစိုက်ပါဝင်ခဲ့ကြောင်း၊ ခေတ်စနစ်အပြောင်းကို အင်နှင့်အားနှင့် ပါဝင်ဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ကြောင်း၊ သင်္ကြန်ကာလတွင် မဏ္ဍပ်ပိုင်ရှင်များနှင့် စာချုပ်ချုပ်ဆိုထားသည့် အနုပညာရှင်များအတွက် ၎င်းတို့၏ ဘဝရပ်တည်နိုင်မှု၊ လိုအပ်ချက် ပြောင်းလဲမှုများအတွက် လိုအပ်သည့်ကိစ္စတစ်ရပ်လည်းဖြစ်ကြောင်း၊ စီးပွားဆန်သည့် မဏ္ဍပ်များကိုခွင့်မပြုတော့သည့်အခြေအနေတွင် ချုပ်ဆိုထားသည့် စာချုပ်များသည် ပျက်ပြယ်သွားသည့်အခြေအနေတွင်ရှိကြောင်း၊ အဆိုပါကိစ္စအပေါ်တွင် အနုပညာရှင်များအနေဖြင့် ပြုပြင်ပြောင်းလဲရေးကာလတွင် ညွှန်ကြားချက်များမထွက်ခင်၊ အသိပေးမှုများမရှိခင် လုပ်ထားသည့်ကိစ္စရပ်များဖြစ်သည့်အတွက် အဆိုပါကိစ္စများ ပျက်ပြယ်သွားသည့်အခြေအနေပေါ်တွင် စိတ်မကောင်းဖြစ်မိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းရပ်များတွင် ပူးပေါင်းဆောင်ရွက်စေချင်ကြောင်း၊ ပြည်သူများနှင့်အတူ အနုပညာရှင်များအနေဖြင့်လည်း ပြုပြင်ပြောင်းလဲရေးများတွင် ပါဝင်စေချင်ကြောင်း၊ ယခုဖွဲ့စည်းထားသည့်အစိုးရသည် ပြည်သူလူထုဆန္ဒကို ဖြည့်ဆည်းပေးရန် အဂတိကင်းစင်သည့် အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်များကို ခွင့်ပြုသည့်နေရာတွင်လည်း အဂတိကင်းပြီး ပွင့်လင်းမြင်သာမှုရှိသည့် ပုံသဏ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ရန်ကုန်တိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ပန်းသဉ္ဇာမျိုးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို ဝန်ကြီးချုပ်နှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ပြန်လည်ဖြေကြားသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ညနေ ၆ နာရီထိ တစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးကိုရှေးရှု၍ မဏ္ဍပ်များကို တစ်နေရာတည်းတွင် စုပြုံဆောက်လုပ်ကျင်းပခြင်း မရှိစေရန်၊ အယ်နီညိုကြောင့် ရေရှားပါးမှုပြဿနာကို ကြိုတင်ကာကွယ်ရန်အတွက် ရေသုံးစွဲမှုကိုချွေတာ လျှော့ချရန်၊ ခရိုင်လေးခုတွင် ခရိုင်ဗဟိုမဏ္ဍပ်များပြုလုပ်ပြီး မြို့နယ်များအလိုက် နေရာအနှံ့ စည်ကားစွာကျင်းပနိုင်ရန်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ခုတုံးလုပ်၍စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နေသည့်ကိစ္စများ ပပျောက်စေရန်၊ သင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်များ အရက်သေစာမူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေမည့် အပြောအဆို ဝတ်စားဆင်ယင်မှုကို ကာကွယ်တားဆီးရန်၊ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းလိုက်နာပြီး အပြုသဘောဆောင်သည့် မဟာသင်္ကြန်သံချပ်များပေါ်ပေါက်စေရန်နှင့် မဟာသင်္ကြန်ပွဲတော်တွင် အမှန်တကယ်ရေကစားမည့်သူများအတွက် မဏ္ဍပ်ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်များကို အများပြည်သူလွယ်ကူစွာရရှိစေရေးအတွက် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**သတင်း - နေလင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

◆

**○ ကျောဖုံးမှ**

၃၉ ပိုက်ပူ၊ မာကြီးရှည်၊ မာယာပရောဂျက်၊ အချစ်များနဲ့ ဖန်ဆင်းမယ်၊ ခိုးခိုးခစ်ခစ်၊ မော်ဒန်ရာဇဝင်၊ အဆုံးမဲ့အချစ်၊ တိုက်ဆိုင်မှုရှိခဲ့လျှင်၊ နှလုံးသားဖြင့်ပြုလုပ်သည်၊ အောင်မြင်ကျော်ကြား စူးရှ ထက်မြက်၊ သက်တံသစ်၊ ကိုတင့်တို့ စူပါရပ်ကွက်၊ အွန်လိုင်းပေါ်ကဝိညာဉ်၊ လော်မင်္ဂလာ၊ ကောင်းကျိုးကိုယ်၌တည်စေမင်း၊ ရည်းစားဦးနှင့် အသက်ကို အသက်ထက်ပိုချစ်သည် တို့ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်နိုင်မည့် ဇာတ်ကား ၁၄ ကားမှာ မဟာဆန်တဲ့မာယာမျက်နှာဖုံး၊ အောင်ဘာလေ၊ ချစ်စံအိမ် ၂၀၂၈၊ လူကြီးမင်းခင်ဗျာ၊ ကျွန်မက နှင်းဆီပါမောင်၊ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား၊ ကျူးပစ်ရဲ့ ကျေးကျွန်များ၊ မောင့်အိမ်သူ၊ ကျွန်မရည်းစားဘုရားမှာ နေသည်၊ မင်္ဂလာလှည်း၊ နက္ခတ်မှားတဲ့တိုက်ပွဲ၊ ဤအရာကိုအချစ်လို့ခေါ်သလားနှင့် ရောင်နီဦးရဲ့ အလင်းရောင်နှင့်အတူ တို့ဖြစ်သည်။

အဆိုပါဇာတ်ကားတွေထဲမှ ဒီနေ့မှာတော့ ဘယ်အနုပညာရှင်တွေက ဘယ်ဇာတ်ကားတွေနဲ့ ထူးချွန်ဆုရရှိမလည်းဆိုတာ ပရိသတ်ရင်ထဲက ပေးထားတဲ့ အနုပညာရှင်တွေနှင့် တကယ်ရရှိသူထပ်တူကျရဲ့လားဆိုတာကိုတော့။

**(ခင်ဇာလီ)**

# ရာသီဝက်ချန်ပီယံ ရတနာပုံအသင်း လက်ရှိချန်ပီယံ ရန်ကုန်ကို အနိုင်ယူ

**ရန်ကုန် မေ ၂**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဗထူးကွင်းနှင့် သုဝဏ္ဏကွင်း၌ ကျင်းပသည်။

**(ဗထူးကွင်း)**

**ရတနာပုံ-သုံးဂိုး၊ ရန်ကုန်-နှစ်ဂိုး။**

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း နည်းပြချုပ် ရီးနေး ကွင်းအတွင်း ဝင်ရောက်ကြီးကြပ်ခွင့် ပိတ်ပင်ခံထားရခြင်း၊ ဝါရင့်ကစားသမား ရန်ပိုင် မပါနိုင်သည့် ရတနာပုံအသင်းမှာ ပွဲအစတွင် ကစားကွက်တည်မရဖြစ်နေပြီး ၂၂ မိနစ်အတွင်း နှစ်ဂိုးပေးခဲ့ရသည်။ အမှတ်ကွာဟမှုကို ကျဉ်းမြောင်းနိုင်ရန် မဖြစ်မနေနိုင်ပွဲလိုအပ်နေသည့် ရန်ကုန်အသင်းမှာ နိုင်ငံခြားသား တိုက်စစ်မှူးနှစ်ဦးကို ကျော်ကိုကို၊ ကြည်လင်းတို့ဖြင့် တွဲဖက်ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းမှာ အဝေးကွင်းတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ခုနစ်မိနစ်နှင့် ၂၂ မိနစ်တို့တွင် ကျော်ကိုကို၏ ဖန်တီးပေးမှုမှ မာဆယ်လိုက နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သည်။ မထင်မှတ်ဘဲ နှစ်ဂိုးပေးလိုက်ရသောကြောင့် ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၁ မိနစ်တွင် မျိုးကိုထွန်းက ပထမချေပဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံပရိသတ်အချို့၏ အလွန်အကျူးအားပေးမှုများရှိခဲ့ပြီး ကွင်းအတွင်းသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၈ မိနစ်တွင် ရဲကိုဦးကြောင့် ရတနာပုံအသင်း ပယ်နယ်တီရခဲ့ကာ မာတူနာက အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရတနာပုံ ကစားပုံပိုကောင်းလာပြီး ၅၈ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဝင်းနိုင်စိုးက ခေါင်းတိုက်သွင်းခဲ့သောကြောင့် အနိုင်ဂိုး ရရှိခဲ့သည်။ ပွဲပြီးခါနီးတွင် ရန်ကုန်အသင်း ချေပဂိုးပြန်လည်ရရှိခဲ့သော်လည်း လူကျွံဘော သတ်မှတ်ခံရ၍ နစ်နာခဲ့ရပြီး ဂိုးမရရှိခဲ့သောကြောင့် ရန်ကုန်ကစားသမားအချို့ ဒိုင်ကို ကန့်ကွက်ခဲ့ကြသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၉ မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူခဲ့သည်။

**(ယနေ့ပွဲ)**

**(အောင်ဆန်းကွင်း)**

**ရခိုင်-ရှမ်းယူနိုက်တက်**

**(သုဝဏ္ဏကွင်း)**

**Horizon - Southern**

**(ရွှိုင်းထက်ဇော်)**

**◆ မြန်မာမှ**

နံစောင်း ထပ်မံထိကာ လဲကျပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ထွန်းထွန်းမင်း ပထမအချီမှာပင် အလဲထိုးနိုင်ခဲ့သည်။

ပြည်တွင်း စိန်ခေါ်ပွဲစဉ်များဖြစ်သည့် ထယ်ကြီး (STL)နှင့် ထွန်းလွင်မိုး (နဂါးမာန်)တို့ပွဲစဉ် ဒုတိယအချီထိ ထယ်ကြီး ခံစစ်ဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း လက်ရည်မမျှသဖြင့် ဒိုင်အဖွဲ့က ထွန်းလွင်မိုးကို အနိုင်ပေးလိုက်သည်။ ရွှေဖြူမင်း(ရွှေသောင်ရင်း)နှင့် သားအသည်းတစ်ပွင့်(ဗမာ့သွေး)တို့ ပွဲစဉ် သားအသည်းတစ်ပွင့် အနိုင်ရခဲ့ပြီး ရွှေမင်းရာဇာ(ရွှေကုက္ကို)နှင့် ဒေါင်းသည်းခြေ (အောင်မြန်မာ)တို့တွဲဆိုင်းတွင် ဒုတိယအချီမှာပင် ရွှေမင်းရာဇာသက်လုံကျကာ ဒေါင်းသည်းခြေအနိုင်ရခဲ့သည်။ လေးချီစိန်ခေါ်ပွဲတွင် ဆင်ရိုင်းလေး (ရွှေသောင်ရင်း) ထောက်လက်သီးစောချစ်အောင် လည်မျိုထိကာ လဲကျပြီး ဆင်ရိုင်းလေး အနိုင်ရခဲ့သည်။ ကျန်ကျောင်း (ဗမာ့သွေး)နှင့် ရွှေခြူးအောင် (ရွှေကုက္ကို)တို့တွဲဆိုင်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

မြန်မာ-ရုရှား လက်ဝှေ့ပွဲ မစတင်မီ မြန်မာမီဒီယာဂရု(ပ်)မှ မြန်မာစစ်သူကြီးဝတ်စုံဖြင့် ဝတ်ဆင်သရုပ်ပြသခဲ့ပြီး ရုရှားနိုင်ငံ မော်စကိုမြို့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ရုရှားတိုက်ပွဲဝင်အကကို သရုပ်ပြတင်ဆက်ခဲ့သည်။

**သတင်း - အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း**

# ငြိမ်းချမ်းရေးသင်္ကြန်

## ဆူးငှက်

**ဂြီ သ ဏ္ဍ ရာင် တစ် ထောင် သုံး ရာ ကိုး ခု နှစ် ပြာ သို လ ဆုတ် ကိုး ရက် တ န င်္ဂ နွေ နေ့ အား ငါ တို့ မြန် မာ ပြည် လုံး ဝ လွတ် လပ် သော အ ချုပ် အ ချာ အာ ဏာ ပိုင် ပြည် ထောင် စု သ မ္မ တ မြန် မာ နိုင် ငံ တော် ကြီး အ ဖြစ် ကောင်း စွာ ရောက် သ တည်း**

ဤသို့ လွတ်လပ်ရေးကြေညာအပြီး တစ်နှစ်ကျော်အကြာ ၁၉၄၉ ခု မတ်လ ၁၁ ရက် ညနေ ၃ နာရီအချိန်မှာပင် ပြည်တွင်းစစ်ကြောင့် မန္တလေးသည် တိုင်းရင်းသားလက်နက်ကိုင် ကေအင်ဒီအိုတပ်များအောက်သို့ကျရောက်ခဲ့ရသည်။ တစ်ပြည်လုံးအတိုင်းအတာအရလည်း ပြည်တွင်းစစ်မီးက တောက်လောင်နေ၏။ မန္တလေးမြို့၏ အုပ်ချုပ်ရေးရုံးအချို့ စစ်ကိုင်းသို့ ဆုတ်ခွာရုံးထိုင်ကြရသည်။

ဗိုလ်မှူးကြင်ဦးစီးသော မန္တလေးအခြေစိုက် အစိုးရတပ်ပေါင်းစုက စစ်ကိုင်းတွင် အင်အားပြန်လည်စုစည်းပြီး မန္တလေးမြို့သိမ်းတိုက်ပွဲ ဆင်နွှဲရပြန်သည်။ ၁၉၄၉ ခု ဧပြီ ၆ ရက်နေ့တွင် မန္တလေးကို ပြန်လည်ရရှိခဲ့သည်။ ဗိုလ်မှူးကြင်၊ ဗိုလ်မှူးအေးမောင်၊ ဗိုလ်မှူးထွန်းစိန်အစရှိသော တပ်မှူးများ ဦးဆောင်သည့် တပ်ပေါင်းစုက မန္တလေးကို ပြန်လည်အုပ်စီးခဲ့သည်။ မြို့သိမ်းတပ်၏ရှေ့တန်းကွပ်ကဲရုံးက လက်ဆည်ကန်အရပ်ရှိ နဂါးဒေါ်ဦးတိုက်၌ ဖွင့်လှစ်ထားရသည်။ ဧပြီ ၈ ရက်နေ့တွင် မန္တလေးမြို့သိမ်းအခမ်းအနားကြီးကျင်းပခဲ့၏။ နံနက် ၇ နာရီတွင် မန္တလေးစစ်ရဲဌာနချုပ်၌ တပ်ပေါင်းစုံစုရုံးပြီး ၈ နာရီထိုးသည်နှင့် စည်တော်ကြီးရွှမ်းကာ ရဟန်းသံဃာများနှင့် မြို့သိမ်းတပ်က တပ်အခမ်းအနားဖြင့် ချီတက်သည်။

ချီတက်ရာ လမ်းတစ်လျှောက်လွတ်လပ်သော ပြည်ထောင်စုမြန်မာ နိုင်ငံတော်အလံက ကြယ်ငါးပွင့်နှင့်အတူ ရဲရဲနီနေသည်။ ပရိသတ်များကား လမ်းဘေးတစ်ဖက်တစ်ချက်တိုးမပေါက်ခဲ့။ ဧပြီ ၈ ရက်ဆိုတော့ မကြာမီရက်ပိုင်းအတွင်း၌ပင် သင်္ကြန်ကျတော့မည်။ မြို့လူထုနှင့် အေးအတူပူအမျှရင်အုပ်မကွာရှိခဲ့သော မြို့မတူရိယာအသင်းကလည်းတပ်ပေါင်းစုံနှင့်အတူ လိုက်ပါလာကာ အေဝမ်းဆရာညွှာ၏ "ပြည်တော်ဝင်" သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ခဲ့သည်ဆို၏။ တစ်ကျော့ပြန်

"ပြည်တော်ဝင်"

"မေ့မေ့ပျောက်ပျောက်. . . .၊အောက်မေ့လို့နေ
တိုက်တာအိမ်ခြေ၊ စည်းစိမ်ရှင်တွေ
လူကြုံရင်ခံနိုင်ဘူး၊ အထူးပင်မှတ်ကြစေ
အရင်လို ပျော်ပျော်ရွှင်ရွှင်နေ . .
မြို့မအသင်းကပြောမလေ . . . "တဲ့။

မည်သို့ပင် "အရင်လိုပျော်ပျော်ရွှင်ရွှင်နေကြပါ။ တက်ခေတ်လူငယ်များ အားအင်တောင့်တင်းခိုင်မာပါစေ" ဟုဆိုငြားကိုယ်ကျိုး အတ္တများဖြင့် ဒေါသတကြီးလောင်မြိုက်ခဲ့သော ပြည်တွင်းစစ်မီးကြီးက အရှိန်မသတ်နိုင်သေး . . . .။ ၁၉၅၀ ခုနှစ်ဝန်းကျင်ကာလအထိ မန္တလေးအနီးတစ်ဝိုက်မှာပင် တံတားဦး၊ ကျောက်ဆည်၊ မတ္တရာ၊ ပြင်ဦးလွင်လမ်း (၂၁) မိုင် စသည်ဖြင့် တိုက်ပွဲတွေကြိုးကြား ဖြစ်နေဆဲပင်။ တပ်မင်းဗိုလ်မှူးကြီး ချစ်မြိုင်၏ တပ်မဟာ(၆)က မန္တလေးနန်းတွင်းမှာ အခြေစိုက်သည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တန်ယုဆိုင်နှင့် ဒုတပ်ရင်းမှူး ဗိုလ်မှူး ချစ်ခိုင်တို့၏ ခလရ (၈)ကလည်း နန်းတွင်း၌ပင် တပ်ထိုင်ကာ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကျောက်မြောင်းနှင့် တံတားဦး၊ ကျောက်ဆည်၊ မြင်းခြံတြိဂံနယ်မြေသို့ စစ်ဆင်သည်။ လွတ်လပ်ရေးရပြီးနှစ်နှစ်ကျော်ကြာသော်လည်း မအေးချမ်းနိုင်သေး။ ညရေးညတာ ခေါင်းပြားအောင် မအိပ်နိုင်သေး။ ကောင်းရောင်းကောင်းဝယ် မလုပ်နိုင်သေး။ လက်နက်အားကိုးဖြင့် ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟူသော စိတ်ယုတ်ကို မပယ်ဖျောက်နိုင်သေး။ တစ်တိုင်းပြည်လုံး လူများစု၏ဆန္ဒက "ငြိမ်းချမ်းရေး" ဖြစ်နေကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်ကာ "ငြိမ်းချမ်းရေး" အတွက် ဘက်ပေါင်းစုံတွင် ညှိနှိုင်းတောင်းဆိုနေကြပြီ။ သို့သော် . . . . ကျွဲပါးစောင်းတီး။

သည်လိုနှင့် ဆင်နွှဲနေကျ သင်္ကြန်ကာလ ကျရောက်လာပြန်သည်။ တကယ်တော့ သင်္ကြန်ဟူသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ပွဲတော်ကြီးဖြစ်သည်။

အယုတ်အလတ်အမြတ်မရွေး အတန်းအစားမခွဲ တစ်သားတည်းပျော်ပါးလွတ်လပ်စွာ ဆင်နွှဲခဲ့ကြသည့်ပွဲတော်ဖြစ်သည်။ အမိန့်အာဏာတစ်စုံတစ်ရာဖြင့် အတင်းအကျပ်စေခိုင်းပျော်ပါးစေသည့် ပွဲမဟုတ်။ ကိုယ်ကျိုးစီးပွား၊ အဖွဲ့အသင်းစီးပွားဖြင့် မျက်နှာစာတစ်ခုတည်းကြည့်၊ မချိသွားဖြဲရယ်ကျဲကျဲဖြင့် ပျော်ဟန်နွှဲခြင်းလည်း မဟုတ်။ ပူဇော်၊ ပသ၊ ခစား၊ အတန်းအစားခွဲခြားသည့် ပျော်တော်ဆက်ပွဲလည်းမဟုတ်။

နိုင်ငံသူနိုင်ငံသားမှန်သမျှ အခွင့်အရေးကိုယ်စီဖြင့် ကိုယ်ပိုင်ဆုံးဖြတ်တည်ထောင်စီမံပိုင်ခွင့်ဖြင့် မျှဝေခံစားပျော်ရွှင်ကြသည့်ပွဲတော်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြရာ၌ တပ်မတော်သားပါသည်။ တက္ကသိုလ်ကျောင်းသားပါသည်။ ရုံးသူရုံးသားပါသည်။ ကျောင်းသူကျောင်းသားပါသည်။ ဈေးသူဈေးသားပါသည်။ ဆေးလိပ်သမပါသည်။ မော်တော်ကားဒရိုင်ဘာပါသည်။ ပါဝင်ဆင်နွှဲ သည်ဆိုသည်ကလည်း ရေပက်ရုံ၊ ရေပက်ခံရုံမျှ မဟုတ်၊ အနုပညာကို ထုတ်ဖော်ကွန့်မြူးကာ အားလုံးကိုယ်စီသီချင်းရေးစပ်၊ သီချင်းသီဆို၊ ကိုယ်တိုင်ပါဝင် တီးမှုတ်ကခုန်ကြခြင်းဖြစ်ပါ၏။ ဂီတသုခုမပညာရှင်များကလည်း ကိုယ့်အနုပညာကို အများနှင့်မတူ ထုတ်ဖော်ကြသည်။ ပန်းချီ၊ ပန်းပုပညာရှင်များကလည်း ကိုယ့်စိတ်ကူးစိတ်သန်းဖြင့် သင်္ကြန်ကိုအလှဆင်ကြသည်။

ရှေးဟောင်းသုတေသန ပန်းချီဆရာဦးအုန်းမောင်က မြန်မာ့ရိုးရာရုပ်လုံးပညာဖြင့် ဟင်္သာရုပ်ကြီးချိုးကာ ပန်းကနုတ်အပြင်အဆင်များဖြင့် "မဟာနွယ်" အလှပြယာဉ်ကို ပြင်ဆင်ပေးသည်။ ပန်းချီဆရာကြီး ဦးဘသက်က ခေတ်သစ်နှင့်ရိုးရာ အချိုးညီပေါင်းစည်းသည့် အပြင်အဆင်ဖြင့် "ထီလာမောင်" အလှပြယာဉ်ကို ဖန်တီးပေးသည်။ ပန်းချီဆရာကြီး ဦးလှပေါ်က ပြင်ဦးလွင်-မန္တလေး မော်တော်ယာဉ်အသင်းအတွက် ကြီးမားလှပသော ဟင်္သာရုပ်လုံးကြီးကိုပင် ချိုးပေးခဲ့သည်။

ထီလာရေသဘင်က "ကရဝိက်ရုပ်လုံးကြီး"၊ ဘုရင့်မောင်က "ရှင်ဘုရင်ရုပ်လုံး"၊ ရွှေမန်းမောင်က "ချိုးဖြူရုပ်"၊ ခင်တို့မောင်က "ကြိုးကြာ"၊ ကြယ်နီရောင်က "ငါးမြှောင့်ကြယ်ကြီးနှင့် ဥဒေါင်းနှစ်ကောင်"၊ တက္ကသိုလ်မောင်၊ ချစ်သွေးညီနှင့် နေပြည်တော်ကလည်း "ခွပ်ဒေါင်းရုပ်ကြီး" များ . . . ။

ခြင်္သေ့ရုပ်လုံးကြီးများဖြင့် ပြင်ဆင်ထားသောအသင်းများက မန္တလေးဗဟိုအမျိုးသားကျောင်းမှ "ကျောင်းတော်ဗဟို"၊ "ပျိုတို့မောင်" နှင့် "ဈေးချိုမောင်" တို့ဖြစ်သည်။ ရွှေနန်းတော်က "ငွေခရု"၊ ရွှေစဉ်မောင်က "တိုက်သင်္ဘော"၊ ပုလဲမောင်က "ငါးရုပ်"၊ နန်းမြင့်မောင်က "ကျုံးမြို့ရိုးနှင့်နန်းမြင့်"၊ နန်းရှေ့မောင်က "အမြောက် ၄ လက်နှင့် တိုက်သင်္ဘော"၊ ပြည်ထောင်စုနန်းရှေ့လှေတော်ယာဉ်က "ဗိုလ်ချုပ်အောင်ဆန်း" ပုံဖြင့် လှေကြီး. . .။ ဥတ္တရတိုင်းစစ်ဌာနချုပ်က "ကျားခေါင်းကြီး"တို့ဖြင့် ပြင်ဆင်ကာနွှဲပျော်ကြသည်။ ဤသို့ဖြင့် ထိုနှစ်သင်္ကြန်တွင် မန္တလေးတစ်မြို့လုံး အလှပြယာဉ်အသင်းပေါင်း ၄၀ ကျော်နှင့် အမျိုးသမီးရေသဘင်အဖွဲ့ ၅၀ ကျော်တို့ ပါဝင်ကာ ဆင်နွှဲကြခြင်းဖြစ်သည်။

"ငြိမ်းချမ်းရေး" ဆန္ဒဟူသော ဒီရေကနေ့စဉ်လို စက္ကန့်မလပ်မို့ ရိုးရာသင်္ကြန်ပွဲတော်ကြီး၌ပင် "ငြိမ်းချမ်းရေး" လွှမ်းခြုံနေသည်။ ၁၉၅၀ ခု (ကောဇာသက္ကရာဇ် ၁၃၁၁ ခုမှ ၁၃၁၂ ခုနှစ်အကူး) သင်္ကြန်ကို မန္တလေးမှာ "ငြိမ်းချမ်းရေး" သင်္ကြန်ဟု ကမ္ပည်းတင်သည်။ ထိုစဉ်က နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ကိုယ်တိုင် ပါဝင်နွှဲကြ၏။ သို့သော် ထိုနှစ်ကထူးထူးခြားခြား မန္တလေးမြို့မအသင်းသားတွေက ရန်ကုန်သင်္ကြန်၌ ဆင်နွှဲကြ၏။ ရန်ကုန်ရောက် "မန္တလေးမြန်မာကုန်သည်များအသင်း" ၏ အစီအစဉ်ဖြင့် "ရွှေမန်းရေယာဉ်" ဟု အမည်ပေးကာ ငွေငန်းရုပ်အလှဆင်ရေသဘင်ကားကြီး ဆင်သည်။

ထို့နောက် ရုပ်ရှင်နောက်ခံဂီတအသံသွင်းရန် ကိစ္စအတွက် ရန်ကုန်ရောက်နေသော ဆရာမြို့မငြိမ်းကိုယ်တိုင် "ရွှေမန်းရေယာဉ်" ဖြင့်လိုက်ပါပြီး သင်္ကြန်ပွဲဆင်နွှဲသည်။ မန္တလေးတွင်ရှိစဉ် ကာလတစ်လျှောက်လုံး မြို့မငွေငန်းယာဉ်ပေါ်တွင် လိုက်ပါလေ့မရှိသော ဆရာမြို့မငြိမ်းက ရန်ကုန်သင်္ကြန်တွင် ကိုယ်တိုင် ပါဝင်ဆင်နွှဲသဖြင့် ထူးခြားနေသည်။ "ရွှေမန်းရေယာဉ်"တွင် ၁၉၄၇ ခုနှစ်က ရေးစပ်ခဲ့သော "ရွှေမန်းတောင်ရိပ်ခို" သီချင်းကို ၁၉၅၀ ခုနှစ် ရန်ကုန်သင်္ကြန်၌ ဆရာမြို့မငြိမ်းကိုယ်တိုင် ပြန်လည်သစ်ဆန်းခဲ့သောအခါ အထူးနှစ်သက်ခဲ့ကြသည်။

နာမည်ကျော် ဘီဒီဘရားသားအုပ်စုကလည်း ထိုနှစ်တွင် ထိုသီချင်းကိုတက်ယူပြီး သူတို့၏ ကော်ဖီကြော်ငြာရုပ်ရှင်ကားပိုင်းတို၏ သင်္ကြန်အစီအစဉ် နောက်ခံသီချင်းအဖြစ် ကိုအံ့ကြီးက သီဆိုအသံသွင်းခဲ့၏။ ဘီဒီဘရားသားတီးဝိုင်း၏ ဧည့်ခံပွဲတိုင်း ထိုသီချင်းက ခေတ်စားခဲ့သည်။ "ရွှေမန်းတောင်ရိပ်ခို"အပြင် သီချင်းသစ်အဖြစ် ဆရာမြို့မငြိမ်းက "ငြိမ်းချမ်းရေးရေသဘင်" သီချင်းကို ရေးစပ်ခဲ့သည်။ သမိုင်းနောက်ခံဖြင့် ထင်ရှားစေခဲ့သော သီချင်းဟုဆိုသော် လွန်အံ့မထင်၊ နားဆင်ကြည့်ကြပါဦး။

"(သဘာဝရွှင်မြူး၊ နှစ်ကူးဗမာ့(မြန်မာ့)
ရေသဘင်
ခါရေစင်လန်းကြည့်ရွှင် အေးစေချင်
ချမ်းတယ်ခင်
စိမ့်စိမ့်ချမ်းချမ်း . . အေးအေး
လောင်းပေ
လောင်းလေအေးလေ၊ အေးလေ
လောင်းလေတွေမို့
ချစ်မိတ်ဆွေဖြစ်ကြောင်း အခွင့်
ကောင်းကြုံလို့ပင်)၂
(ရွှေဂုန်သူမို့ ဖျတ်လတ်ဖြူစင်
ရှင်းကြော့ယဉ်ယဉ်
မာပါစေဆုထူးဆင်)၂
ပိတောက်တွေ ဝေဝေလွင်လွင်
ရွှေရည်လူး၊ ဖူးပွင့်တဲ့ဒီအချိန်
တွင် . . . .
ဗမာ (မြန်မာ)ပြည်၊ ငြိမ်းချမ်းရေး
ရွှက်သစ်နုနု
ခါတော်ရေစင်ဖျန်းလို့ ဝေစီလွင် . . .၊
ငွေငန်းဆုတောင်း. . . အောင်
ကြောင်းကိုပင် ခါတော်ရေ
သဘင် . . . . " တဲ့လေ။

အခုလည်း "အောင်စည်ရွှမ်းသံကြားရပြီထင့် ပြည်တော်ဝင်မယ်လေ. . " ဟု သမိုင်းသစ်စာမျက်နှာ ဖွင့်လှစ်ခဲ့ကြပြီးနောက် နှစ်သစ်နှစ်ကူး အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း ငြိမ်းချမ်းရေးရွက်သစ်ရွက်နုတွေ ဝေဝေစီလန်းစေချင်ပါဘိ။ ။



**တကယ်တော့ သင်္ကြန်ဟူသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ပွဲတော်ကြီးဖြစ်သည်။ အယုတ်အလတ်အမြတ်မရွေး အတန်းအစားမခွဲ တစ်သားတည်း ပျော်ပါးလွတ်လပ်စွာ ဆင်နွှဲခဲ့ကြသည့်ပွဲတော်ဖြစ်သည်။ အမိန့်အာဏာတစ်စုံတစ်ရာဖြင့် အတင်းအကျပ်စေခိုင်းပျော်ပါးစေသည့်ပွဲမဟုတ်၊ ကိုယ်ကျိုးစီးပွားအဖွဲ့အသင်းစီးပွားဖြင့် မျက်နှာစာတစ်ခုတည်းကြည့်၊ မချိသွားဖြဲရယ်ကျဲကျဲဖြင့် ပျော်ဟန်နွှဲခြင်းလည်းမဟုတ်။ ပူဇော်၊ ပသ၊ ခစား၊ အတန်းအစားခွဲခြားသည့် ပျော်တော်ဆက်ပွဲလည်း မဟုတ်။**

# ငါ့သရောက်မြို့ ပြည်သူ့ကျန်းမာရေးဆေးရုံ၌ ဆရာဝန်များနှင့် သူနာပြု ဆရာ ဆရာမများလိုအပ်နေ၍ ဖြည့်ဆည်းပေးရန် ဒေသခံများမျှော်လင့်

**ငါ့သရောက် ဧပြီ ၂**

ငါ့သရောက်မြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်၊ သူနာပြု ဆရာမများ လိုအပ်လျက်ရှိနေသဖြင့် ဖြည့်ဆည်းပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၅၉၅၀ ဖြင့် ၂၅ ခုတင်ဆံ့ ဆေးရုံအဆောက်အအုံသစ်တစ်လုံးနှင့် ကျန်းမာရေး ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် လေးလုံးဆောက်လုပ်ပေးခဲ့သည်။

ထိုသို့ ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးခဲ့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးနိုင်ရန်အတွက် ဆရာဝန်နှင့် သူနာပြု ဆရာ ဆရာမလိုအပ်မှုများရှိနေသေးကြောင်း ငါ့သရောက်မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒေသခံများအနေဖြင့် ကျန်းမာရေးဆေးကုသမှုများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် မကြုံသေးသော်လည်း အခက်အခဲများနှင့် ကြုံတွေ့ရပါက မလိုလားအပ်သည့် အခြေအနေများ မဖြစ်ပေါ်စေရန် ယခုကဲ့သို့ မိမိတို့မြို့နယ်တွင် လိုအပ်နေသည့် ဆရာဝန်များနှင့် ဆရာ၊ ဆရာမများကို ဖြည့်ဆည်းပေးစေလိုခြင်းဖြစ်ကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်ပြည်သူ့ဆေးရုံတွင် လစ်လပ်နေသည့် ဝန်ထမ်းအရေအတွက်မှာ ဆရာဝန် သုံးဦး၊ သူနာပြု ဆရာ ဆရာမ ၃၁ ဦး၊ စုစုပေါင်းဝန်ထမ်းဦးရေ ၃၄ ဦး လစ်လပ်လျက်ရှိနေကြောင်း ငါ့သရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းဦးရေစာရင်းများအရ သိရသည်။

သို့ဖြစ်၍ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်နေသည့် ဝန်းထမ်းဦးရေများကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စိစစ်ခွင့်ပြုချထားပေးမည့်အခွင့်အရေးအား ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းချုပ်နှင့် Asia Connect (Thailand) Co.,Ltd. တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ပဉ္စမအကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းချုပ်ရုံး ကုန်သွယ်မှုအရောင်းစင်တာတွင် ဧပြီ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြပွဲတွင် မြန်မာ၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဂျာမနီ အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြခန်းပေါင်း ၅၀ ကျော်ပါဝင်ပြသကြပြီး ဧပြီ ၁ ရက်မှ ၄ ရက်အထိ လေးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာနသည် ၁၉၉၅ ခုနှစ်တွင် ကျောက်မျက်ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပြီး လတ်တလော ကျောက်မျက်ဥပဒေအရ ပြည်ပပို့ကုန် ကျောက်မျက်အကြမ်းထည် ၃၀ ရာခိုင်နှုန်း အခွန်ဆောင်ရန်ပြဋ္ဌာန်းထား၍ တန်ဖိုးမြှင့်အချောထည်တင်ပို့မှုကို ၅ ရာခိုင်နှုန်း လျှော့ပေါ့မည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်များကို တောင်ကိုရီးယားနှင့် တရုတ်မှ အများဆုံး ဝယ်ယူသည်ဟု သိရသည်။ သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျောက်မျက်ရတနာ ပြည်ပတင်ပို့မှုမှ အခွန်ဒေါ်လာသန်း ၁၄ ဒသမ ၆၅ သန်း ရရှိပြီးဖြစ်သည်ဟု သိရသည်။

**(သန်းဦးလှိုင်)**

# တီဘီဝေဒနာရှင်များအား စေတနာ့ဝန်ထမ်း ပြုစုစောင့်ရှောက်မှုသင်တန်းဖွင့်

**တံတားဦး ဧပြီ ၂**

ကျောက်ဆည်ခရိုင်နှင့် တံတားဦးမြို့နယ်တို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တီဘီဝေဒနာရှင်များအား စေတနာ့ဝန်ထမ်း ပြုစုစောင့်ရှောက်မှု မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံ အတွင်းရှိ သံဃာဆေးကုသဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေငွေမော်က အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာတွင် DOTS နည်းလမ်းဖြင့် တီဘီရောဂါဆေးတိုက်ကျွေးကုသခြင်း မဟာဗျူဟာ၊ ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်များ၊ တီဘီရောဂါကာကွယ်ရေး အသိပညာပေးခြင်း အကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်း ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယမင်းအိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ စေတနာ့ဝန်ထမ်း သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**(ရဲတင့်)**






# မြိုင်မြို့မြေအောက်ရေတွင်းများ လျှပ်စစ်ဖြင့်တပ်ဆင်ဆောင်ရွက်

**မြိုင် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့အမှတ်(၁) ထန်းငယ်တောရပ်ကွက်တွင် မြေအောက်ရေတူးဖော်ရာ အနက်ပေ ၃၅၀ ရှိ ၆ လက်မ ပိုက်ရေတွင်း တူးဖော်အောင်မြင်သည့် ရေတွင်းများအား လျှပ်စစ်ထရန်စဖော်မာထိုင်ရန် ဧပြီ ၁ ရက်က လုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

မြိုင်မြို့တွင် သုံးရပ်ကွက်ရှိပြည်သူ ၇၀၀၀ ကျော်အား သောက်ရေ၊ သုံးရေသုံးစွဲမှုကို ခွဲတန်းကျဖြစ်ပြီး ရာသီအချိန်မရွေး ရေခက်ခဲမှုကို ဖြေရှင်းနိုင်ရန်၊ သောက်သုံးရန် ရေချိုရေကောင်းရရှိရေး ကော်မတီဖော်ခြင်းလုပ်ငန်းများတွင် စည်ပင်သာယာရေးကော်မတီဝင်များနှင့် လျှပ်စစ်ဝန်ထမ်းများစုပေါင်းဆောင်ရွက်ရာ မြေအောက်အနက်ပေ ၃၅၀၊ ခြောက်လက်မတွင်း လေးတွင်း တူးဖော်အောင်မြင်ပြီး အလှူရှင်ဦးမြင့်အောင်-ဒေါ်တင်နု အမှတ်(၃) ရပ်ကွက်က ရေတွင်းတစ်တွင်း လှူဒါန်းသည်။

ရေတွင်းများနေရာသို့ စိမ့်စမ်းမြိုင်လမ်းမှ ပေ ၅၀၀ ထိ 11kvလိုင်းများသွယ်တန်း၍ ထရန်စဖော်မာ ၃၁၅ kv(Auto Top Changer)တို့ဖြင့် ဓာတ်အားတည်ငြိမ်စွာ အသုံးပြုပြီး ရေပေးရေးပစ္စည်းများကို မြို့တွင်းရေဖြန့်ဝေမှုစနစ်ကျစေရန် ဆောင်ရွက်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ယခုတူးဖော်သည့် ရေတွင်းများမှာ အနက် ပေ ၃၅၀ ရှိပြီး ရေတက်အား သုံးရာအထိမြင့်ကြောင်း သိရသည်။

**စိန်မြိုင် (မြိုင်)**

# သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**အရာတော် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

"ကျေးရွာတွေမှာ လတ်တလော သောက်ရေသုံးရေရှိပေမယ့် ရုတ်တရက် သောက်သုံးရေပြတ်လပ်နိုင်သော ကျေးရွာခြောက်ရွာကို သောက်သုံးရေပြတ်လပ်မှု အခြေအနေနှင့် ကြုံလာပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်ကျေးလက်မှ ဦးစီးအရာရှိ ဦးတေဇာထွန်းက ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ



## တစ်ကိုယ်တော် ဂီတမှတ်တိုင်သစ်စိုက်ထူခဲ့တဲ့ One Direction ရဲ့ အဖွဲ့ဝင်ဟောင်း ဇေ

လူငယ်ပရိသတ်တွေ အကြားမှာ ရေပန်းစားခဲ့တဲ့ ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်ဟာ သူ့ရဲ့ ပထမဆုံးတစ်ကိုယ်တော် အယ်လ်ဘမ်ဖြစ်တဲ့ "Mind of Mine"လို့ အမည်ရတဲ့စတူဒီယိုအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတွေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက စတင်ပြီး တစ်ပုဒ်ချင်း ဖြန့်ချိခဲ့ရာ မတ် ၂၅ ရက်မှာ အပြီးသတ်ထုတ်လွှင့်ခဲ့ကာ ဂီတမှတ်တိုင်တစ်ခုစိုက်ထူခဲ့ပြီ ဖြစ်ပါတယ်။

"Mind of Mine" စတူဒီယို အယ်လ်ဘမ်ထဲမှာ သီချင်းအမျိုးအစားပေါင်း များစွာပါဝင်ပြီး ဇေဟာ အဲဒီအယ်လ်ဘမ်အသစ်အတွက် အောင်ပွဲအနေနဲ့ မကြာသေးမီက အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ ပါတီပွဲတစ်ခု ကျင်းပခဲ့ပါတယ်။ အဆိုပါပါတီပွဲမှာ ပရိသတ်တွေကို "Mind of Mine" အယ်လ်ဘမ်ထဲက "Truth" သီချင်းအပါအဝင် သီချင်း ၁၄ ပုဒ်နဲ့ ဖျော်ဖြေခဲ့တယ်လို့လည်း သိရပါတယ်။

"One Direction" အဖွဲ့ကို ကျောခိုင်းခဲ့တာ တစ်နှစ်ခန့်ရှိပြီဖြစ်တဲ့ အသက်(၂၃)နှစ်အရွယ်ရှိ ဇေရဲ့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်ထုတ်လွှင့်ခဲ့တဲ့ "Pillowtalk" လို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော်တေးသီချင်းဟာ ထွက်ရှိပြီးမကြာခင်မှာ တေးဂီတဝက်ဘ်ဆိုက် တော်တော်များများမှာ ရောင်းအားအကောင်းဆုံး ဖြစ်ခဲ့တာမို့ အခုအယ်လ်ဘမ်သစ်ကိုလည်း ဘေလ်ဘုတ်ရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်တွေစာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေဦးမယ်လို့ ခန့်မှန်းနေကြပါတယ်။

ဇေဟာ "One Direction" အဖွဲ့နဲ့ ငါးနှစ်ကြာလက်တွဲခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ မတ်လအတွင်းမှာ အဖွဲ့ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ "One Direction" အဖွဲ့ဟာ "The X Factor" လို့ အမည်ရတဲ့ ဗြိတိန်တဲလန့်ရှိုးတစ်ခုကနေ ကမ္ဘာ့ဂီတလမ်းကြောင်းပေါ်ကို ရောက်ရှိလာခဲ့ကာ တစ်ရှိန်ထိုးကျော်ကြားလာခဲ့တဲ့ ဗြိတိန်လူငယ်အမျိုးသား ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။

**ဖြိုးစန္ဒာမြင့်**

# ဒရူးဘယ်ရီမိုးနဲ့ တတိယအကြိမ် ကွာရှင်းပြတ်စဲခြင်း



ဒရူးဘယ်ရီမိုးနဲ့ ဝေးလ်ကိုပဲလ်မန်း

အမေရိကန်လူမျိုး သရုပ်ဆောင်၊ မော်လ်ဒယ်နဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဒရူးဘယ်ရီမိုးဟာ လတ်တလောမှာ သူ့ရဲ့တတိယမြောက်ခင်ပွန်းဖြစ်သူ အနုပညာအကြံပေး ဝေးလ်ကိုပဲလ်မန်းနဲ့ တရားဝင် ကွာရှင်းပြတ်စဲဖို့ ကြိုးပမ်းနေကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းက တရားဝင်လက်ထပ်ခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ အိမ်ထောင်သက် လေးနှစ်ခန့်အကြာမှာ သမီးလေးနှစ်ဦးထွန်းကားခဲ့ပြီးတဲ့နောက် ယခုလိုလမ်းခွဲဖို့ အခြေအနေကို ရောက်ရှိလာခဲ့တာပဲ ဖြစ်ပါတယ်။ လမ်းခွဲရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးက ဖွင့်ဟလာခဲ့တာကတော့ ဘယ်ရီမိုးက လော့စ်အန်ဂျယ်လိစ်မှာ ပြောင်းရွှေ့နေထိုင်လိုပေမယ့် ခင်ပွန်းဖြစ်သူက လက်ရှိနေထိုင်ရာ နယူးယောက်မှာပဲ ဆက်လက်နေထိုင်လိုရာကနေ ပြဿနာစခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ လတ်တလောမှာ သူတို့နှစ်ဦးဟာ သီးခြားနေထိုင်လျက်ရှိပြီး သမီးလေးတွေရဲ့မျက်နှာကြောင့် ကွာရှင်းပြတ်စဲပြီးပါကလည်း ရင်းရင်းနှီးနှီးနေထိုင်သွားဖို့ နှစ်ဦးစလုံးက ဆန္ဒရှိနေကြပါတယ်။

အသက် (၄၁)နှစ်အရွယ် မင်းသမီးဒရူးဘယ်ရီမိုး အတွက် (၃၈)နှစ်အရွယ် ကိုပဲလ်မန်းနဲ့ တရားဝင်ကွာရှင်းပြတ်စဲလိုက်မယ်ဆိုရင် ယခုတစ်ကြိမ်လမ်းခွဲခြင်းဟာ တတိယအကြိမ်မြောက် ကွာရှင်းပြတ်စဲခြင်းဖြစ်လာမှာပါ။

ဘယ်ရီမိုးဟာ သူ့ရဲ့ပထမဦးဆုံးသော အိမ်ထောင်ကို သူ့အသက် (၁၉)နှစ်မှာ ပြုခဲ့တာဖြစ်ပါတယ်။ သူဟာ ၁၉၉၄ ခုနှစ်မှာ လော့စ်အန်ဂျယ်လိစ်က ဘားဆိုင်ပိုင်ရှင် ဂျာရေမီသောမတ်စ်နဲ့ လက်ထပ်ခဲ့ပြီး အိမ်ထောင်သက် နှစ်လခန့်အကြာမှာပဲ ကွာရှင်းခဲ့ပါတယ်။ သူ့ရဲ့ဒုတိယမြောက်အိမ်ထောင်ဖြစ်တဲ့ ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ တွမ်ဂရင်းနဲ့ ၂၀၀၁ ခုနှစ် ဇူလိုင်လအတွင်းမှာ လက်ထပ်ခဲ့ကာ တစ်နှစ်မပြည့်ခင် ဒီဇင်ဘာလအတွင်းမှာ စတင်ကွာရှင်းခဲ့ပြီး ၂၀၀၂ ခုနှစ် အောက်တိုဘာလအတွင်းမှာ အပြီးသတ်ကွာရှင်းပြတ်စဲနိုင်ခဲ့ပါတယ်။ တွမ်ဂရင်းဟာ ဘယ်ရီမိုးရဲ့ နာမည်ကျော်ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Charlie's Angels" မှာ အတူပါဝင်သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဘယ်ရီမိုးဟာ သူ့ရဲ့တတိယမြောက်အိမ်ထောင်ဖြစ်တဲ့ ကိုပဲလ်မန်းနဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာ စတင်တွေ့ဆုံခဲ့ကာ ၂၀၁၂ ခုနှစ်အတွင်းမှာ တရားဝင်လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာဆောင်ကပုံရိပ်တွေကို ပီးပဲလ်မဂ္ဂဇင်းကြီးမှာ ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဘယ်ရီမိုးဟာ ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းမှာ သမီးလေး အိုလစ်ကို မွေးဖွားခဲ့ပြီး ဒုတိယမြောက်သမီးလေးကိုတော့ ၂၀၁၄ ခုနှစ် ဧပြီလအတွင်းမှာ မွေးဖွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁ ရက်မှာတော့ ဘယ်ရီမိုးနဲ့ကိုပဲလ်မန်းတို့ ကွာရှင်းတော့မယ်ဆိုတဲ့အကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြလာခဲ့တာ ဖြစ်ပါတယ်။



## ယခုလအတွင်း တရုတ်ကို ရောက်ရှိမယ့် "Captain America: Civil War"

လူစွမ်းကောင်းရုပ်ရှင်တွေထဲမှာ လူစွမ်းကောင်းတွေအများဆုံး စုစည်းပါဝင်ထားတဲ့ရုပ်ရှင်တစ်ခုလို့ဆိုနိုင်တဲ့ " Captain America"ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ တတိယမြောက်ရုပ်ရှင် " Captain America: Civil War "အတွက် ပရိမိုးရှင်းအစီအစဉ်တစ်ခုကို လာမယ့် ဧပြီ ၁၉ ရက်မှာ တရုတ်နိုင်ငံ ဘေကျင်းမြို့မှာ ကျင်းပသွားဖို့ စီစဉ်ထားကြောင်း တရုတ်သတင်းမီဒီယာတစ်ခုဖြစ်တဲ့ ရှင်ဟွာက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယင်းပရိမိုးရှင်းအစီအစဉ်ကို အဆိုပါရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ခရစ်အီဗန်စ်၊ စီဘတ်စတီန်းစတန်နဲ့ အန်သိုနီကာ့ခ်ကီတို့လည်း တက်ရောက်ကြမှာဖြစ်ပြီး အဆိုပါရုပ်ရှင်ကို တရုတ်နိုင်ငံမှာ ထုတ်လွှင့်ပြသမယ့်ရက်ကို အဆိုပါအခမ်းအနားရဲ့ ညီလာခံမှာ ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ကြောင်း ယင်းရုပ်ရှင်ကိုထုတ်လုပ်တဲ့ ရက်စ်စိုဘရားသားစ်ကုမ္ပဏီက လူမှုကွန်ရက်မီဒီယာကနေ တစ်ဆင့် ဖော်ပြခဲ့ပါတယ်။

**အေးပြည့်-စုစည်းသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၄ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**မွန်းလွဲပိုင်း**

၁း၀၀ Live: ၂၀၁၄-၂၀၁၅ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ဝင်ပွဲ အခမ်းအနား

**ညပိုင်း**

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ ခါသကြွန်အဆိုအကများ
၆း၄၀ Special Movie "Transformer"
၉း၁၀ တေးဂီတအစီအစဉ်
၉း၂၀ နိုင်ငံတကာရုပ်ရှင်သီချင်း
၉း၃၀ မြန်မာရုပ်ရှင် "ဒါရိုက်တာ"
၁၂း၀၀ အစီအစဉ်ပြီး၏။

*** ည (၉း၃၀) - Live: English Premier League " Manchester United Vs Everton"**

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၅း၃၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Business News
၈း၃၅ အောင်မြင်သူနှင့်အတူ
၉း၃၅ ခါသကြွန်အဆိုအကများ
၁၀း၃၅ ကဗျာရိပ်မြုံ "ရွှေဇယ်ပွဲ"
၁၁း၁၅ ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၁၂း၃၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း အစီအစဉ်
၃း၀၀ ၂၀၁၄-၂၀၁၅ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
-Tasty Trip
-ဆိုကြမယ်၊ ပျော်ကြမယ်

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "သေလာထေရ်ရှိ" တရားတော်[ဆရာတော် ဒေါက်တာ အရှင်ဥာဏိသရ (သီတဂူဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၂၁)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်(Michelin Safe On The Road)
၈း၀၀ Cartoon Series (Go Go Giggles)
၈း၅၅ Weekly Sports Diary
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၈)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ သင်္ကြန်တေးသီချင်းများ
၁၁း၀၅ Star တို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို" (အပိုင်း-၅၅+၅၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" [အရိပ်မည်း (အပိုင်း-၂)]
၃း၀၀ MYANMAR ACADEMY AWARDS 2014-2015 (Live)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၉)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို " (အပိုင်း-၅၇+၅၈)
၁၁း၀၅ World of Knowledge(Knights of Mayham: Threat To The Throne)
၀း၅၀ MRTV-4 Stage
၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၉)
၄း၃၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ(မဇ္ဈိမဒေသ၏ ဗုဒ္ဓဂယာ မြေမြတ်မဟာမှ မဟာဗောဓိ မဏ္ဍိုင်)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင် ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၁း၅၀ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အိပ်ပျော်နေသော မိန်းကလေး
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသေချ် (အပိုင်း-၄၉)
၂း၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၄း၀၉ မျိုးချစ်တပ်မတော်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၁၀)
၅း၄၅ ဒီဗိုင်နာတို့ရဲ့ ဒီဗိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
နိုင်ငံတကာသတင်း
မိုးလေဝသ သတင်း
VOA အင်္ဂလိပ်စာ သင်ခန်းစာ
-ယနေ့ညအတွက်
မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်မျက်ရည်သက်သေတည် အပိုင်း(၁၁)
-သင့်အတွက်မနက်ဖြန်

# အောင်မြင်မှုကိုရှာဖွေချင်လို့ မန်ယူကိုစွန့်ခွာပြီး ပီအက်စ်ဂျီကိုပြောင်းရွှေ့ခဲ့ခြင်းဖြစ်ဟု ဒီမာရီယာဖွင့်ပြောပြီ

**မနှစ်ကနွေဈေးကွက် ကစားသမားအပြောင်းအရွှေ့မှာ ပြဿနာအများဆုံးနဲ့ ပြီးဆုံးသွားခဲ့တဲ့ အပြောင်းအရွှေ့တစ်ခုက ဒီမာရီယာရဲ့ အပြောင်းအရွှေ့ပါ။ ဒီမာရီယာဟာ ၂၀၁၄ ခုနှစ် နွေကမှ ပူပူနွေးနွေး ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်ကနေ မန်ယူကို ပြောင်းရွှေ့လာသူပါ။ ရီးယဲလ်မက်ဒရစ်နည်းပြ အန်စလော့တီဟာ ဒီမာရီယာရဲ့ ကစားဟန်ကို သဘောကျနှစ်သက်သူဖြစ်ပေမယ့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ တိုနီခရူးစ်တို့ကို ခေါ်ယူခဲ့တာကြောင့် နေရာပျောက်ဖို့ အလားအလာများသွားတဲ့ ဒီမာရီယာဟာ မန်ယူကို ပြောင်းရွှေ့ခဲ့ရတာဖြစ်ပါတယ်။သူကတော့ မန်ယူအသင်းမှာ နေရာခြောက်နေရာလောက် ပြောင်းလဲကစားခဲ့ရတဲ့အပေါ် စိတ်ကျေနပ်မှုမရှိဘဲ ဒါက သူ့ရဲ့ခြေစွမ်းကို ပျောက်သွားစေတဲ့ အကြောင်းအရင်းတစ်ရပ်လို့ ရှုမြင်ပါတယ်။ သူဟာ ရာသီအစငါးပွဲမှာ သုံးဂိုးအထိသွင်းယူနိုင်ခဲ့ပေမယ့် နောက်ပိုင်းကစားခဲ့တဲ့ ပွဲစဉ်(၂၇)ပွဲမှာ တစ်ဂိုးသာ သွင်းယူနိုင်မှုနဲ့အတူ မန်ယူလူငယ်အသင်းနဲ့သာ လေ့ကျင့်ရေးဆင်းခဲ့ရတာကြောင့် ဒီလိုဖြစ်စဉ်တွေက မန်ယူကို ကျောခိုင်းဖို့ လုံလောက်ခဲ့တယ်လို့ ဆိုပါတယ်။**

ဒါ့အပြင် ဒီမာရီယာက သူဟာ ရည်မှန်းချက်ကြီးတဲ့ကစားသမား ဖြစ်တာကြောင့် အောင်မြင်မှုနဲ့ ဝေးကွာနေတဲ့ မန်ယူရဲ့ အနေအထားဟာ သူ့ကို ပီအက်စ်ဂျီကို ပြောင်းရွှေ့စေဖို့ တွန်းအား ဖြစ်ပါတယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဒါ့အပြင် အခုမန်ယူရဲ့ လက်ရှိအခြေအနေနဲ့ ပီအက်စ်ဂျီရဲ့ လက်ရှိအနေအထား ဒီနှစ်ခုကိုနှိုင်းယှဉ်ရင် သူ့ရဲ့ရွေးချယ်မှု မှန်ကန်ခဲ့တာ သက်သေပဲလို့လည်း ထောက်ပြခဲ့ပါတယ်။

မန်ယူက အနေအထားနဲ့ ပတ်သက်ပြီး ဒီမာရီယာက“ မန်ယူအသင်းရလဒ်တွေဆိုးခဲ့တဲ့အပေါ် ကျွန်တော်ရော၊ အသင်းဖော်တွေရောမှာ အပြစ်မရှိပါဘူး။ တကယ်က နေရာအမျိုးမျိုး ပြောင်းကစားခိုင်းနေတဲ့ အတည်တကျမရှိတဲ့ အနေအထားကိုဖန်တီးခဲ့တဲ့ နည်းပြရဲ့အယူအဆကိုပဲ အပြစ်တင်ရမှာပါ။ ကျွန်တော်က ပရော်ဖက်ရှင်နယ်ကစားသမားပါ။ ဒါ့ကြောင့် မကစားချင်ဘဲ နည်းပြကို ဆန့်ကျင်နေတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ တစ်ပွဲမှာ တစ်နေရာပြောင်းကစားနေရတဲ့သူတစ်ယောက်အနေနဲ့ ဂိုးဘယ်လိုသွင်းရမလဲ ဆိုတာတောင် မသိတော့လောက်အောင်ဖြစ်ခဲ့တာတော့ အမှန်တရားပါ” လို့ ပြန်ပြောပြပါတယ်။

ဒါ့ကြောင့် သူဟာ မန်ယူရဲ့ အမေရိကန်ခြေစမ်းပွဲခရီးစဉ်ကို လိုက်ဖို့ ဆန္ဒမရှိတော့ဘဲ ပီအက်စ်ဂျီကိုသာ ပြောင်းရွှေ့တော့မယ်လို့ ကြေညာခဲ့တာ ဖြစ်တယ်လို့ ရှင်းပြပါတယ်။ မနှစ်က ချယ်လ်ဆီး၊ ပီအက်စ်ဂျီ၊ ဘာစီလိုနာ တို့နဲ့ အမေရိကန်မှာ ခြေစမ်းမယ့် ခရီးစဉ်ကို အာဂျင်တီးနားနဲ့အတူ ကိုပါအမေရိကဖလားပွဲ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ ဒီမာရီယာ အချိန်မီရောက်မလာလို့ မန်ယူနည်းပြဗန်ဟားလ်ရဲ့ ဒေါသပေါက်ကွဲခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဒီမာရီယာ ပီအက်စ်ဂျီကို ပြောင်းရွှေ့ကြေးပေါင် ၄၄ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပြီလို့ နှစ်ဖက်အသင်းတာဝန်ရှိသူတွေက ကြေညာခဲ့ကာ ဒီမာရီယာရဲ့ အပြောင်းအရွှေ့ ဇာတ်လမ်းကလည်း ပြဿနာတွေနဲ့အတူ ပြီးဆုံးသွားခဲ့ပါတယ်။

အခုအချိန်မှာတော့ မန်ယူဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးလေးနေရာဝင်ဖို့ ခက်ခက်ခဲခဲရုန်းကန်နေရပြီး ချန်ပီယံမျှော်လင့်ချက်ဆိုလို့ အက်ဖ်အေဖလားတစ်ခုသာ ရှိပါတော့တယ်။ ပီအက်စ်ဂျီကတော့ ရာသီမကုန်မီ စောစောစီးစီးပဲ ပြင်သစ်ပထမတန်းချန်ပီယံဆုကို ရယူခဲ့ပြီး ဖြစ်သလို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်၊ ကုတ်ဒီဖရန့်ဖလားပြိုင်ပွဲမှာ အကြို ဗိုလ်လုပွဲအဆင့်ထိတက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် ဖလားသုံးလုံး အိပ်မက်မက်နိုင်တဲ့အသင်းလို့ ယူဆရတော့မှာ ဖြစ်ပါတယ်။ဒါ့ကြောင့် အောင်မြင်မှု ရှာဖွေချင်လို့ မန်ယူကို ကျောခိုင်းခဲ့တာလို့ ဝေဖန်ခဲ့တဲ့ ဒီမာရီယာရဲ့ အပြောဟာ မန်ယူအမာခံပရိသတ်တွေအတွက် မခံချင်စရာ ကိစ္စရပ်ဖြစ်နေပေမယ့် အမှန်တရားနဲ့ နီးစပ်နေတယ်လို့ ယူဆရင်း. . .။




## ဘာဆီလိုနာတိုက်စစ်မှူး မက်ဆီ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့မည်မှာ April Fool သာဖြစ်



ဧပြီ ၂ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၁၃ တွင် ဖော်ပြခဲ့သည့် ဘာသာပြန်ဆောင်းပါး **‘ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီ ရီးယဲလ်မက်ဒရစ်သို့ အံ့အားသင့်ဖွယ် ပြောင်းရွှေ့မည်’** သတင်းသည် အင်တာနက်အားကစားသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သော www.goal.com မှ ရေးသားထားသော်လည်း ၎င်းဝက်ဘ်ဆိုက်တွင် ယနေ့ဖော်ပြထားသော ကွန်းမန့်များအရ April Fool ဖြစ်ကြောင်း ကြေးမုံစာဖတ်ပရိသတ်များအား အသိပေး တောင်းပန်အပ်ပါသည်။ **(စာတည်း)**

## လက်စတာတွင်သာ နည်းပြဘဝအဆုံးသတ်ရန် ရာနီရေရီစဉ်းစား

လက်စတာနည်းပြ ရာနီရေရီက ၎င်းအနေဖြင့် မည်သည့်အသင်းသို့မျှ ပြောင်းရွှေ့တော့မည်မဟုတ်ဘဲ နည်းပြဘဝကို လက်စတာအသင်းတွင်သာ အဆုံးသတ်သွားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။ အသက်(၆၄)နှစ်ရှိနေပြီဖြစ်သည့် အီတလီလူမျိုးရာနီရေရီသည် လက်စတာအသင်းအား ကိုင်တွယ်ခဲ့သည့် ပထမဆုံးရာသီမှာပင် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁)နေရာကိုရောက်ရှိအောင် ဦးဆောင်မှုပေးနိုင်သောကြောင့် ယခုထက်ပိုမိုအင်အားကြီးအသင်းတစ်ခုကိုပြောင်းလဲကိုင်တွယ်နိုင်သည်ဟု သတင်းများ ထွက်ပေါ်နေရာ ရာနီရေရီက ယခုကဲ့သို့ ရှင်းလင်းလိုက်ခြင်းဖြစ်သည်။ ရာနီရေရီက ယူရို-၂၀၁၆ အပြီး အီတလီလက်ရွေးစင်အသင်းနည်းပြအဖြစ်မှ ထွက်ခွာမည်ဟု သတင်းပြေးနေသည့် နည်းပြကွန်တီနေရာအား အစားထိုးတာဝန်ယူတော့မည်ဟု သတင်းထွက်နေသူဖြစ်သည်။ရာနီရေရီသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လက်စတာအသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုထားခဲ့သေးသည်။

ရာနီရေရီက “ကျွန်တော်ဒီနေရာမှာပဲ ဆက်ရှိနေမှာသေချာပါတယ်။ ဘာအကြောင်းတရားနဲ့မှ ကျွန်တော်စိတ်ပြောင်းမှာ မဟုတ်ပါဘူး။ အသင်းကို တည်ဆောက်ဖို့ ကျွန်တော် ဒီနေရာကိုရောက်နေတာဖြစ်ပါတယ်။ အသင်းပိုင်ရှင်က ကျွန်တော်နဲ့ ပတ်သက်ပြီး စိတ်ကျေနပ်မှုရှိတယ်ဆိုရင် ကျွန်တော်လည်းပဲ ဒီအတွက် ကျေနပ်မိမှာပါ”ဟုပြောကြားလိုက်သည်။

# အိုဇေးလ်ရဲ့မှတ်ချက်အတွက် ဝင်းဂါး စိတ်အနှောင့်အယှက်ဖြစ်

မေလွဲသင်း
စုစည်းသည်

အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်က အာဆင်နယ်အသင်းမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်သည့် မိမိတို့လက်တွင်းရောက်ရှိခဲ့သည့် အခွင့်အရေးကို လွှင့်ပစ်ခဲ့ကြောင်း ဧပြီ ၁ ရက်နေ့က ဝေဖန်ပြောဆိုခဲ့ရာ နည်းပြ ဝင်းဂါးက အိုဇေးလ်၏ မှတ်ချက်မှာ အပေါင်းလက္ခဏာ မဆောင်သောကြောင့် ၎င်းအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြန်လည်ချေပခဲ့သည်။ အိုဇေးလ်က အာဆင်နယ်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရသင့်သည့် ပွဲများကို အနိုင်မကစားနိုင်သဖြင့် ယခုကဲ့သို့ ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးရန် ရှစ်ပွဲသာလိုတော့ချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံးရှိ လက်စတာနှင့် ၁၁ မှတ်အထိ ကွာဟသွားခဲ့ရခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ၁၀ ပွဲတွင် သုံးပွဲသာ အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံမျှော်လင့်ချက်မှာ ပျက်ပြယ်လာခဲ့ခြင်းဖြစ်သည်။ အိုဇေးလ်မှာ ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးဂိုးဖန်တီးမှု၊ အကောင်းဆုံးခြေစွမ်းများဖြင့် ကလပ်အသင်းအတွက် အထောက်အကူပြုနိုင်ခဲ့သော်လည်း အဆုံးအဖြတ်ပေးနိုင်သည့် တိုက်စစ်ကစားသမားရှားပါးနေသည့် အာဆင်နယ်အသင်းမှာမူ အခွင့်အရေးများစွာ ဖြုန်းတီးခဲ့သဖြင့် အိုဇေးလ်က စိတ်ပျက်နေခြင်းဖြစ်သည်။အာဆင်နယ်အသင်း ရလဒ်ဆိုးများ၏ အဓိက အကြောင်းတရားတစ်ရပ်မှာ ပုံမှန်ဂိုးသွင်းခြေရှိသည့် တိုက်စစ်ကစားသမား မရှိဘဲ အသင်း၏သွင်းဂိုးများအတွက် ဆန်းချက်ဇ်၊ ဝဲလ်ဘတ်တို့နှစ်ဦးတည်းကိုသာ မှီတည်နေရခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လက်ကျန်ပွဲစဉ်ရှစ်ပွဲလုံး အနိုင်ရလျှင်ပင် ပရီမီယာလိဂ်ဆုဖလားရရှိရန် အခွင့်အရေးနည်းသွားဖြစ်ရာ မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်က စပါးအသင်းသာလျှင် လက်စတာ၏ ပရီမီယာလိဂ်ချန်ပီယံအိပ်မက်ကို ဖျက်ဆီးနိုင်သည့် တစ်ခုတည်းသော အသင်းဖြစ်ကြောင်း မကြာသေးမီကပင်မှတ်ချက်ပြုခဲ့သည်။

ဝင်းဂါးက“ သူ့ရဲ့ မှတ်ချက်က အပေါင်းလက္ခဏာ မဆောင်ပါဘူး။ ဒီမှတ်ချက်အတွက် သူနဲ့ ကျွန်တော်ဆွေးနွေးသွားဦးမှာပါ။ ၁၀၀ မှာ တစ်ရာခိုင်နှုန်းပဲ အခွင့်အရေးရှိတော့တယ်ဆိုရင်တောင် ကျွန်တော်တို့ စွမ်းဆောင်ပြနိုင်လိမ့်မယ်လို့ ယုံကြည်ချက်နဲ့ အလုပ်လုပ်သင့်တာပေါ့” ဟု တုံ့ပြန်လိုက်သည်။

အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးအား အာဆင်နယ်ဘက်မှ စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ကြိုးပမ်းနေသော်လည်း ကစားသမားနှစ်ဦးစလုံးက ယခုထိ သဘောတူညီမှု မပြုကြသေးပေ။ ထို့ပြင် အိုဇေးလ်မှာ အာဆင်နယ်၏ လက်ရှိအနေအထားအပေါ် စိတ်ပျက်နေသောကြောင့် ရီးယဲလ်မက်ဒရစ်သို့ ပြန်လည်အခြေချရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း စပိန်မီဒီယာများက အလေးပေးဖော်ပြနေသည်။ အိုဇေးလ်ကလည်း ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းမှာ သူ၏ အားအကျဆုံး ကစားသမားတစ်ဦးဖြစ်ပြီး ဇီဒန်းနှင့် ကစားဟန်တူသည်ဟု ချီးကျူးခံရတိုင်း ကျေနပ်ရကြောင်းဆိုခဲ့ရာ ကောလာဟလများ ပိုမိုကျယ်ပြန့်လာရခြင်းဖြစ်သည်။



# လားရှိုးမြို့ နားဖကျေးရွာအနီးတွင် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**လားရှိုး ဧပြီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နားဖကျေးရွာအဝင်ဆိုင်းဘုတ်အနီး လားရှိုး-မိုင်းယော်သွားကားလမ်းမပေါ်တွင် ဧပြီ ၁ ရက်က ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကျင်းပနိုင်ရေးအတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများအား မိုင်းယော်ဘက်သို့ မော်တော်ယာဉ်ဖြင့် လမ်းကြောင်းပြောင်းပြန်သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ ဧပြီ ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က မူးယစ်တပ်ဖွဲ့စု(၂၄)မှ ရဲအုပ်မြတ်သူရွှေ ဦးစီးတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နားဖကျေးရွာအဝင် ဆိုင်းဘုတ်အနီး လားရှိုး-မိုင်းယော်သွား ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် လားရှိုးမြို့မှမိုင်းယော်ဘက်သို့ လီလောက်အယ်မောင်းနှင်ပြီး ရန်ရွှေချင့် စီးနင်းလိုက်ပါလာသည့် YGN 6H---- LANDCRUISER မော်တော်ယာဉ်အား စစ်ဆေးရာ ဘိန်းဖြူမှုန့်အလေးချိန် ၁၁ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၂၂ ခွက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ နှင့် မြန်မာငွေစက္ကူရောရာသိန်း ၁၅၀ တို့အား ရှာဖွေတွေ့ရှိခဲ့ပြီး ဖမ်းဆီးရမိသူများအား ကွင်းဆက်စစ်ကြောဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ငွေး (လားရှိုး)**



လီလောက်အယ်နှင့် ရန်ရွှေချင့်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# သဘာဝအပူဖြင့် အောင်းအပူဖြစ်ကာ မုံရွာစက်မှုဇုန်ရှိ ဆန်စက်တွင် မီးလောင်မှုဖြစ်ပွား

**မုံရွာ ဧပြီ ၂**

စွန့်ပစ်ပစ္စည်းများနှင့် ဖွဲနုများအချိန်ကြာမြင့်စွာ တည်ရှိနေရာမှ သဘာဝအပူဖြင့်အောင်းအပူဖြစ်ပေါ်ကာ မီးလောင်မှုတစ်ခု ဧပြီ ၁ ရက် နံနက် ၁ နာရီကျော်က မုံရွာစက်မှုဇုန်ရှိ သန်းတစ်ရာဆန်စက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မုံရွာစက်မှုဇုန်ရပ်ကွက် နယ်မြေ (၂) သစ္စာလမ်းရှိ သန်းတစ်ရာဆန်စက်တွင် အောင်းအပူမှစတင်လောင်ခဲ့ရာ ၁၂ ပေ၊ ၆ ပေရှိ စပါးတင်း ၁၀၀ ဆံ့ ဇလားခွက်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ ကျော်၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ယာဉ်၊ ရေသယ်ယာဉ် ၁၂ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်စက်မန်နေဂျာအား မုံရွာမြို့ အမှတ်(၂) ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ် ရဲမှူးစိန်မင်းထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နေအိမ်ကို မီးရှို့သူအား အရေးယူ

**နေပြည်တော် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စု ရွာသာညွန့်ရွာတွင် မတ် ၃၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က နေအိမ်မီးရှို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရွာနေ ကိုငြိမ်း (၄၈)နှစ်သည် ဇနီးဖြစ်သူ မဆန်းဝင်းနှင့် စကားများရန်ဖြစ်ရာက နေအိမ်အား မီးရှို့မည်ဟုဆိုကာ အိမ်ရှေ့ရှိ မီးဖိုမှမီးစွဲနေသော ထင်းချောင်းကိုယူပြီး နေအိမ်အား မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားကြောင်းသိရှိရပြီး မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကိုငြိမ်းအား မော်လမြိုင်ကျွန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ကုန်တင်သင်္ဘောဖြင့်လိုက်ပါလာသူ အရက်သေစာသောက်စား၍ တံတားပေါ်မှ ခြေချော်ကာ ပြုတ်ကျသေဆုံး


**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက်ရှိ စဉ့်အိုးတန်း အမှတ် (၂) ဇောတံတားတွင် ကုန်တင်သင်္ဘောဖြင့် လိုက်ပါလာသူတစ်ဦး အရက်သေစာသောက်စားပြီး သင်္ဘောပေါ်သို့ ပြန်တက်စဉ် တံတားပေါ်မှ ခြေချော်ပြုတ်ကျ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘိုကလေး-ကဒုံကနီ-ရန်ကုန်သို့ ပြေးဆွဲနေသည့် "သီဟဇော်"အမည်ရှိ ကုန်တင်သင်္ဘောသည် မတ် ၂၉ ရက် ညနေ ၅ နာရီခန့်က အဆိုပါ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားစဉ် ယင်းသင်္ဘောဖြင့် လိုက်ပါလာသူ သန့်ဇင် (၂၀)နှစ် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာနေထိုင်သူသည် ကမ်းပေါ်သို့တက်၍ အရက်သေစာသောက်စားကာ လှေပေါ်သို့ပြန်တက်စဉ် တံတားပေါ်မှ ခြေချော်ပြုတ်ကျသဖြင့် လှေသားများက ဝိုင်းဝန်းဆယ်ယူရန် ကြိုးစားသော်လည်း ရေစီးဖြင့် မျောပါပျောက်ဆုံးသွားသောကြောင့် သင်္ဘောပိုင်ရှင်က သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြုတ်ကျသူ၏ အလောင်းကို မတ် ၃၁ ရက် ညနေ ၆ နာရီတွင် လှည်းတန်း အမှတ် (၁) ဇောတံတားအနီးကမ်းစပ်တွင် ရေနစ်သေဆုံးတင်ကျန်လျက် ပြန်လည်တွေ့ရှိခဲ့၍ သက်ဆိုင်ရာက စစ်ဆေးမှုများပြုလုပ်ရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊မဟုတ် သိရှိနိုင်ရန် ဆိပ်ကမ်းမြို့နယ် မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**



# ချမ်းမြသာစည်မြို့နယ်တွင် လိုင်စင်မဲ့ယာဉ်နှင့် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ


**ချမ်းမြသာစည် ဧပြီ ၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းဝယ်နေကြောင်း သတင်းအရ နယ်မြေခံတပ်မှ တပ်ကြပ်ကြီး တင်မျိုးဝင်း၊ တပ်ကြပ် ချိုဦးနိုင်၊ ဒု-တပ်ကြပ် မြတ်မင်းထွန်း၊ ကျော်စိုးလင်းတို့ ပါဝင်သောအဖွဲ့သည် ဧပြီ ၁ ရက် ည ၉ နာရီခွဲက ချမ်းမြသာစည်မြို့နယ် အမှတ်(၅)ရပ်ကွက် မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား (၆၆) လမ်းနှင့် (၆၇) လမ်းကြားတွင် စောင့်ဆိုင်းနေစဉ် ပြင်ဦးလွင်မြို့နယ် မိုးကြိုးကွက်သစ် ကျေးရွာနေ ရဲရင့်သူ(၂၆)နှစ် မောင်းနှင်လာသော 4C/----ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် မော်တော်ယာဉ်ဖြင့် ထွက်ပြေးခဲ့သဖြင့် ဆိုင်ကယ်များဖြင့် လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ ယာဉ်ပေါ်တွင် ယာဉ်မောင်း ရဲရင့်သူနှင့် ကျော်စိုးတို့ နှစ်ဦးအား ဖမ်းဆီးရမိပြီး ယာဉ်အား စစ်ဆေးရာ သုည ဒသမ ၅ ဂရမ်ပါ ဘိန်းဖြူတစ်ထုပ်၊ စိတ်ကြွဆေးပြား ၅၆ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် သယ်ဆောင်မောင်းနှင်လာသောယာဉ်မှာလည်း လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရသဖြင့် အမှတ်(၁၁)မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မောင်ပြည်သူ)**



## ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ၌ လျှပ်စစ်မီးရရှိ၍ လမ်းမီးများသွယ်တန်းပြီး

**ချောင်းဦး မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် ညနေ ၆ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ချောင်းဦးမြို့နယ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကံဌေး၊ နတ်ရေကန်ကျေးရွာမှ မီးလင်းရေးကော်မတီဝင်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူး ဦးမောင်မောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ရွာမိရွာဖ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက မိန်းဘရိတ်ကာအား ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်လွင်ဦးက လျှပ်စစ်ကို အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးနှင့် ပတ်သက်ပြီး ပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

"နတ်ရေကန်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ (၁၁)ကေဗွီ မိန်းလိုင်း လေးမိုင်နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့အား ကူညီပံ့ပိုးပေးခဲ့ပြီး ကျေးရွာလူထုမှ ၄၀၀ ဗို့လိုင်း နှစ်မိုင်သွယ်တန်းကာ လမ်းမီးများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက ပြောသည်။

**ရဲအောင်(ချောင်းဦး)**

## ပုသိမ်မြို့၌ သောက်သုံးရေနှင့် မီးဘေးကာကွယ်ရေးအတွက် ရှေးဟောင်းသောက်သုံးရေကန်ကြီးအား ပြန်လည်တူးဖော်

**ပုသိမ် မေ ၂**

ပုသိမ်မြို့ အမှတ် (၂) နယ်မြေ ကန်လမ်း၊ ကုလားတန်း၊ ရွှေစည်းခုံမဟာစေတီလမ်း ထောင့်၌ တည်ရှိသော ရှေးဟောင်း သောက်သုံးရေကန်ကြီးမှာ လူနေထူထပ်ကျပ်တည်းမှုကြောင့် ရေဆိုးရေညစ်များဖြင့် တိမ်ကောလုနီးပါးရှိနေရာ ယင်းရေကန်ကြီးအား ပြန် လည်တူးဖော်နေကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မီးဘေးအန္တရာယ်ကာကွယ်ရန် လိုအပ်သကဲ့သို့ သောက်သုံးရေ အခက်အခဲ မရှိစေရန် ပုသိမ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်း၊ ဒေသဖွံ့ဖြိုးရေးကော်မတီဝင် ဦးဇော်ဝင်း၊ အမှတ် ၂ ရပ်ကွက် ဖွံ့ဖြိုးစည်ပင်ရေးကော်မတီဥက္ကဋ္ဌ ဦးမော်ကြီး၊ အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းတို့ ဦးဆောင်မှုဖြင့် သဒ္ဓါထက်သန်သော ရပ်ကွက်ပြည်သူများပူးပေါင်းလျက် ပေ ၂၀၀ ပတ်လည် အနက် ၁၂ ရှိ ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန်ကြီးကို မတ်လ ၂၇ ရက်က မြေတူး၊ မြေသယ် စက်ယန္တရားကြီးများဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။

"အဆိုပါ ရေကန်ကြီး တူးဖော်ပြီးစီးပါက ပေ ၂၀၀ ပတ်လည် ရေကန်ပေါင်လုံခြုံရေး သံဆန်ကာကာရံထားရှိပြီး ကမ်း ပေါင်ပေါ်၌ ပန်းအလှစိုက်ခင်းများ အရိပ်ရအပင်များ အပန်းဖြေအနားယူရန် ထိုင်ခုံ၊ တန်းလျားများဖြင့် သန့်ရှင်းသာယာလှပအောင် စီစဉ်ထားရှိမည်ဖြစ်ပါတယ်" ဟု ဒေသဖွံ့ဖြိုးရေးကော်မတီဝင် ဦးဇော်ဝင်းက ပြောသည်။

အသက် (၈၀)ကျော် အငြိမ်းစားဆရာမကြီးဒေါ်သိန်းမြင့်က ငွေကျပ် ငါးသိန်း လှူဒါန်း၍ရပ်ကွက်နေ ပြည်သူများကလည်း သောက်သုံးရေနဲ့ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းလှူဒါန်းကြရန် ဒေသခံပြည်သူများကို နှိုးဆော်တိုက်တွန်းပေးခဲ့သည်။

**ပုသိမ်လှကြည်**



## သောက်သုံးရေ ခက်ခဲပြတ်လပ်မှုမဖြစ်ပေါ်စေရေး မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဖွဲ့စည်း၍ ပရဟိတလူမှုကူညီရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၂**

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၃၀ တွင် လက်တူးတွင်းနှစ်တွင်း၊ စက်ရေတွင်း ၁၃ တွင်း၊ ရေကန်အသစ်တူးဖော်ခြင်း ၁၃ ကန်၊ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းတစ်ခုနှင့် အခြားရေရရှိရေး လုပ်ငန်းတစ်ခု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် ရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိသည့် ကျေးရွာ ၁၇ တွင်လည်း ရေလှောင်ကန်များဆောက်လုပ်ပေးသွားရန် စီစဉ်လျက်ရှိသည်။ ယခုအချိန်တွင် ကျောက်ပန်းတောင်း မြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များက မိမိတို့အစီအစဉ်ဖြင့် ကုသိုလ်ရှင်များ ရှာဖွေပြီး ရေခက်ခဲပြတ်လပ်မှုရှိကြောင်း အဆိုပြုတောင်းခံလာသည့်ကျေးရွာများကို နယ်စည်းမခြား လိုက်လံပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့မြို့နယ်မှာ နွေရာသီကာလရောက်တိုင်း အမြဲတမ်း သောက်သုံးရေခက်ခဲ ပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိတဲ့ ရွာပေါင်းက ၁၇ ရွာရှိပါတယ်။ မနှစ်ကဆိုရင် အဲဒီရွာတွေကို မေ ၁၇ ရက်ကနေစပြီး မီးသတ်ဌာနကရေဘောက်ဆာတွေ၊ စည်ပင်သာယာက ရေသယ်ကားတွေကို အကူအညီတောင်းပြီး မိုးမကျခင် မေလပထမပတ်အထိ ကျွန်မတို့ ရေလုံလောက်အောင် ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီနှစ်လည်း အဲဒီ ၁၇ ရွာအပြင်ကို ဘယ်ရွာတွေကပဲ အကူအညီတောင်းတောင်း ဖြန့်ဝေပေးဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ မြို့နယ်ထွေ/အုပ်ရုံးမှာ လဝက်အစည်းအဝေးလုပ်တဲ့အချိန်နဲ့ လပတ်အစည်းအဝေးနေ့တိုင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ တွေ့ဆုံပြီး၊ ရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်ရင် အကူအညီတောင်းခံကြဖို့ မှာကြားထားပြီး ဆက်သွယ်ရမယ့် ဖုန်းနံပတ်တွေကိုလည်း ဖြန့်ဝေပေးထားပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)က ပြောသည်။



ကျောက်ပန်းတောင်း မြို့နယ်တွင် အယ်လ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကာလရှည် ပူပြင်းခြောက်သွေ့ခြင်းနှင့် နောက်ဆက်တွဲ ပြဿနာများအဖြစ် သောက်သုံးရေ ခက်ခဲပြတ်လပ်မှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက် ဦးဆောင်၍ အဖွဲ့ဝင် ၂၉ ဦးနှင့် ရပ်ကွက်အသီးသီးရှိ လူမှုကူညီရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်သော မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းထားရှိပြီး၊ အဆိုပါ ကြီးကြပ်မှုကော်မတီအောက်တွင် အရေးပေါ်ဆက်သွယ်ရေးကော်မတီနှင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီတို့ ပါဝင်သည့် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရပြီး၊ အဆိုပါအဖွဲ့များမှလည်း ကျေးရွာများသို့ကွင်းဆင်း၍ ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အယ်နီညိုနဲ့ပတ်သက်ပြီး စီမံချက်ရေးဆွဲပြီးဆောင်ရွက်နေပါတယ်။ တကယ်လို့ မြို့နယ်အတွင်းမှာ ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပြီဆိုရင် ရေအရင်းအမြစ်တွေဖြစ်တဲ့ ဆည်ပေါက်ကျေးရွာက စက်ရေတွင်းရှစ်တွင်းနဲ့ အင်တော ကျေးရွာက စက်ရေတွင်းတွေက ရေကို သယ်ယူဖြန့်ဝေပေးသွားဖို့စီစဉ်ထားပါတယ်။ အဲဒါတွေနဲ့ မလုံလောက်ဘူး ဆိုရင်တောင် ကျွန်တော်တို့ ကြက်မောက်တောင်ဆည်မှာ ရေဧကပေ ၅၀၀၀ ကျော်ရှိပါသေးတယ်။ မြို့ပေါ်က ပရဟိတအဖွဲ့တွေနဲ့ပူးပေါင်းပြီး ရသမျှရေသယ်ယာဉ်တွေနဲ့ လုံလောက်အောင် ဖြန့်ဝေပေးသွားမှာပါ။ ဒီအယ်နီညိုရာသီဥတုအတွက် အရေးပေါ်သုံးစွဲဖို့ ဆီဂါလန် ၃၀၀ နဲ့ ငွေကျပ်သိန်း ၂၁၀ ကိုလည်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ လက်ခံရရှိပြီးဖြစ်ပါတယ်။ ဒါတွေကိုလည်း မြို့နယ်မှာဖွဲ့စည်းထားတဲ့ ကော်မတီသုံးရပ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး၊ လိုအပ်တဲ့နေရာတွေမှာ စနစ်တကျသုံးစွဲသွားဖို့ ရှိပါတယ်။ အခုလည်း ကျွန်တော်တို့မြို့နယ်က လူမှုရေးအသင်းအဖွဲ့တွေ ရွာတွေကို လိုက်ပြီးလှူနေကြပါတယ်။ ကျွန်တော်တို့ မြို့နယ်အပြင် ချောက်မြို့နယ်ကကျေးရွာတွေနဲ့ ညောင်ဦးမြို့နယ် ဘက်ကကျေးရွာတွေအထိ သွားပြီး လှူနေကြတာပါ။ ကျွန်တော်တို့ မြို့နယ်တစ်ခုလုံးအနေနဲ့ကတော့ အခုထိကြီးကြီးမားမား ပြဿနာမရှိသေးပါဘူး။ ဘာလို့လည်းဆိုတော့ ရေနဲ့ပတ်သက်လို့ ပြဿနာရှိရင် ချက်ချင်းအကြောင်းကြားဖို့ ကျွန်တော့်ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ စာရေးဝန်ထမ်းတွေကိုမှာကြားထားပြီးဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က မြို့နယ်အတွင်း စီစဉ်ထားရှိမှု အခြေအနေများကို ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သည် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းတွင် ကျရောက်ပြီး၊ နွေရာသီကာလရောက်တိုင်း သဘာဝရေအရင်းအမြစ်များမှ ရေရရှိမှု နည်းပါးသဖြင့် ယခင်က သောက်သုံးရေ ခက်ခဲပြတ်လပ်မှု ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သောက်သုံးရေ ခက်ခဲပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိသည့် ကျေးရွာများအား အဝီစိစက်ရေတွင်းများ တူးဖော်ပေးခြင်း၊ မြေသားမိုးရေလှောင်ကန်များ ပြုပြင်ခြင်း၊ အသစ်တူးဖော်ပေးခြင်းများနှင့် သဘာဝထွက်ရှိသော ရေများကို လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် စီမံပေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ပုသိမ်မြို့နယ်တွင်း၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်လှစ်

**ပုသိမ် မေ ၂**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၀၂ ဒသမ ၄၉ သန်းဖြင့် Ayar Pathein Company မှ တာဝန်ယူဆောင်ရွက်ခဲ့သော အရှည် ၂ မိုင် သုည ဒသမ ၅ ဖာလုံ၊ အကျယ် ရှစ်ပေရှိ ကျောက်ချောလမ်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်း၊ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ Ayar Pathein Company မှ တာဝန်ရှိသူတစ်ဦးနှင့် ကျေးရွာဖွံ့/ထောက် ဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျောက်ချောလမ်း ဖောက်လုပ်ပေးခြင်းဖြင့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စုနှင့် မရမ်းချောင်းကျေးရွာအုပ်စုရှိ အိမ်ခြေ ၂၅၃၈ လုံးနှင့် လူဦးရေ ၁၀၁၈၅ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## တောင်တွင်းကြီးရှိ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဈေးဆိုင်ခန်းများအား ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ယင်းနေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း၊ အပြင်မှ ဈေးဆိုင်ခန်းများ မီးသတ်ဆေးဘူးစသည့် မီးငြိမ်းသတ်ရေးပစ္စည်းများရှိ၊ မရှိ မီးသတ်ရေလှောင်ကန်နှင့် မီးငြိမ်းသတ်ရေးကိရိယာများ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ ဆိုင်ခန်းများ၌ သွယ်တန်းထားသည့် လျှပ်စစ်ဝါယာကြိုးများအားစစ်ဆေးခဲ့ကြသည်။

**၅၈၀**

# လူငယ်ရှေ့နေ လေ့လာစေ

**a ဦးဟန်ညွန့်(ဥပဒေ)**

**ဥပဒေစာအုပ်များ**

နောင်တော်ကြီး ဦးမြသိန်းထံမှ ရှားပါးဥပဒေစာအုပ်များ ကောက်ခံရရှိသည်။ မူရင်းစာအုပ်များကို မိတ္တူကူး၍ ပေးပို့ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ လူငယ်ရှေ့နေများ ဖတ်စေချင်၍၊ လူငယ်များ လေ့လာစေလို၍၊ ရှေ့မီနောက်မီ တတ်သိနားလည်စေလို၍ ဥပဒေစာအုပ်လက်ဆောင်ပေးပို့ခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ တရားလွှတ်တော်ရှေ့နေကြီးအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သော နောင်တော်ကြီးဦးမြသိန်း ၏ စေတနာကို မျှဝေပါရစေ။

**၁၉၅၈၊ ၁၉၅၉**

လွန်ခဲ့သော ၁၉၅၈၊ ၁၉၅၉ ခုနှစ်က ထုတ်ဝေခဲ့သော THE BURMA LAW INSTITUTE JOURNAL များဖြစ်သည်။ နှစ်ပါင်း ၆၀ နီးပါးကြာပြီဖြစ်သော်လည်း မရိုးနိုင်။ မအီနိုင်။ မှတ်သားစရာတွေပါသည်။ သမိုင်းသက်သေတွေလည်း ဖြစ်နေသည်။

**The Burma Law Institute**

မြန်မာနိုင်ငံဥပဒေအသင်း (B-L-I) (ယခု Burma အစား Myanmar )သည် ဘာအကျိုးအမြတ်မှ မယူ၊ ဥပဒေပညာပြန့်ပွားရေးအတွက် ကုသိုလ်ဖြစ်လုပ်ငန်းဆောင်ရွက်ခဲ့သော အဖွဲ့အစည်းဖြစ်သည်။ ဥပဒေသုတေသန၊ ဥပဒေရေးဆွဲရေး၊ ဥပဒေပညာရှင်များ မွေးထုတ်ရေးကို မြှပ်နှံပြန့်ပွားပေးခဲ့သော အဖွဲ့အစည်းကြီးလည်း ဖြစ်ပေသည်။

**လူကြီးများ**

ဂျာနယ်ထုတ်ဝေရေး ကောင်စီလူကြီးများအဖြစ် တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်(ဥက္ကဋ္ဌ)၊ တရားရေးဝန်ကြီး ဦးချွန်ဖောင်(ဒုဥက္ကဋ္ဌ)၊ အတွင်းရေးမှူးအဖြစ် တရားလွှတ်တော်ရှေ့နေကြီး ဦးလှအောင် အပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဥပဒေရေးရာ သိကောင်းစရာများ၊ သုတေသနဆောင်းပါးများ၊ မှတ်စုနှင့် ထင်မြင်သုံးသပ်ချက်များကို စီရင်ထုံးများ၊ စာအုပ်စာစောင်များ ကိုးကားဖော်ပြပညာပေးခဲ့ကြသည်။ ယနေ့တိုင် လေ့လာဆည်းပူးအပ်၊ နှိုင်းယှဉ်သုံးသပ်အပ်ကြောင်း အကြံပြုတင်ပြပါသည်။ ရှာဖွေလေ့လာကြပါ။

**ရှေ့နေပညာစာအုပ်**

တရားလွှတ်တော်ရှေ့နေကြီး ဦးလှအောင်(ဘီအေ၊ ဘီအယ်လ်) ရေးသားပြုစုထုတ်ဝေသည့် ရှေ့နေပညာအခြေခံမှုများနှင့် လုပ်ရပ်များ ရှားပါးစာအုပ်ကိုလည်း စာအုပ်အဟောင်းဆိုင်မှ ဝယ်ယူရရှိသည်။ ၁၉၇၂ ခုနှစ်က ထုတ်ဝေခဲ့သော စာအုပ်ပါ။ အနှစ် ၄၀ ကျော်ကြာပါပြီ။ ဒိုင်းဂျက်စ် ဦးလှအောင်ဟု နာမည်ကြီးခဲ့သော ရှေ့နေအိုကြီးတစ်ဦးပါ။ ယခု ကွယ်လွန်ရှာပြီ။

**အာသီသ**

ဆရာကြီးဦးလှအောင်က “ရှေ့နေတိုင်းသည် ဥပဒေကို တတ်ရသည်။ ဥပဒေပညာတတ်သော သူတိုင်းကား ရှေ့နေကောင်းဖြစ်မလာနိုင်”ဆိုသော စကားကို ဆန်းစစ်လိုသဖြင့် လက်လှမ်းမီရာ ရှေ့နေပညာဆိုင်ရာ စာအုပ်များကို ဆည်းပူးလေ့လာရာမှ ဤစာအုပ်ကို ရေးသားရန် အာသီသဖြစ်ပေါ်လာခဲ့ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် ရှေ့နေပညာစာအုပ်များကို လေ့လာပြီးသောအခါ၊ ကျွန်တော်တို့ ပြည်၊ ကျွန်တော်တို့ တရားရုံး၊ကျွန်တော်တို့ တရားဥပဒေများနှင့် အညီ လက်ခံကျင့်သုံးနေသည့် တရားစီရင်မှု လုပ်ထုံးလုပ်နည်းများနှင့် အညီ ရှေ့နေပညာစာအုပ်ကို မြန်မာဘာသာဖြင့် ရေးသားလိုသော အာသီသသည် ပြင်းပြစွာ ဖြစ်ပေါ်လာပါသည်”ဟု အမှာစာရေးသားခဲ့ပါသည်။

**အခန်း (၁၀)ခန်း**

ရှေ့နေပညာအဓိပ္ပာယ်နှင့် အခြေခံများ၊ ရှေ့နေပညာ၏ ဘောင်များ၊ ရှေ့နေပညာ၏ လုပ်ငန်းများ၊ ရှေ့နေပေါ်ပေါက်လာပုံ၊ အမှုစုံစမ်းထောက်လှမ်းနည်း၊ အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ပြင်ဆင်ခြင်းနှင့် စီမံမှု၊ ဥပဒေအထောက်အထားနှင့် လျှောက်လဲရန်အချက်၊ လျှောက်လဲချက်နမူနာများ၊ ရှေ့နေတို့၏ တာဝန်များ စသည်ဖော်ပြထားသည်။ အခန်း(၁၀)ခန်းနှင့် နောက်ဆက်တွဲများ ပါသည်။ ယခုအခါ အဆိုပါစာအုပ်ကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေနေ သဖြင့် လူငယ်ရှေ့နေတို့ ဖတ်ရှုလေ့လာထိုက်သည်။

**ဥပဒေနှင့် အလုပ်လုပ်ရသူသည် ဖြတ်ထိုးဉာဏ်ကောင်းဖို့လိုပါသည်။ အကျိုးအကြောင်း ဆင်ခြင်တတ်မှုတွင်ထက်မြက်ဖို့လည်း လိုပါသည်။ စိတ်ကူးစိတ်သန်းမကောင်းလျှင် အလုပ်ဖြစ်မည်မထင်ပါ။ ထက်ထက်မြက်မြက်ရှိအောင် ဥပဒေဋီကာများ၊ စီရင်ထုံးများကို လေ့လာမှတ်သားဖို့ လိုမည်**

**ရှေ့နေချုပ် ဦးလှအောင်**

နိုင်ငံတော်ရှေ့နေချုပ် (ငြိမ်း) ဥပဒေပါမောက္ခ၊ ဆရာကြီး ဦးလှအောင်အား တစ်နေ့က တက္ကသိုလ်ဓမ္မာရုံ၌ တွေ့ခွင့်ရသည်။ B.A (LAW),LL.B ပထမအသုတ်မှပဥ္စမအသုတ်အထိ တက်ရောက်ခဲ့ကြသော ဥပဒေကျောင်းသူကျောင်းသားဟောင်းများက အာစရိယပူဇော်ပွဲ ကျင်းပခြင်းဖြစ်သည်။ ဥပဒေပညာသင်ပေးခဲ့သော ၊ ထင်ရှားသော၊ အသက် ၉၃နှစ် ရှိပြီဖြစ်သော၊ ကျင့်ဝတ်သိက္ခာပြည့်ဝဖို့ တပည့်တွေကို မှာကြားနေဆဲဖြစ်သော ဥပဒေပါမောက္ခ ဆရာကြီးဦးလှအောင်၏ လက်ဆင့်ကမ်းအမွေကို ယနေ့တိုင် ဝေငှဆဲ---။ ခံယူဆဲ--။

**အပြည်ပြည်ဆိုင်ရာဥပဒေ**

ဆရာကြီးဦးလှအောင်အား ကျန်းမာရေးအရအားအင်ပြည့်ဝအောင် တပည့်များက ဖေးမကူတွဲကာ ကားပေါ်သို့ တင်ပေးသည်။ ဆရာကြီးက “ငါလျှောက်နိုင်ပါသေးတယ်ကွ၊ မင်းတို့သာ ပြည်တွင်းဥပဒေတွေကို အပြည်ပြည်ဆိုင်ရာဥပဒေ (International Law) နဲ့ ဆက်စပ်တွေးခေါ်ပြီး အလုပ်လုပ်ကြ”ဟု ကားမထွက်မီ မှာကြားသွားသေးသည်။

**ဥပဒေကြေးမုံမဂ္ဂဇင်း**

တရားလွှတ်တော်ရှေ့နေကြီး ဦးခွန်ဝင်းလှိုင် (အယ်ဒီတာချုပ်)အဖြစ်ဆောင်ရွက်ထုတ်ဝေသော ဥပဒေကြေးမုံမဂ္ဂဇင်း (THE LEGAL MIRROR MAGAZINE) သည် အင်္ဂလိပ်ဘာသာဖြင့် ဥပဒေပညာပေးစာအုပ်တစ် အုပ်ဖြစ်သည်။ ဆရာကြီး ဦးခွန်ဝင်းလှိုင် ကွယ်လွန်ပြီးနောက်ပိုင်းဆက်လက်ထုတ်ဝေခြင်း မပြုနိုင်တော့ပါ။ ဆက်လက် ထုတ်ဝေဖြန့်ချိခြင်းဖြင့် လူငယ်ဥပဒေလေ့လာသူအပေါင်းအတွက် တစ်ထောင့်တစ်နေရာက ကူညီနိုင်မည် မျှော်လင့်သည်။ အလားတူ ဝိုင်းကူညီကြကြသည်။ မသင့်မတော်၊ မလုပ်အပ်သော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များမပြုကြနှင့်။ တရားခွင်တွင် ဥပဒေနှင့်အညီ တင်ပြလျှောက်လဲနိုင်ကြပါစေ။ အကျင့်သိက္ခာနှင့် ပြည့်ဝကြစေ။ ရှေ့နေလောက နာမည်မပျက်စေနှင့် ဥပဒေပညာရှိများ ပီသကြစေမှု အထပ်ထပ်မှာကြားသည်။

တရားလွှတ်တော်ရှေ့နေကြီး ဦးစိန်လှ၊ ဦးခင်အောင်၊ ဦးကျော်ညွန့်၊ ဦးဘဇော်တို့လည်း အသက်(၈၀)ကျော်ပြီ။ ဗဟိုဥပဒေရုံး၊ ရှေ့နေချုပ်ရုံးများ တွင်လည်း အစိုးရရှေ့နေဖြစ်ခဲ့ကြသည်။ အမှုလိုက်ကြသည့်အခါ တရားလိုဘက်၊ တရားခံဘက် အတွေ့အကြုံ အသိအမြင်များ ရခဲ့ကြသည်။ လူငယ်ရှေ့နေတွေကို လက်ဆင့်ကမ်းသည်။ အသက်(၉၀)ကျော်ဆရာကြီး ဦးဟန်၊ ဆရာကြီး ဦးချမ်းအေး၊ ဆရာကြီး ဦးကြည်ဝင်း၊ ဆရာကြီး ဦးခင်မောင်စိန်၊ ဆရာကြီးဦးအေးမောင်(ရွှေဘို) စသည့်၊ စသည့် ရှေ့နေအိုကြီးများ၏ ဉာဏ်ပညာ၊ လုံ့လဝီရိယ၊ ရှေ့မှီနောက်မှီ ဥပဒေဗဟုသုတများကို လူငယ်တို့ ရယူဂါရဝပြုစေချင်သည်။ ဦးစီး၊ ကူညီ၊ လမ်းပြပေးသူ သင်တန်းဖွင့်ပေးသူလည်း ရှိသင့်သည်။ ရန်ကုန်ရှေ့နေ အသင်းမှ တရားလွှတ်တော်ရှေ့နေကြီး ဦးဝင်းစိန်၊ ဦးသန်းဌေးတို့ကလည်း လူငယ်ရှေ့နေသင်တန်းတွေဖွင့်၊ ယခုထက် ကျယ်ပြန့်အောင် စီမံ၍ ဗဟုသုတပများပေးရန်၊ လက်ဆင့်ကမ်းအမွေမျှဝေရန် အကြံပြုပါသည်။ အခြား အခြားသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ရှေ့နေအသင်းများ၊ လွှတ်လပ်ပွင့်လင်းချောမွေ့စွာ ဥပဒေပညာ ပြန့်ပွားရေး ဆောင်ရွက်ပေးကြမည်ဟု ယုံကြည်သည်။ လိုအပ်ချက်များ၊ ကွက်လပ်များဖြည့်ကြပါခင်ဗျာ။

**တရားမကျမ်းပြုသူ ဦးကျော်အေး**

တရားမကျင့်ထုံးဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းစေချင်သည်။

**ဥပဒေပညာဂျာနယ်များ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသော ဥပဒေဂျာနယ်၊ တက္ကသိုလ်ဥပဒေပညာဌာနက ထုတ်ဝေသော ဥပဒေဂျာနယ်များသည်လည်း လိုအပ်သည်။ ဥပဒေပညာရှင် တစ်ဦးချင်းက သုတေသနပြုထုတ်ဝေသော ဥပဒေပညာပေးစာအုပ်စာပေတွေလည်း ရှိသင့်သည်။ ကျယ်ပြန့်သော ဥပဒေ၊ အတွေးအခေါ်၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေလောကအထိ လျှောက်လှမ်းကြရဦးမည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မဏ္ဍိုင်များ ခိုင်မာဖို့ ရှေ့နေလောက ပီပြင်ဖို့ တရားရေးလောက သန့်စင်ဖို့ ဝိုင်းလုပ်ကြရဦးမည်။ တရားဥပဒေစိုးမိုးရေး မှတ်ကျောက်တင်ခံထိုက်သည်။ ဘာဆက်လုပ်မည်လဲ။

**ရှေ့နေအိုကြီးများ**

အသက်(၈၀)၊ (၉၀) အရွယ် ရှေ့နေအိုကြီးများ၊ အတွေ့အကြုံများသော တရားလွှတ်တော်ရှေ့နေကြီးများ၊ ဆရာကြီးများကလည်း လူငယ်ရှေ့နေများအရေး စိတ်မအေးနိုင်ကြပါ။ တရားဥပဒေနှင့်အညီ ရှေ့နေအလုပ် လုပ်စေချင်ချက်၊ မြန်မာဘာသာပြန်ဆိုချက်၊ စီရင်ထုံးများနှင့် ရှင်းလင်းချက်များဖြင့် ပြုစုရေးသားသူ ရှေ့နေချုပ်ရုံး၊ ညွှန်ချုပ် (ငြိမ်း) ဆရာကြီး ဦးကျော်အေး၏ စာအုပ်များ၊ ဥပဒေပညာပေးဆောင်းပါးများကို လူငယ်ရှေ့နေများ ဖတ်ကြသည်။ ဆရာကြီး၏ အတွေ့အကြုံများမှာ မှတ်သားစရာများသည်။ ဒိုးဒိုးဒေါက်ဒေါက်ရှင်းပြသည်။ လျှောက်လွှာ၊ အဆိုလွှာ၊ အချေလွှာ၊ လျှောက်လဲချက်၊ စီရင်ချက်စသည်တို့ကို ရေးသားကြရာတွင် သဒ္ဒါနည်း မှန်ကန်ကျနရန်၊ ကျစ်လျစ်ရန်၊ ဝေါဟာရရွေးချယ်မှုနှင့် သုံးနှုန်းမှု မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ မကြာခဏ ထောက်ပြသည်။ စာပေဗိမာန်စာတမ်းဖတ်ပွဲတစ်ပွဲ၌ ဆရာကြီးက မူပိုင်ခွင့်ဥပဒေအကြောင်း ရှင်းရှင်းလင်းလင်း ဟောပြသွားသေးသည်။ WRIT ဆိုသော ဥပဒေစကားလုံးကို ဘာသာပြန်မမှားဖို့ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ကြောင်း၊ စာချွန်တော်အမိန့်ဟု ဘာသာပြန်မည်လား၊ စာလွှာဟု ပြောမည်လား၊ မြန်မာလည်းဆန်၊ မှန်လည်မှန်ရမည်ဟု ကြိုးပမ်းမှုစေတနာကို အားရပါးရ ပြောပြသည်။ ဆရာကြီး၏ ဟောပြောချက်တွေ လူငယ်တွေ ကြားသိစေချင်သည်။ ပြန်ဖတ်ကြ၊ မှတ်ကြစေချင်သည်။

**စာအုပ်များစွာ**

တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်စိန်ပြုစုသော ရှေ့နေများလုပ်ငန်းခွင်လက်စွဲ (Civil and Criminal Practice for Lawyers) ၁၉၈၁ခုနှစ် မှာ လူငယ်ရှေ့နေထုအကြား ခေတ်စားဆဲ။ မြန်မာနိုင်ငံဥပဒေအတွဲ(၁)မှ အတွဲ(၁၃)အထိ ပြစ်မှုအထူးဥပဒေများ အသုံးချလက်စွဲစာအုပ်တွေကလည်း လက်စွဲပမာဖြစ်နေသည်။ ဥပဒေဦးစိန်လှိုင် ရေးသား ပြုစုသော “အောင်မြင်သောရှေ့နေ” စာအုပ်ကတော့ ရှားပါးစပြုနေပြီ။ ပြန်လည်ရိုက်နှိပ်လျှင် ဖြည့်စွက်ချက်အသစ်တွေပါပို၍ ပို၍ ဖတ်ချင်စရာများမည်။ ဆရာဦးဗကြိုင် (ဘီအေ၊ ဘီအယ်လ်)မှာ စာရေးသူ၏ ဆရာပါ။ ဆရာ၏ စာအုပ်တွေနှင့် ဥပဒေဝန်ထမ်းဘဝ စခဲ့ရသည်ပါ။ ဆရာ၏ ဥပဒေဆောင်းပါး၊ စာအုပ်များမှာလည်း လက်တွေ့အသုံးချ ဥပဒေပညာပေးတွေပါပဲ။ ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ) (အငြိမ်းစားဥပဒေအရာရှိအဆင့်-၂) ပြုစုသည့် “တရားဥပဒေစိုးမိုးရေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သော စာချွန်တော်အမိန့်များ”စာအုပ်ကို ချန်ထား၍မရပါ။ ဘာကြောင့်လဲ။ “ဥပဒေကို လေးစားလိုက်နာသည့် ရဲမင်းကြီးများအကြောင်း” ဆောင်းပါးနှင့် “ပင်စင်မယူမနေရ အမိန့်နှင့် ပတ်သက်၍ စာချွန်တော်ပေါ်လာသောအခါ” ဆောင်းပါး (၂)ပုဒ်နှင့်ပင် ဖတ်ရကျိုးနပ် ပြီထင်သည်။ မန္တလေးကရှေ့နေ “တော်ဝင်၊ ဦးခင်မောင်သန်း” ရေးသားပြုစုသော “တရားမမှုများမှ မှားတတ်သော အမှားများ” စာအုပ်ကိုလည်း ဖတ်စေချင်သေးသည်။ ထိုစာအုပ်တွင် တရားရေးလောက၏ အကျော်အမော် ဆရာကြီး ဦးမြက -

“ဥပဒေနှင့် အလုပ်လုပ်ရသူသည် ဖြတ်ထိုးဉာဏ်ကောင်းဖို့လိုပါသည်။ အကျိုးအကြောင်း ဆင်ခြင်တတ်မှုတွင် ထက်မြက်ဖို့လည်း လိုပါသည်။ စိတ်ကူးစိတ်သန်းမကောင်းလျှင် အလုပ်ဖြစ်မည်မထင်ပါ။ ထက်ထက်မြက်မြက်ရှိအောင်ဥပဒေဋီကာများ၊ စီရင်ထုံးများကို လေ့လာမှတ်သားဖို့ လိုမည်ဖြစ်ပါသည်”ဟု

“တရားမကျင့်ထုံးဥပဒေပြဿနာများ”စာအုပ် စာမျက်နှာ-၆ တွင် ရေးခဲ့ကြောင်း မီးမောင်းထိုးပြထားသည်။

စာအုပ်များစွာ ကျန်သေးသည်။ ဤမျှဖြင့် ဤနေရာတွင် တင်ပြပါရစေ။ နောင်မျှဝေပေးကြဦးမည်။

တင်ပြချက်

(၁) လူငယ်ရှေ့နေ လေ့လာစေ။

(၂) စာများများဖတ် ဥပဒေတတ်။

(၃) ဖတ်မှတ်ကြိုးစား စေတနာထား။

# မွန်ပြည်နယ်ကျေးလက်ဦးစီးရုံးသစ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် မေ ၂**

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၈ နာရီ က မော်လမြိုင်မြို့ မောင်ငံရပ် အရာတော်လမ်းရှိ အဆိုပါရုံး အဆောက်အအုံရှေ့၌ ပြုလုပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဦးစီးဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရုံးသစ်ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများထံ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး၊ ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ် ဦးစီးမှူးတို့က ရုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးက ရုံးသစ်၏ ကမ္ပည်းမှတ်တမ်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရုံးသစ်အဆောက် အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မျိုးစိတ်အသစ်ဖြစ်နိုင်သော ငှက်မျိုးစိတ်တွေ့ရှိ

**နေပြည်တော် မေ ၂**

မြန်မာပြည်မြောက်ဖျားတောင်ပေါ် ဆက်စပ်သစ်တောဒေသ (NMFC) ကို ကမ္ဘာ့သဘာဝအမွေအနှစ်ဉယျာဉ် အဖြစ် အမည်စာရင်းတင်သွင်းနိုင်ရေး အဆိုပြုလွှာပြုစုနိုင်ရန်အတွက် စံသတ်မှတ်ချက်များ၊ ဂေဟစနစ်တန်ဖိုးများ၊ ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲများ လေ့လာဖော်ထုတ်ခြင်းကို ပြည်တွင်း/ပြည်ပ ပညာရှင်များ ပါဝင်သည့် အဖွဲ့သည် ဖေဖော်ဝါရီ ၁ရက်မှ မတ် ၂၃ရက်အထိ UNESCO ၏ အထောက်အပံ့ဖြင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ခါကာဘိုရာဇီ(တောင်ပိုင်းတိုးချဲ့)တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်း၌ မျိုးစိတ်အတိအကျခွဲခြားနိုင်ခြင်းမရှိသော မျိုးစိတ်အသစ်ဖြစ်နိုင်သည့် ငှက်မျိုးစိတ်တစ်မျိုးအား လေ့လာတွေ့ရှိခဲ့၍ UNESCO (မြန်မာနိုင်ငံ)၏ ပြည်ပ ပညာရှင် Dr.Swen C. Renner က ယင်းငှက်မျိုးစိတ်နှင့် ပတ်သက်၍ မျိုးခွဲဆန်းစစ်မှု ပြုလုပ်လျက်ရှိသည်။

ယင်းခရီးစဉ်အတွင်း စုဆောင်းရရှိခဲ့သော ငှက်မျိုးစိတ် (၈၆)မျိုး၏ နမူနာ စုစုပေါင်း ၁၂၁၇ ခု၊ လင်းနို့မျိုးစိတ် ၃၂ မျိုး၏ နမူနာစုစုပေါင်း ၂၀၁ ခု၊ ကြွက်မျိုးစိတ် ၂၁မျိုး၏ နမူနာ ၃၅ခုနှင့် ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ် ခုနစ်မျိုး၏ နမူနာ ခုနစ်ခုတို့အား ကမ္ဘာ့သဘာဝအမွေအနှစ်သတ်မှတ်ခြင်းခံရရန် ကမ္ဘာအဆင့် ထူးခြားသည့် တန်ဖိုး (OUV) အား လေ့လာဖော်ထုတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ UNESCO အဖွဲ့သို့ သယ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂါထာလူတိုင်းပေး တေးဖြစ်သည်

**ခ ကိုရင်ဩ**

'ဂါထာ လူတိုင်းပေး တေးဖြစ်သည်' ဆိုသော ကျွန်ုပ်တို့၏ မြန်မာမှုနယ်ပယ် ဆိုရိုးစကားသည်ကား ကမ္ဘာ့လူသားတစ်ရပ်လုံးက သင်ခန်းစာယူတတ်က သင်ခန်းစာရနိုင်သော ဆိုရိုးစကားဖြစ်၏။ အကြောင်းမူကား အလွန်းလေးနက်လှသည့် အဓိပ္ပာယ်ကို ဖော်ကျူးနေခြင်းကြောင့် ဖြစ်သတည်း။ ဂါထာဟူသည် လိုအင်ဆန္ဒပြည့်ဝစေကြောင်း 'ဩြောင်း'၊ 'ဦ' ခံ၍ ရွတ်ဆိုရသော စာစုဖြစ်၏။ အဓိပ္ပာယ်တစ်ခုခုကို ရည်ဆောင်ဖွဲ့ဆိုထား၏။ ဂါထာကို သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ် ထားရစမြဲဖြစ်၏။ လူတိုင်းအား ဂါထာပေးမိပါက လူတကာ နှုတ်ဖျားတွင် ရွတ်ဆိုဖန်များလတ်သော် တေးသီချင်းဖြစ်သွားရလေသည်။

အနှီဆိုရိုးစကားမှ ထုတ်နုတ်အပ်သော သင်ခန်းစာအရ လူသားတို့အတွက် တန်ဖိုးရှိသော အရာကို သိုသိပ်ကျစ်လျစ်စွာ ထားရမည်ဟု ကျွန်ုပ်တို့ မှတ်ယူကြကုန်ရာ၏။

ထိုနည်းနှင်နှင် အတွေးဆင်ခြင်မိလေသော် ကမ္ဘာ့လူသားအားလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်လှသော အရာသည်ကား 'နျူကလိယ နည်းပညာ' ဟု ဆိုအံ့လောက်ပေသည်။

ထိုနည်းပညာကို လူသားအကျိုးပြု ရည်ရွယ်ချက်ဖြင့် ကမ္ဘာတစ်ဝန်း ပြည့်ပြည့်ဝဝ အသုံးချနိုင်ကြပါမူ 'ရွာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ်' ဘဝတွင် နေထိုင်ကြရသူများမှာ 'ဟိုဘက်ကမ်းက မီးထိန်ထိန် သည်ဘက်ကမ်းက မီးထိန်ထိန်' ဟူ၍ ကျူးရင့်လာနိုင်ကြပေအံ့။

သို့ဖြစ်စေကာမူ ကုသိုလ်နှင့် အကုသိုလ်၊ အပြုနှင့် အဖျက်၊ သူတော်ကောင်းနှင့် သူယုတ်မာ၊ ပညာရှိနှင့် လူမိုက် ဟူသော ဝင်ရိုးစွန်းနှစ်ရပ် ရှိမြဲဓမ္မတာ ဤလူ့ရွာ၌ နျူကလိယ နည်းပညာဖြင့် လူသား အကျိုးပြုလိုသူများက တစ်ဘက်၊ ထိုနည်း ပညာဖြင့် လူတို့၏ ဘုံနန်းဗိမာန်တို့ကို ချေဖျက်လိုသူများက တစ်ဘက်ရှိနေလေ၏။

နျူကလိယ နည်းပညာဖြင့် အမှောင်ကိုခွင်း အလင်းကိုဆောင်ရန် စိတ်ရည်သန်သူတို့က ကောင်းမြတ်လှသော စိတ်ဓာတ်ဖြင့် အတူ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရန် ဝါယမပြုနေကြချိန်တွင် လူတို့၏ဘုံနန်းဗိမာန်တို့ကို စိစိညက်ညက် ကြေစေအံ့ဟု စိတ်သန္တာန်ဝယ် မောဟတိမ်သလ္လာဖုံးကာ အမျက်ဒေါသဖြင့် ရှုံးသွပ်နေသော အကြမ်းဖက်သမားများက 'နျူကလိယ အကြမ်းဖက်မှု' ပြုလုပ်နိုင်ရန် ကြိုးပမ်းနေသည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

ယနေ့ကာလ၌ ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လာသည်ကား နျူကလိယအကြမ်းဖက်မှုဖြစ်၏။ အကြမ်းဖက်သမားတို့က နျူကလိယဗုံးဖြင့် တိုက်ခိုက်နိုင်ရန်အထိ မဆုံ့မပြဲ ကြံစည်အားထုတ်လျက်ရှိကြ၏။ အဏုမြူလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ၎င်းတို့၏ ပစ်မှတ်အဖြစ် သတ်မှတ်နိုင်ရန် မကြံကောင်းမစည်ရာ ကြံစည်လာကြကုန်၏။

အကြမ်းဖက်သူများ၏ ဗျာပါဒ ဒေါသကား အကျိတ်အခဲ အလွန်အားကြီးလှပေသည်။ ဖျက်အားအပြင်းဆုံး လက်နက်ကိုမှ သူတို့လိုချင်ကြသည်။ ရေဒီယို သတ္တိကြွဓာတ်များ ပြန့်ကျဲစေနိုင်သော ဗုံး (Dirty Bomb) ဖြင့် တိုက်ခိုက်ရန် သူတို့ ကြံကြီးစည်ရာ တွေးတောလျက်ရှိကြသည်ဟု လုံခြုံရေးပညာရှင်များက သတိပေးကြလေသည်။

'နဂါးတို့မျက်စောင်း အကြောင်းမရွေးဘူး' ဟု အကြမ်းဖက်သမားတို့က ဟန်ပန်လေလန်ထွားကြသည်။ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်သံများကို ကျွန်ုပ်တို့ကြားရဖန်များ၍ ဟုံသွားခြင်းမရှိအပ်။ အကြောင်းမူကား အတင့်ရဲသောကျားသည် ရွာထဲသို့ဝင်၍ လူ၊ ခွေး၊ ဝက်တို့ကို ကိုက်ရန် စောင့်စားတတ်ဘိသကဲ့သို့ အကြမ်းဖက်သမားကလည်း သာယာငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအတွင်း စီးနင်းတိုက်ခိုက်ရန် ကျားချောင်း ချောင်းနေသောကြောင့်တည်း။



ဘယ်ဂျီယံနိုင်ငံရှိ တီဟန်းနျူကလိယစက်ရုံကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ- ရိုက်တာ

## နျူကလိယ လုံခြုံရေး ကမ္ဘာ့သားတို့အရေး

အထက်တွင်ဆိုခဲ့သလို နျူကလိယ အကြမ်းဖက်မှု ခြိမ်းခြောက်သံများ ကမ္ဘာတစ်လွှား ဗလောင်ဆူလာချိန်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ နျူကလိယလုံခြုံရေး ထိပ်သီးညီလာခံတစ်ရပ်ကို မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပခဲ့လေသည်။

ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ မကြာသေးမီက စစ်သွေးကြွတို့က အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် နျူကလိယ လုံခြုံရေး ထိပ်သီးညီလာခံကို သမ္မတအိုဘားမားက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်လေသည်။

အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်) အဖွဲ့သည် တစ်နေ့သောအခါ နျူကလိယစက်ရုံများကို ပစ်မှတ်ထား တိုက်ခိုက်လာနိုင်ပြီး ရေဒီယိုသတ္တိကြွဗုံးများ ရရှိနိုင်ရန် ကြိုးပမ်းနေသည်ဟု သတင်းများ ထွက်ပေါ်နေချိန်အတွင်း ထိုညီလာခံကို ကျင်းပခြင်းဖြစ်လေသည်။

ကမ္ဘာတစ်ဝန်း၌ နျူကလိယအကြမ်းဖက်မှု ပေါ်ပေါက်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်လျက် ထိပ်သီးညီလာခံကို ကျင်းပခြင်းဖြစ်သည်။

နျူကလိယ လုံခြုံရေး ထိပ်သီးညီလာခံကို စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ် ညီလာခံကို ၂၀၁၀ ပြည့်နှစ်က ဝါရှင်တန်၌လည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၂ ခုနှစ်က ဆိုးလ်မြို့ (တောင်ကိုရီးယား)၌လည်းကောင်း၊ တတိယအကြိမ် ညီလာခံကို ၂၀၁၄ ခုနှစ်က သည်ဟိတ်မြို့ (နယ်သာလန်) ၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ပထမဆုံးသော ညီလာခံ၌ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များရရှိခဲ့ပြီး ယင်းသဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ကမ္ဘာ့နိုင်ငံတို့ ကြိုးပမ်းနေကြသည်။

နျူကလိယ လုံခြုံရေး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ရေးအတွက် ရှေ့လုပ်ငန်း အစီအစဉ်များကို ရေးဆွဲချမှတ်ကာ ဆောင်ရွက်နေကြပြီး ညှိနှိုင်းတိုင်ပင်မှုများကို အခါအားလျော်စွာ ပြုလုပ်ခဲ့ကြလေသည်။

နျူကလိယ လုံခြုံရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြလေသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) က ကမ္ဘာ့နိုင်ငံများအနေဖြင့် နျူကလိယ လုံခြုံရေး စီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းညွှန်ချက်မူဘောင်ရေးဆွဲချမှတ်ပေးသည်။ အဏုမြူဓာတ်ပေါင်းဖိုများ ကာကွယ်စောင့်ရှောက်ရေး၊ နျူကလိယ ပစ္စည်းများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ပြည်တွင်း၌ အသုံးပြုရေး၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဟူသော လမ်းညွှန်ချက် မူဘောင်တစ်ရပ်ကို သာဓကပြလိုပေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ရှေ့လုပ်ငန်းစဉ် ရေးဆွဲချမှတ်ကာ ရှေ့တန်းမှ ပါဝင်လှုပ်ရှားနေသည်ကို ကျွန်ုပ်တွေ့ရ၏။ နျူကလိယ အကြမ်းဖက်မှု လုပ်ရပ်များ တားဆီးနှိမ်နင်းရေး နိုင်ငံတကာ ကွန်ဗင်းရှင်းကို ရေးဆွဲထားကာ အကောင်အထည်ဖော်လျက်ရှိလေသည်။

နျူကလိယလက်နက်၊ ဓာတုလက်နက်၊ ဇီဝလက်နက်တို့ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး ပြုလုပ်ခြင်းမရှိစေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့ပြီး နိုင်ငံအလိုက် အကောင်အထည်ဖော်မှုကို အကူအညီပေးနိုင်ရန် ကော်မတီတစ်ရပ်ကို ထူထောင်ထားရှိလေသည်။

နျူကလိယ မှောင်ခိုမှုကို တိုက်ဖျက်နိုင်ရန် နိုင်ငံတကာ ရဲတပ်ဖွဲ့(အင်တာပိုလ်) က ရှေ့တန်းမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ရေဒီယို သတ္တိကြွနှင့် နျူကလိယပစ္စည်းများ မှောင်ခိုမှုကို တိုက်ဖျက်နိုင်ရန် ထောက်လှမ်းရေးသတင်း အချက်များ ဖလှယ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း စသည်တို့ကို အင်တာပိုက ပြုလုပ်နေပြီး ယခုနှစ် ဇန်နဝါရီလအတွင်းက ကမ္ဘာတစ်ဝန်း နျူကလိယ မှောင်ခိုမှု တိုက်ဖျက်ရေး ညီလာခံကို ကျင်းပခဲ့လေသည်။

နျူကလိယ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကမ္ဘာ့အစီအစဉ်အမည်ရှိ မဟာမိတ်အဖွဲ့ကြီးတွင် အဖွဲ့ဝင် ၈၆ နိုင်ငံပါဝင်ပြီး လျှင် နျူကလိယပစ္စည်း ထောက်လှမ်းခြင်း၊ မှုခင်း ဆေးပညာလုပ်ငန်း ဆောင်ရွက်ခြင်း၊ နျူကလိယနှင့် ရေဒီယိုသတ္တိကြွ ထူးခြားဖြစ်စဉ်များအပေါ် အရေးယူတုံ့ပြန်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိလေသည်။

## လုံခြုံမှုမရှိသေးသောဘဝ

နျူကလိယကပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အဏုမြူဗုံးပြုလုပ်နိုင်သော ပစ္စည်းများကို ရှင်းလင်းသုတ်သင်ရန် ကြိုးပမ်းနေမှုများမှာ သိသာသော တိုးတက်မှုများ ရရှိနေလင့်ကစား ကမ္ဘာတစ်ဝန်းတွင် ပလူတိုနီယမ်နှင့် သန့်စင်ပြီး ယူရေနီယမ်တို့ လုံခြုံမှုနည်းပါးသော အခြေအနေတွင် ရှိနေဆဲဖြစ်သည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

လက်တလောကာလတွင် မြောက်ကိုရီးယားနိုင်ငံက နျူကလိယနည်းပညာ အဆင့်မြင့်တင်နိုင်ရန် လှုပ်ရှားဆောင်ရွက်မှုများ ခပ်စိပ်စိပ်ဖြစ်လာသည်ကိုလည်း တွေ့ရသည်။

အမေရိကန်နှင့် ရုရှား တင်းမာမှုများကြောင့် နျူကလိယ လုံခြုံရေး ထိပ်သီးညီလာခံသို့ သမ္မတဗလာဒီမာပူတင် တက်ရောက်မလာခြင်းမှာ အနုတ်လက္ခဏာတစ်ရပ်ဖြစ်၏။

အမေရိကန် သမ္မတ ဘားရက်အိုဘားမားအနေဖြင့် ၎င်း၏ သမ္မတရာထူး သက်တမ်း မကုန်မီ ၁၀ လမျှသာ လိုတော့ချိန်တွင် နျူကလိယ လုံခြုံရေးထိပ်သီးညီလာခံကို မျှော်လင့်ချက် ကြီးကြီးမားမားထားရှိကာ ကျင်းပခြင်းလည်းဖြစ်၏။

သမ္မတ အိုဘားမားသည် သူ၏ ရာထူးသက်တမ်းအစောပိုင်း လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ချက်နိုင်ငံ ပရာဟာမြို့၌ သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာတွင် ကမ္ဘာတစ်ခွင် နျူကလိယလက်နက် ကင်းစင်စေရမည်ဟူသော မဟာရည်မှန်းချက်တစ်ရပ်ကို အတိအလင်း ကြေညာခဲ့လေသည်။

နျူကလိယ လုံခြုံရေးအတွက် အိုဘားမား၏ ကြိုးပမ်းချက်များမှာ ချီးကျူးဖွယ်ဖြစ်ရသော်လည်း ကမ္ဘာတစ်လွှား နျူကလိယ လုံခြုံရေး အပြည့်အဝ မရှိသေးပုံကို Nuclear Threat Initiative အဖွဲ့က ထောက်ပြထားလေသည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နျူကလိယစက်ရုံများ၏ လုံခြုံရေးမှာ အားနည်းချက်များရှိနေပြီး နျူကလိယပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လုံခြုံမှုမရှိကြောင်း၊ ပျောက်ဆုံးသွားသော ရေဒီယိုသတ္တိကြွပစ္စည်းများကိုလည်း ပြန်လည်ရရှိခြင်းမရှိကြောင်း၊ နိုင်ငံအများအပြားရှိ နျူကလိယ ဓာတ်ပေါင်းဖိုများမှာ အွန်လိုင်းတိုက်ခိုက်မှုအတွက် လုံခြုံမှုမရှိကြောင်း၊ လက်နက်ထုတ်လုပ်နိုင်သော အဆင့်ရှိ နျူကလိယပစ္စည်းများ ပိုင်ဆိုင်သော ၂၄ နိုင်ငံအနက် ခုနစ်နိုင်ငံမှာ ဆိုင်ဘာတိုက်ခိုက်မှု (ကွန်ပျူတာကွန်ရက်စနစ် ပျက်စီးအောင် တိုက်ခိုက်မှု) ဘေးအန္တရာယ်ကို လွယ်နေရကြောင်း အဆိုပါအဖွဲ့ကြီးက ထောက်ပြလေသည်။

နိုင်ငံပေါင်း ၅၀ ကျော် တက်ရောက်သည့် နျူကလိယလုံခြုံရေး ထိပ်သီးညီလာခံ၌ အကြမ်းဖက်သမားတို့ လက်ဝယ်သို့ ရေဒီယိုသတ္တိကြွပစ္စည်းများ မရောက်ရှိစေရေးအတွက် တားဆီးနိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြလေသည်။

နျူကလိယ နည်းပညာဟူသည် အဆင့်မြင့်နည်းပညာဖြစ်ပေရာ ဂါထာသဖွယ် အဖိုးအနဂ္ဃ ထိုက်တန်လှပေသည်။ ဂါထာကို လူတိုင်းရသွားလျှင် တေးသီချင်းလို ဆိုကြပေမည်။

ဤတွင်ရှေ့ကား ဂါထာသည် တေးသီချင်းဖြစ်ပြီဆိုလျှင် သဒ္ဓိမအောင်နိုင်တော့၊ အစွမ်းမထက်တော့။ သို့ဖြစ်ရကား သိုသိပ်အပ်သော နျူကလိယနည်းပညာကို လူမိုက်လက်ဝယ် မရောက်အောင် အသိနှင့် သတိယှဉ်ကာ လုံခြုံစေအပ်၏၊ စောင့်ရှောက်အပ်၏ဟု တွေးတောမိရင်း "ဂါထာလူတိုင်းပေး တေးဖြစ်သည်" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

ကျန်းမာရေးဆောင်းပါး



# နွေဦးရာသီ၌ဖြစ်တတ်သော ရေကျောက်ရောဂါ

**à ay|ufy|uf**

ဆောင်းအကုန် နွေဦးကာလများဖြစ်ကြတဲ့ မတ်လ နှင့် ဧပြီလလောက်မှာ ရောဂါအဖြစ်များပြီး၊ ကလေးတွေမှာ ဖြစ်ရိုးဖြစ်စဉ် မြင်တွေ့ရတဲ့ ကူးစက်ရောဂါတစ်မျိုးပါ။ အင်္ဂလိပ်လို Chicken pox လို့ခေါ်ပြီး၊ မြန်မာလိုတော့ ရေကျောက်ရောဂါလို့ခေါ်ကြပါတယ်။ ဗေရီဆယ်လား (Varicella Zoster) (ခေါ်) DNA ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့်ဖြစ်တာပါ။ ဖြစ်ပွားသူ စုစုပေါင်းရဲ့ ၉၀ ရာခိုင်နှုန်းဟာ အသက် လေးနှစ် နှင့် ၁၀ နှစ်ကြား ကလေးငယ်တွေဖြစ်ကြပြီး၊ ကျန်တဲ့ ၁၀ ရာခိုင်နှုန်းကတော့ အသက် ၁၈ နှစ်အောက် လူငယ်လူရွယ်တွေဖြစ်ပါတယ်။ အမျိုးသားတွေမှာ ပိုဖြစ်တတ်ပါတယ်။ (တစ်ခါတစ်ရံ ၆ လသား အရွယ်မှာလည်း ရေကျောက်ပေါက်တာကို တွေ့ရပါတယ်။)

သာမန်အားဖြင့် ၎င်းရောဂါဟာ အသက်အန္တရာယ်စိုးရိမ်စရာ မရှိသော်လည်း၊ ကိုယ်ခံအားကျနေသော ကလေးငယ်များ၊ ကျောက်ကပ်ရောဂါ၊ သွေးကင်ဆာရောဂါ ခံစားနေရသည့် ကလေးငယ်တွေမှာ ရေကျောက်အရည်ဖုများမှတစ်ဆင့် ဗက်တီးရီးယားပိုး ဝင်ပါက ပြည်တည်နာဖြစ်ပြီး အသက်အန္တရာယ်ရှိနိုင်ပါတယ်။ ဒ့ါပြင် ရေကျောက်ဗိုင်းရပ်စ်ပိုးကြောင့် နောက်ဆက်တွဲ ဦးနှောက်ရောင်ခြင်း၊ အဆုတ်အအေးမိခြင်းနှင့် အသည်းရောင်ခြင်းတွေဖြစ်ပွားပြီး သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ ကိုယ်ခံအားနည်းသူတွေမှာ သွေးယိုတာတွေ ဖြစ်လာနိုင်ပါတယ်။

## ရောဂါ လက္ခဏာ

ထိုဗိုင်းရပ်စ် ကူးစက်ခံရလျှင် ခန္ဓာကိုယ်မှာ အနီစက်၊ အဖုအပိန့်တွေ ထွက်လာပါလိမ့်မယ်။ ရင်ဘတ်၊ ဝမ်းဗိုက်၊ နောက်ကျော စတဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေမှာ အနီစက်တွေ စထွက်လာပြီး ယားလို့ကုတ်မိခြင်းဖြင့် သတိထားမိတတ်ပါတယ်။ ပိုးဝင်ပြီး ပထမ တစ်ရက်အတွင်း နှာစေး၍ ချောင်းဆိုးလာတတ်ပါတယ်။ နည်းနည်းဖျားလာပါလိမ့်မယ်။ အသားနာ၊ ပျို့အန်၊ အစားအသောက်ပျက်လာပါမယ်။ ထို့နောက် လက်မောင်း၊ မျက်နှာ၊ ပါးစပ်၊ လိင်အင်္ဂါ၊ ခြေထောက်၊ ဦးရေပြားပါမကျန် တစ်ကိုယ်လုံးအနှံ့ အလားတူ အနီစက်အဖုလေးတွေ အုပ်စုလိုက်ထွက်လာပြီး နှစ်ရက် သုံးရက် ကြာရင် အရေပြားပေါ်မှာ အရည်ကြည် ဖုလေးတွေ ပေါ်လာပါတယ်။ (တချို့ကလေးတွေမှာတော့ နာရီပိုင်းအတွင်းမှာပင် အရည်ကြည်ဖုလေးများဖြစ်လာကြပါတယ်) ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး ရက်သတ္တပတ်အတွင်း အရည်ကြည် ဖုလေးတွေ တဖြည်းဖြည်းခြောက်ပြီး ရက်သတ္တပတ်ကျော်သွားတဲ့အခါမှာတော့ အကုန်လုံး ခြောက်လာပြီး ကွာကျသွားပါလိမ့်မယ်။ နောက်ဆုံးမှာ အမာရွတ်ပါမကျန် သူ့အလိုလို ပျောက်သွားပါတယ်။ အနီဖုလေးများ ပေါက်တဲ့အချိန်မှာ တွေ့မြင်ရတဲ့ အခြားလက္ခဏာများမှာ ကလေးကိုယ်ပူခြင်း၊ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ခါတစ်ရံ အပြင်းဖျားခြင်း၊ ကြွက်သားများနာခြင်း၊ လည်ချောင်းနာခြင်း၊ နားကိုက်ခြင်း၊ မလှုပ်ချင်၊ မသယ်ချင်လောက်အောင်နုံးချိနေခြင်းစသည်တို့ ဖြစ်ပါတယ်။

## ကူးစက်ပုံ

ကလေးတွေမှာ ရောဂါပျိုးစ(အရည်ကြည်ဖုမပေါ်ခင်)အချိန်မှာ ကူးစက်မှုအမြန်ဆုံးဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် အနီစက်ထွက်ပြီးနောက် ငါးရက်အကြာမှာ နောက်တစ်ဦးဆီသို့ ရောဂါကူးစက်ဖို့အခွင့်အလမ်းများပါတယ်။ (တစ်ခါတစ်ရံ နှာစေးချောင်းဆိုးရုံလောက်နဲ့ ပြီးသွားပြီး တစ်ရက်နှစ်ရက်ကြာတဲ့အခါ အတူနေကလေးတွေကို ကူးစက်သွားပါတယ်) အဓိက ကူးစက်ပုံကတော့ လေထဲကတစ်ဆင့် ကူးစက်ခြင်းပါ။ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် ရောဂါရှိတဲ့ကလေးရဲ့ အသက်ရှူလမ်းကြောင်း မှ ထွက်သော အရည်၊ အမှုန်အစက်ကလေးတွေ Droplet ကတဆင့် ကူးစက်ပါတယ်။ အနီစက်ကဖြစ်လာတဲ့ ပဲသီတာ အရည်ဖုက ထွက်တဲ့ အရည်ထဲမှာ ဗိုင်းရပ်စ်ပိုးတွေအများကြီး ပါဝင်နေပါတယ်။ ဒါကြောင့် ရောဂါရှိသူနှင့် ခန္ဓာကိုယ်ခြင်း ထိတွေ့ဆက်ဆံမှုမှ ကူးစက်တတ်ပါတယ်။ ထိုအရည်ကြည်ဖုလေးတွေကို ဘက်တီးရီးယား ပိုးဝင်သွားခဲ့ပါက ပြည်တည်နာလေးတွေ ဖြစ်သွားပါတယ်။ ရေကျောက် ဗိုင်းရပ်(စ်)ပိုးကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် ဦးနှောက်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ် အအေးမိခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ သာမန်အားဖြင့် အသက်အန္တရာယ်မရှိပေမယ့် ခုခံအားကျဆင်းနေတဲ့ ကလေးများ၊ ကျောက်ကပ်ရောင်ရောဂါရှိတဲ့ ကလေးများ၊ သွေးကင်ဆာရောဂါ ရှိတဲ့ကလေးများ၊ စတီးရွိုက်ဆေး သောက်နေရ၍ ခုခံအားကျနေတဲ့ ကလေးများတွင် ရေကျောက်အနာဖုမှ ပြည်တည်နာဖြစ်တဲ့အခါ အသက်အန္တရာယ်ရှိနိုင်ပါတယ်။

## ကုသပုံ

(၁) ရေကျောက်ရောဂါ(ခေါ်) ပဲသီတာဟာ အန္တရာယ်မရှိလှသလို၊ သိပ်ပြီး စိုးရိမ်စရာမလိုပါဘူး။ အရည်ကြည်ဖုလေးတွေ ဖြစ်ပေါ်လာလည်း ဘာဆေးမျှ လိမ်းစရာမလိုပါဘူး။ သနပ်ခါးလည်း လိမ်းစရာမလိုပါဘူး။ အရည်ကြည်ဖုလေးတွေ အချိန်တန်ရင်ကွာကျသွားမှာပါ။ အနီစက်တွေ ထွက်ပြီး တစ်ပတ်အကြာမှာ အမာရွတ်ပါမကျန် ပျောက်ကင်းသက်သာတတ်ပြီး အချို့လူနာများမှာ တစ်လခန့်အထိ ကြာတတ်ပါတယ်။ တစ်ခါတစ်ရံအရေပြားရဲ့ (Dermis) အလွှာကို ထိရင်တော့ အမာရွတ် သေးသေးလေး ကျန်တတ်ပါတယ်။ ပြည်တည်ရောဂါ ပိုးဝင်ခဲ့ရင်တော့ အမာရွတ်ကျန်တတ်ပါတယ်။

(၂) ရေနွေးနဲ့ ရေချိုးပါ (သို့မဟုတ်) ရေနွေးစိမ်အဝတ်နဲ့ ရေပတ်တိုက်ပေးပါ။

(၃) အဖျားဝင်နေပါက Paracetamol တိုက်ကျွေးနိုင်ပါတယ်။ (သို့သော် aspirin, Ibuprofen တို့လို အကိုက်အခဲပျောက်ဆေးတွေ အသုံးမပြုသင့်ပါဘူး)

(၄) အဖုအပိန့်လေးများကို Calamine အရည်လိမ်းပေးပါ (သို့မဟုတ်) အဝတ်သန့်သန့်ကို ရေနွေးတို့၍သန့်စင်ပေးပါ။

(၅) သိပ်ဆိုးရင် antihistamine လို့ခေါ်တဲ့ အယားပျောက်ဆေးတွေ သောက်သုံးနိုင်ပါတယ်။ (သို့သော် အရောင်ကျဆေးနဲ့ steoid လိမ်းဆေးမျိုး မသုံးသင့်ပါဘူး။)

(၆) သင်္ဘောသီး၊ နာနတ်သီး၊ ဖရဲသီး၊ စပျစ်သီး စတာတွေကလည်း အရေပြားရောဂါတွေအတွက် အထောက်အကူပြုပေးနိုင်ပါတယ်။

(၇) အုန်းရည်ဟာ အရေပြားကျန်းမာရေးကို အထောက်အကူပြုတာကြောင့် ရေကျောက်ရောဂါအတွက်သာမက၊ ကျောက်ကြီးရောဂါ၊ ဝက်သက်ရောဂါများအတွက် အုန်းရည်အဝ သောက်ပေးခြင်းဖြင့် သက်သာစေပါတယ်။

(၈) မုန့်လုပ်ရာမှာသုံးတဲ့ ဆားဆိုဒါ လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ရေဖျော်၍၊ အဖုအပိန့်လေးများကို တို့ပေးခြင်းဖြင့် ယားယံခြင်းမှ သက်သာစေနိုင်ပါတယ်။

(၉) ဝက်သက်၊ ရေကျောက်(ခေါ်)ပဲသီတာစသည့် အပူနာရောဂါများအတွက် ကြိုတင်ကာကွယ်ဆေးအဖြစ် ခံတက်ရွက်ကို သကြား (သို့မဟုတ်)ထန်းလျက်(သို့မဟုတ် ပျားရည် စသည့် သင့်ရာ တစ်မျိုးမျိုးဖြင့် ပြုတ်၍ တိုက်ကျွေးသင့်ပါတယ်။

(၁၀) ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီး အားဆေးတွေ တွဲသောက်ပေးပါ။

(၁၁) ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်တဲ့ အသီးအရွက် များများစားခြင်းဟာ ရောဂါလက္ခဏာသက်သာစေရုံသာမက ကိုယ်ခံအားပါတက်စေနိုင်ပါတယ်။

(၁၂) လည်ချောင်းနာပါက ဆားရည် ပလုတ်ကျင်းပေးနိုင်ပါတယ်။

**မှတ်ချက်။**

အကယ်၍ ရောဂါလက္ခဏာ ပြင်းထန်လွန်းပြီး ကူးစက်မှုများနေရင်တော့ Acyclovir ဆေးပြားကို ၇၂ နာရီအတွင်း တိုက်ကျွေးဖို့ လိုအပ်နေပါပြီ။ ဒါကြောင့် ကလေး ကိုယ်ပူပြင်းထန်လွန်းလျှင်သော်လည်းကောင်း၊ ကလေးမနေနိုင်အောင် အဖုအပိန့်များက ယားယံနေလျှင် သော်လည်းကောင်း ဆရာဝန်ထံပြသပါ။ တခါတရံမှာတော့ အဖုအပိန့်ထဲကို ပိုးဝင်ပြီး ပြည်တည်နာများ ဖြစ်လာတတ်တဲ့အတွက် လိုအပ်တဲ့ ပိုးသတ်ပဋိဇီဝ ထိုးဆေး၊ စားဆေး၊ လိမ်းဆေးများကို ဆရာဝန်က ညွှန်ကြားပါလိမ့်မယ်။

## ရောဂါမဖြစ်အောင် ကာကွယ်နည်း

(၁) အသက် ငါးနှစ်အောက် ကလေးငယ်များကို တစ်နှစ်သားမှာ တစ်ကြိမ်၊ ငါးနှစ်သားမှာ တစ်ကြိမ် စုစုပေါင်း ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးခြင်းဖြင့် ကာကွယ်နိုင်ပါတယ်။

(၂) ရေကျောက်ရောဂါ လုံးဝမဖြစ်ပွားခဲ့ဘူးသူ ၁၈ နှစ်အောက် လူငယ်များကလည်း ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးခြင်းဖြင့် ကြိုတင်ကာကွယ် ထားနိုင်ပါတယ်။ ထို အရွယ်မျိုးများမှာတော့ တစ်ကြိမ်နှင့် တစ်ကြိမ် တစ်လခြားပြီး ထိုးပေးရမှာပါ။

(၃) အမေရိကန်ပြည်ထောင်စုမှာ ၁၉၉၅ ခုနှစ်မှစတင်၍ ရေကျောက်ကာကွယ်ဆေးထိုးပေးခဲ့ရာ ဖြစ်ပွားနှုန်း ၉၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့တယ်လို့ဆိုပါတယ်။ သို့သော် ကိုယ်ဝန်ဆောင်မိခင်များ၊ HIV ကူးစက်ခံနေရသူများ၊ aspirin ကဲ့သို့ အကိုက်အခဲပျောက်ဆေး ရေရှည်သုံးစွဲနေသူများနှင့် lincomycin ကဲ့သို့ ပဋိဇီဝဆေးမတည့်သူများကတော့ ထိုရေကျောက်ရောဂါ ကာကွယ်ဆေးထိုးမသင့်ပါဘူး။

(၄) အထူးသဖြင့် ရေကျောက်ဖြစ်ပွားဖူးခြင်း လုံးဝမရှိသေးသော မိခင်လောင်းအနေနဲ့ ကိုယ်ဝန်မဆောင်ခင် တစ်လအလိုမှာ ကာကွယ်ဆေး အပြည့်အစုံဖြစ်အောင်ကြိုတင်ထိုးထားခြင်းဖြင့် မွေးဖွားလာမည့် ကလေးအတွက် ကြိုတင်ကာကွယ်ပေး နိုင်ပါတယ်။ အဲဒီ ကြိုတင်ကာကွယ်ဆေးမျိုးကို ဂျပန်လူမျိုး michiaki Takahashi က ၁၉၇၄ ခုနှစ်လောက်မှာ စတင်တီထွင် ထုတ်လုပ်ပေးခဲ့ကြောင်း လေ့လာမှတ်သားရပါတယ်။

(၅) အထူးသတိပြုရမည့် အချက်မှာ ရေကျောက် တစ်ခါဖြစ်ဖူးရင်၊ နောင်လူကြီးဘဝမှာ ရေယုန်ဖြစ်ဖို့ ၂၀ ရာခိုင်နှုန်း သေချာနေပါပြီ။ ဒါဘာကြောင့်လဲဆိုရင် ကလေးငယ်ဘဝမှာ ရေကျောက်အနီစက်လေးတွေ လုံးဝပျောက်ကင်းသွားပေမယ့် ဗိုင်းရပ်စ်ပိုး ကတော့ ခန္ဓာကိုယ်ရဲ့ အာရုံကြောစနစ်ထဲမှာ ရှိနေတုန်းပါပဲ။ ဒီလိုနဲ့ အသက်ကြီးလာပြီးနောက် ခုခံအားကျဆင်းတဲ့ အခါဖြစ်စေ၊ အာဟာရချို့တဲ့ နေချိန်မှာဖြစ်စေ ခန္ဓာကိုယ်ထဲမှာ ကိန်းငုပ်နေတဲ့ပိုးဟာ ရေယုန်အနေနဲ့ ပြန်လည်ပေါ်ပေါက်လာတတ်လို့ ပါပဲ။ ထိုပြဿနာမျိုးကို အများအားဖြင့် အသက် ၆၀ ကျော် အရွယ်မှာ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် ရေကျောက်ဖြစ်ဖူးသူတွေအနေနဲ့ တစ်ချိန်မှာ ရေယုန်မဖြစ်အောင် ကာကွယ်ဆေးထိုးထားသင့်ပါတယ်။

(၆) ရောဂါဖြစ်သူရဲ့ အဝတ်အစားများကို ရေနွေးနဲ့ သီးသန့် လျှော်ဖွတ်ပါ။

(၇) အဖုလေးတွေက ယားလွန်းတာကြောင့် ကုတ်မိပါတယ်။ အဖုလေးတွေ အနာမဖြစ်အောင် ကာကွယ်သည့်အနေဖြင့် ကလေးကို လက်သည်းညှပ်ပေးပါ။ လက်သည်းညှပ်ပြီးတဲ့အခါမှာလည်း စူးရှမနေစေဖို့အတွက် လက်သည်းကို တံစဉ်းဖြင့် တိုက်ပေးထားပါ။

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား သထုံတွင်ပြုလုပ်

**သထုံ ဧပြီ ၂**

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၃၁ ရက် နံနက်က မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမတွင် ပြုလုပ်ခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်စေရန်နှင့် တီဘီရောဂါနှင့်ပတ်သက်သည့် သိရှိဖွယ်ရာများကို ပိုမိုနားလည်လာနိုင်စေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"တီဘီရောဂါသည်တွေအပြင် ပြည်သူတွေကပါ တီဘီရောဂါဟာကြောက်စရာကောင်းပြီးကူးစက်မြန်တဲ့ ရောဂါဖြစ်တယ်ဆိုတာ သိဖို့လိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်ဟာ ပိုးကူးစက်ခံထားရပြီးတော့ နှစ်စဉ်လူ တစ်သန်းခွဲလောက် တီဘီကြောင့် သေဆုံးနေပါတယ်။ သထုံမှာတော့ မနှစ်ကထိ တီဘီရောဂါလူနာသစ် ၄၀၀ လောက် တွေ့ရပြီး ဆေးယဉ်ပါးတီဘီရောဂါသည် ၂၀ လောက် ရှာဖွေတွေ့ခဲ့တယ်" ဟု ခရိုင်ကျန်းမာရေးမှူး ဒေါက်တာဒေါ်သင်းသင်းအိက ပြောသည်။

တီဘီရောဂါကိုအချိန်တိုတွင်း ရှာဖွေနိုင်သည့် ခေတ်မီစက်ကိရိယာဖြစ်သော Gene-Xpert စက်ကို သထုံခရိုင်ပြည်သူ့ဆေးရုံတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ကာ တပ်ဆင်ထားပြီးဖြစ်ရာ တီဘီလူနာသစ်များနှင့် ဆေးယဉ်ပါးတီဘီရောဂါများကို ယခုထက် ပိုမိုရှာဖွေတွေ့ရှိကာ ကုသနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မကြာခင်ကာလမှာ မိုဘိုင်းအဖွဲ့ဖွဲ့ပြီး ကျေးရွာတွေကိုကွင်းဆင်း စစ်ဆေးသွားမယ်။ Microscope နဲ့စစ်လို့ ပိုးမတွေ့ဘူးဆိုရင် သွေး၊ သလိပ်တွေကို အအေးခန်းနဲ့ ဆေးရုံကို နမူနာယူလာပြီး ဒီစက်နဲ့ ပိုပြီးတိကျတဲ့ အဖြေကိုရဖို့ စစ်ဆေးမှာပါ။ တီဘီရောဂါကင်းဖို့ဆိုရင် ဆေးကို ညွှန်ကြားချက်တွေအတိုင်း အတိအကျကုသမှု ခံယူဖို့ လိုပါတယ်" ဟု ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် တီဘီလူနာသစ် နှစ်သိန်းဝန်းကျင်ခန့် ဖြစ်ပွားလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တီဘီရောဂါတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကျပ်သန်းပေါင်း ၇၂၁၅ သန်း ထောက်ပံ့ပေးထားသည့်အပြင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှလည်း ထောက်ပံ့ပေးထားကြောင်း တီဘီရောဂါပိုးကို စစ်ဆေးတွေ့ရှိပါက အခမဲ့ကုသပေးလျက်ရှိကြောင်း သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**အရာတော် ဧပြီ ၂**

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြကာ အဆိုပါ ကျေးလက်နေပြည်သူများ လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားစေပြီး လျှပ်စစ်မီးသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြို့နယ်ကျေးလက် ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ငွေလုံးငွေရင်းတင်ဒါဖြင့် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မတ် ၃၁ ရက်က တစ်အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာများအရောက် ကွင်းဆင်းပေးအပ်ခဲ့ ကြောင်း သိရသည်။

ယင်းသို့ ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတေဇာထွန်းနှင့် Sky Dragon Co,Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များက ကျေးရွာများရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ပေးအပ်ကြရာ ကျေးရွာများမှ ရပ်မိရပ်ဖများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြသည်။

အဆိုပါ တစ်အိမ်သုံးကျေးလက်မီးလင်းရေးလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ငွေ ၁၅ ဒသမ ၈၉၅၀ ကျပ် သန်းဖြင့် ဆိုလာ ၈၅ လုံးအား ချမ်းသာ(၂) ကျေးရွာအားလည်းကောင်း၊ ၁၄ ဒသမ ၀၂၅ သန်းဖြင့် ဆိုလာ ၇၅ လုံးအား တောင်ဘို့ကျေးရွာများသို့လည်းကောင်း ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်ဆက်**

## စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများ ပညာပေးဆွေးနွေး

**စစ်ကိုင်း ဧပြီ ၂**

'စားသုံးသူပြည်သူများ၊ ကာကွယ်ဖို့ လူတိုင်းပါဝင်ကြပါစို့'ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စားသုံးသူပြည်သူများ သက်ရှည်ကျန်းမာသန်စွမ်းစေရန် ရည်ရွယ်လျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲအခမ်းအနားကို မတ် ၃၁ နံနက် ၁၀ နာရီက စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ခိုင်မို့မို့က အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ ဒေါ်ကေသီအောင်က အန္တရာယ်ရှိစားသောက်ကုန်များအကြောင်းကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူရေးရာအကြောင်း သိကောင်းစရာများ အကြောင်းကိုလည်းကောင်း ပရိုဂျက်တာများဖြင့် ပြသရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့များ၊ NGO အဖွဲ့အစည်းများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး မတ် ၃၀ ရက်ကလည်း စစ်ကိုင်းမြို့ လေးကျွန်းမြေအုဌ်ကျောင်းရှိ သုခကာရီ ကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းများသို့ စားသုံးသူရေးရာ သိကောင်းစရာများ ဆွေးနွေးဟောပြောပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## ဘိုကလေးမြို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်အားပေး

**မအူပင် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနီနီဦး၏ ဦးဆောင်မှုဖြင့် ၂၀၁၆ ခုနှစ် မအူပင်တက္ကသိုလ်မှ ကထိကများ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ဘိုကလေးမြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအား ပေးဆောင်ရွက်ရန် မတ် ၃၁ ရက်က ဘိုကလေးမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်မထသမှ မော်တော်ယာဉ်ကိုးစီးဖြင့် မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ဆရာ၊ ဆရာမ ၂၅ ဦး ဦးဆောင်ကြီးကြပ်ပြီး ကျောင်းသား၊ ကျောင်းသူ ၃၃၃ ဦး ပါဝင်လုပ်အားပေးမည်ဖြစ်ကြောင်း သိရသည်။

**မအူပင် (ပြန်/ဆက်)**

## အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးကွင်းဆင်း ဆောင်ရွက်



**ကျွန်းလှ ဧပြီ ၂**

စစ်ကိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် တာဝန်ရှိသူများက မတ် ၃၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ရွှေဘိုခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နှင့် တာဝန်ရှိသူတို့က ကျွန်းလှမြို့နယ် အတွင်းမှ ကျေးရွာများရှိ ရေတွင်း၊ ရေစင်များအခြေအနေ၊ ရေကန်များရေသိုလှောင်ထားမှု အခြေအနေတို့ကို ကြည့်ရှုကြပြီး ရေပြတ်လပ်ပါက ကြိုတင်ဆောင်ရွက်မည့် အစီအစဉ်၊ ရေသယ်ယူ ပို့ဆောင်နိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကုက္ကိုကုန်း-လက်ခုပ်ပင်-ပေတပင်-ယင်းတိုက်လမ်း ရေရှည် ထိန်းသိမ်းရန် ဂျင်းမြေခင်းထားမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ပဲနွယ်ကုန်းမြို့တွင်ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာနွားပြိုင်ပွဲကျင်းပ

**ကျောက်တံခါး ဧပြီ ၂**

ပဲခူးတိုင်ဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့တွင် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ နွားအယဉ်အကျော့ပြိုင်ပွဲအား မတ် ၃၀ ရက်မှစတင်၍ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနွားပြိုင်ပွဲသို့ ညောင်လေးပင် ဖြူးကျောက်ကြီး၊ ကျောက်တံခါးမြို့နယ်တို့အတွင်းရှိ ဝါသနာရှင်စုစုပေါင်း ၄၀ ခန့်မှ ဝင်ရောက်ယှဉ်ပြိုင်မောင်းနှင်ခဲ့ပြီး နွားလေးဗလာကြိုး၊ နွားလေးသွားမချိုး နှစ်ချောင်း၊ လေးချောင်း၊ ခြောက်ချောင်း နွားကြီးစသည့်ခေါင်းစဉ်များအလိုက် ကျင်းပခဲ့ရာ နွားကြီး ပထမဆုအား ပါဂျဲရိုး၊ ဒုတိယဆုရ စိမ်းမောင်မောင်၊ တတိယဆုရ ရဲဇာနည်နှင့် အခြားဆုရပြိုင်ပွဲဝင်နွားပိုင်ရှင်များအား မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီများမှ ဆုများ၊ အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

"ပထမကတော့ တောင်သူလယ်သမားနေ့မှာ ကျင်းပဖို့ပါ။ နေရာအခက်အခဲလေးကြောင့် ဒီရက်မှ ကျင်းပလိုက်ရတာပါ။ ဝါသနာရှင်တွေပါဝင်တဲ့ ကြီးကြပ်ရေးကော်မတီဖွဲ့ပြီးတော့ အနယ်နယ်အရပ်ရပ်က ပြိုင်ပွဲဝင်ဝါသနာရှင်တွေကို ဖိတ်ခေါ်ပြီးတော့ကျင်းပတာပါ။ နောင်နှစ်တွေမှာလည်းကျင်းပအုံးမှာပါ။ ယခုလိုပြိုင်ပွဲကျင်းပပေးတဲ့အတွက်ရိုးရာနွားအလှပြိုင်ပွဲ လှည်းယဉ်မောင်းပြိုင်ပွဲတွေကို မတိမ်ကောသွားအောင် ပံ့ပိုးကူညီကျင်းပတာပါ" ဟု ဒေသခံကော်မတီဝင် ကိုပြည့်ကပြောသည်။

**ဖြိုးကိုလင်း(ညောင်စိုင်း)**



## တောအုပ်များလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အမှတ်စဉ် (၄/၂၀၁၆)ဖွင့်လှစ်

**မြစ်ကြီးနား ဧပြီ ၂**

ကချင်ပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ တောအုပ်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၄/၂၀၁၆) ဖွင့်ပွဲကို ဧပြီ ၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့နယ် သစ်တောဦးစီးဌာနရုံး၌ ကျင်းပရာ သင်တန်းနည်းပြဆရာများဖြစ်သည့် မိုးကောင်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သက်နှင့် ဗန်းမော်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်အောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ ပြည်နယ်အတွင်းရှိ မြို့နယ်သစ်တောဦးစီးဌာနရုံးများမှ ရွေးချယ်စေလွှတ်သည့် တောအုပ် ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၉)**


ဆွေသဟာ
နာရီတိုင်းမှာ
၅ မိနစ်စာ
စောင့်နေမှန်းသိလို့
နောက်တစ်ကြိမ် ထပ်လာပါပြီ
ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။
ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့်အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ် ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## ကြော်ငြာ

## မင်္ဂလာသက် နှစ်(၅၀)ပြည့် ရွှေရည်ရတုဆုမွန်

ချစ်ခင်မြတ်နိုးရပါသော မိဘနှစ်ပါးဖြစ်သည့် ဦးခင်မောင်သန်း-ဒေါ်ကြည်ကြည်ဝင်း(ခ)မေပုတို့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၃ ရက်(တနင်္ဂနွေနေ့) တွင် ကျရောက်သော နှစ်(၅၀)မြောက် မင်္ဂလာနှစ်ပတ်လည်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သားသမီး၊ မြေး၊ မြစ်များနှင့် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မင်္ဂလာနှစ်ပတ်လည်နေ့များကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားသမီးများ**

၁။ ကိုဉာဏ်လင်းအုန်း-မခင်မျိုးမျိုးသန်း(မျိုးမျိုးကျော် ဆွဲသား၊ ပြည်မြို့)
၂။ ဒေါက်တာထိန်ဝင်း-မခင်စိုးစိုးသန်း(ပြည်-ဒေါ်ဥထမင်းသုတ်၊ ရန်ကုန်)
၃။ ကိုမျိုးမင်းသန်း-မဖြူဖြူကျော်
၄။ ဒုတိယဗိုလ်မှူးကြီးရဲရင့်သွေး(ငြိမ်း) - မခင်မိုးမိုးသန်း(Biker ဆိုင်ကယ်ရောင်းဝယ်ရေး၊ မျိုးမျိုးကျော် ပိုးထည်၊ ပြည်မြို့။)

**မြေးများ**

ကျော်ပေါက်-အိမ့်သူ၊ ဖိုးပြည့်၊ နန္ဒ၊ အောင်ဘုန်း၊ ဂျူးဂျူး၊ ရွှေငါး၊ မှူးမှူး၊ ရွှေသွေး

**မြစ်**

သားထက်




## ချစ်သမီးလေး ''မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံ''အတွက် မွေးနေ့ဆုမွန်လွှာ

တစ်ဦးတည်းသော ချစ်သမီးရတနာလေး **"မေဦးစီး (ခ) ဖြိုးပြည့်ပြည့်စံ"** Grade-8(A)၊ အထက(၄)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၏ ၃-၄-၂၀၁၆ ရက်နေ့တွင် ကျရောက်သော (၁၃)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှစ၍ အသက်(၁၂၀)တိုင် သံသရာဝဋ်ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်ဝေးကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာစွာဖြင့် ဖေဖေ၊ မေမေတို့နှင့်အတူ ကင်းထောက်မယ်ပီသစွာ တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ မိသားစုအကျိုး ဆတက်တိုး၍ ထမ်းဆောင်နိုင်သော နိုင်ငံ့သမီးကောင်း ရတနာလေးဖြစ်ပါစေရန် အစဉ် ဆုမွန်ကောင်းတောင်းလျက်. . . .

- (သမီးလေးမွေးနေ့ကုသိုလ် အထိမ်းအမှတ် ရန်ကုန်မြို့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် သမိုင်း(မရမ်းခြံ) အောင်မွေ့ရိပ်သာကျောင်းတိုက်ကြီးတို့၌ ထာဝရဆွမ်း၊ ဆေး၊ ပဒေသာပင်များ လှူဒါန်းပေးပါသည်။)

**နတ်လူသာခု ဒေါ်စေသော် (သာခု)**

**ချစ်ဖေဖေကြီး - ဦးကိုကိုကြီး နှင့် ချစ်မေမေ - ဒေါ်စံပယ်လှ**
**လေးလေး - ဒေါ်နီနီလှ နှင့် မမ - သီတာအေး**







**ပျောက်ဆုံးကြောင်း** ကျွန်မ မနှင်းသက်ဝေ[၁၀/မလမ(နိုင်)၂၃၀၉၄၈]၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၃၈၉၀၁၁၆**

## သွေးသည်အသက်

## ညှိနှိုင်းဈေးဖြင့် ရောင်းရန်ရှိသည်

**အသစ်နီးပါး ကောင်းမွန်ပြီး နာရီ (၆၂၀)သာ အသုံးပြုရသေးသော**
**JCB Backhole Loader 3DX Super (1) Unit ရောင်းရန်ရှိသည်။**



**ဆက်သွယ်ရန်လိပ်စာ - ၁၀၇ / ၁၀၈၊ Condo (B) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။**
**ဖုန်းနံပါတ် - ၀၉-၅၁၇၈၆၆၁၊ ၀၁-၈၆၀၃၈၅၇ - ၅၉၊ ၀၁-၅၅၇၈၈၃**

## တိုက်ရောင်းမည်

ပုဂံညောင်ဦး၊ ပုပ္ပါးသို့ (၁၅ မိနစ်ခန့်သာ)၊ ကျောက်ပန်းတောင်းမြို့၊ စည်ပင်သာယာဈေးကြီးအနီး၊ RC (၃)ထပ်တိုက်အသစ်ရောင်းမည်။ ရေချိုးခန်း(၃)ခန်း၊ အိမ်သာ(၃)ခန်း၊ ရေပူရေအေး အဆင့်မြင့်ပြင်ဆင်ပြီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ အရှုပ်အရှင်းမရှိပါခင်ဗျား။ ဈေးနှုန်း သိန်း(၃၉၅၀)

## ခြံရောင်းမည်

ကျောက်ပန်းတောင်းမြို့အဝင်၊ တိုးဂိတ်အနီး၊ ၃. ၆၅ ဧက၊ မြေအရမ်းကောင်းပါသည်။ အုတ်တံတိုင်းခတ်၊ ရေတွင်းတူးပြီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ အရှုပ်အရှင်းမရှိပါခင်ဗျား။ ဈေးနှုန်း သိန်း(၃၁၅၀)

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၀၀၄၃၆၊ ၀၉-၅၅၀၄၅၉၇၊ ၀၉-၇၉၀၉၈၈၈၁၇**

## တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စူနီယမ်ပတ်၊ သုခဝတီလမ်း၊ အမှတ်-၂၃/ဘီ(၂)တွင် ရုံးခန်းဖွင့်လှစ်ထားရှိသော TWP Company Limited သည် Volkslift Elevator Co.,Ltd. မှ ထုတ်လုပ်သည့် Volkslift Elevator (Volkslift Gmb Cologne in Germany)များကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် Volkslift Elevator Co.,Ltd. ၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပါသည်။ Volkslift Elevator Co.,Ltd.အနေဖြင့် TWP Company Limited ထံမှ ဝယ်ယူရောင်းချသော Volkslift Elevator (Volkslift Gmb Cologne in Germany) ဓာတ်လှေကားများကိုသာ (Warranty & Service)ပစ္စည်းအာမခံနှင့် ဝန်ဆောင်မှုများပေးမည်ဖြစ်ပါသည်။ အခြားမှ ဝယ်ယူရောင်းချသော Volkslift Elevator များနှင့်စပ်လျဉ်း၍ (Warranty & Service) ပစ္စည်းအာမခံနှင့် ဝန်ဆောင်မှုရရှိမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**TWP Company Limited လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းခမ်းအုံ B.A(Law), LL.B, တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၇၀)**
**အမှတ်(၄၅)၊ ရှူခင်းသာလမ်း၊ ရပ်ကွက်(၂၇)၊ ဒဂုံမြို့သစ်(မြောက်)မြို့နယ်။**

## တိုက်ခန်းရောင်းမည်

စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းမပေါ်၊ (18'×60')တိုက်ခန်းကျယ်၊ အာရှတော်ဝင်ဆေးရုံအနီး၊ (၈)လွှာ(ယာ)၊ နေရာကောင်း ရောင်းမည်။ Ph: 09-5003288, 09-73169542, 09-798817702

## အများသိစေရန်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ(၃)လမ်း၊ အမှတ်(၂၂၇)၊ (၃လွှာ/ဝဲ)၊ (တိုက်သို့မျက်နှာမူလျှင်ဝဲဘက်ခြမ်း)၊ (၁၁. ၅×၄၇)ပေရှိ တိုက်ခန်းကို ကန်ထရိုက်တာဖြစ်သူ ဦးဇေယျာအောင်[၁၂/သဃက(နိုင်)၁၆၃၁၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင်ကြီး[၁၂/ဒပန(နိုင်)၀၃၀၃၈၄]၊ ဒေါ်အိအိချော[၁၀/မဒန(နိုင်)၁၁၂၆၁၆]ကိုင်ဆောင်သူတို့က ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေများမှအပ အခြားမည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမော် B.Sc,H.G.P.,D.B.L.,D.A.Psy**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထမထပ်(ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၃၉၈၄၅**

## ၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်
## ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး
## ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်

# ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

### ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ -၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂ -၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃ -၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄ -၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ "ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမ"နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

SKYWARD Skyward International Trade Limited

Peace Myanmar Group Company Limited

Htike Sin Company Limited

# မဟာသင်္ကြန် အထူးအစီအစဉ်
## ဧပြီလ(၁)ရက် မှ (၁၁)ရက်နေ့အထိ
# Up to 50% off

ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂၂)နှစ်ပြည့် အထူးအစီအစဉ်

နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်

Forever Gems by ရွှေနန်းတော်

သိန်းပေါင်း (2500) ကျော်ချီးမြှင့်ပေးမည့် **Lucky Draw Program**
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ

### Grand Lucky Draw Prizes

(၁) MAZDA3 Brand New ကား (၂) စီး
(၂) ၅ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၃) ၃ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ငါးမူးသား ရွှေဆွဲကြိုး (၂၀) ကုံး

Grand Lucky Draw ဖွင့်မည့်ရက် (၂၉-၅-၂၀၁၆) တနင်္ဂနွေနေ့
ညနေ ၄း၀၀ မှ ၆း၀၀ နာရီ Myanmar Plaza (HAGL Group)
နိုင်ငံကျော်အနုပညာရှင်များ မှ ရွေးချယ်ချီးမြှင့်ပေးမည်။



၁-၄-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၂၅)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်ရွှေ

ရွှေ (၁၀)ကျပ်သား (၁) ဆု
ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၃) ဆု
ရွှေ (၃)ကျပ်သား (၅) ဆု
ရွှေ (၂)ကျပ်သား (၅) ဆု
ရွှေ (၁)ကျပ်သား (၅) ဆု
ငါးမူးသား (၅) ဆု

ကံစမ်းရန် မလိုပါ

ချက်ချင်းပေါက် ချက်ချင်းယူ
မလာမပါ ကံစမ်းမဲ

(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း
(၁၀၀) နှင့် အခြားအဖိုးတန်ပစ္စည်းများ

၁၈ . ၁ . ၂၀၁၆
မှ
၂၉ . ၅ . ၂၀၁၆ ထိ

တူစွာထီများအတွက် အမှတ်တရဆွဲသီး၊ ရင်ထိုးနှင့်
လက်ဝတ်ရတနာမျိုးစုံတို့ သင့်တင့်မျှတသော
ဈေးနှုန်းဖြင့် တန်ဖိုးအဆင့်မီ အရည်အသွေးအတိုင်း
(3D CAD/ CAM) ဖြင့် ဒီဇိုင်းများ လက်စံ
ဆောင်ရွက်ပေးနေပါပြီ။

Super Diamond Card အစီအစဉ်
ဝယ်ယူမှု သိန်း(၆၀)ကျော် ပြည့်တိုင်း
ငွေသားကျပ် (၂၅၀၀၀)ကျော်ခြင်းချီးမြှင့်ပေးမည်။

Customers အတွက်
Silver Card အကျိုးခံစားခွင့်
Gold Card အကျိုးခံစားခွင့်
Diamond Card အကျိုးခံစားခွင့်

GIA/HRD Certificate Available
Hongkong လက်ရာစိန်ထည်များ
(3D CAD/CAM) Designs
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card



ဆိုင်(၁)- အမှတ်- ၅၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ် PH: 01-210572,01-229409,01-227212

ဆိုင်(၂)- အမှတ်- ၆၈၁၊ ဗိုလ်ချုပ်လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် PH:01-211728, 01-226977,01-228751

ဆိုင်(၃)- မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463

ဆိုင်(၄)- (G-05A), မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977

# နဂါးကိုးကောင် စိန်၊ရွှေရတနာဆိုင်

ပျော်ရွှင်ဖွယ် ရင်တုန်ရင်ခုန် ရမည့်
မြန်မာ့ရိုးရာနှစ်သစ် သင်္ကြန်ကြိုဆို ကံစမ်းပွဲကြီး

27.2.2016 မှ 10.4.2016 ထိသာ

ချက်ချင်း ဝယ် ချက်ချင်း ကံစမ်းပြီး Toyota Crown ကားသစ်ကြီးကို ချက်ချင်း ဆွတ်ခူးရမည့် မဟာအခွင့်အရေး








ပါဝင်မည့် အထူးဆုကြီးများ
- Toyota Crown ကား (၁)စီး
- ၅ ကျပ်သား ရွှေဆွဲကြိုးကြီး (၁)ကုံး
- ၃ ကျပ်သား ရွှေဆွဲကြိုးကြီး (၂)ကုံး
- ၂ ကျပ်သား ရွှေဆွဲကြိုးကြီး (၅)ကုံး
- Samsung Galaxy Note-5ဖုန်း (၅)လုံး
- တစ်မတ်သား ရွှေဆွဲကြိုး (၁၅၀)ကုံး
- ရွှေသား လက်စွပ် (၁၅၀၀)ကွင်း

အပါအဝင် ဗလာမပါ ဆုမဲပေါင်းများစွာ

ဆုကြီးများက အကန့်အသတ် နဲ့မို့ လက်ဦးသူသာ ကံထူးရှင်ကြီးဖြစ်မှာနော်
လက်မလွတ်ရလေအောင် အမြန်ဆုံးကြွလှမ်းကြပါစို့

နဂါးကိုးကောင် စိန်ရွှေရတနာဆိုင်(၁) အမှတ်(၅၀၅)၊မဟာဗန္ဓုလလမ်း နှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(01-253327 , 01-376830)
နဂါးကိုးကောင် စိန်ရွှေရတနာဆိုင်(၂) အမှတ်(၁၈)၊ Junction Square အပြင်တန်း Shop House၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(01-2304344 , 01-2304345)



**ကိုဇော်ဦး LED-LCD TV ပြုပြင်ရေး**
LED-LCD 32" ဖုန်များလဲပေးပါသည်။
အပိုပစ္စည်းများလည်း ရရှိနိုင်ပါသည်။



သင်္ကြန်အထူးအစီအစဉ် (Special Discount)
ဒဏ္ဍာရီ
အထူးဆံပင်ပြောင်းဆိုင်
30900 တန် Discount 15000 ks (၂)နှစ်အာမခံ



**အဆင့်မြင့်ဆန်စက်နှင့် ဂိုထောင် ရောင်းမည်**
အဆင့်မြင့် တန်(၈၀) ကျဆန်စက်အသစ်၊ ဂိုဒေါင်အကျယ် ၅၃ ပေ × ၁၈၀ ပေ(ဂိုဒေါင် အသစ်)၊ မြေအကျယ် ၂၃၂ပေ × ၆၀ ပေ (နှစ်၆၀ ဂရန်မြေ)၊ 315 KVA AUTO TAP CHANGER ရွှေပြည်သာစက်မှုဇုန် (၂)ထိပ် ရန်ကုန်မြို့၊ 12000 lakhs
Ph: 09-73163902, 09-785002339



**ခုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းပေးဝယ်ပေးသည်။
09-500 5916
09-730 97123



SWEETY HOME®
SPRING MATTRESS

I can't sleep without you

15 YEARS WARRANTY



1995 ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော **ဆွီတီးဟုမ်း**ကုမ္ပဏီလီမိတက်သည် နှစ်ပေါင်း ၂၀ ကျော်သက်တမ်းအတွင်း စပရင်မွေ့ရာနှင့် ပတ်သက်၍ ကောင်းမွန်သော ဝန်ဆောင်မှု၊ ခိုင်မာသောအတွေ့အကြုံ၊ မှန်ကန်တိကျသော သုတေသနများကို ပေါင်းစပ်၍ သုံးစွဲသူများ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူနိုင်ရန် မတူညီသော ကြိုက်နှစ်သက်မှုများအလိုက် **စပရင်မွေ့ရာအမျိုးအစားပေါင်း ၂၅ မျိုး** ကျော်အား ဂုဏ်ယူစွာဖြင့် ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

- YANGON SHOWROOM ✆ 01 - 8550358, 9669544, 205224
  **SWEETY HOME Living Mall (Thaketa),** No. 296, A-12, Ayer Wun Main Road, Thaketa Township, Yangon. (Near Capital Hypermarket) **Tel : 01 - 551591**
- MANDALAY SHOWROOM ✆ 02 - 65938, 60810, 34021
  **SWEETY HOME Living Mall (35th Road),** 35th Road, Between 64th & 65th Street, Mandalay. **Tel : 09 - 9779 19888**


## အမြန်ဆက်သွယ်ပါ

၁၉၆၈ ခုနှစ်ခန့်က ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ယခုအသက်(၇၅)နှစ်ခန့်ရှိ ဦးထွန်းလွင်ကို နိုင်ငံခြားမှ မိတ်ဆွေတစ်ဦးက အမြန်တွေ့လိုပါသည်။ ယခုဦးထွန်းလွင် မည်သည့်အရပ်တွင် နေထိုင်သည်ကို သိရှိသူကလည်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ
၀၉-၇၃၀၂၅၁၆၄၊
၀၉-၅၀၆၈၉၉၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဥက္ကံ၊ မြေကွက်/ဦးပိုင်အမှတ် (၅၉၊ ၆၁၊ ၆၂)၊ ဧရိယာ(၀. ၁၃၆)ဧကရှိ ဦးမြသက်စိုး(ခ)ဦးကျော်စိုး (ပါ-၂)အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ဒေါ်သီတာမြင့်[၉/ပမန(နိုင်)၁၂၃၅၉၃] အဖအမည် ဦးမွတ်တားမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

မီး သတိပြု


သီတာ
အာမခံစိန်ရွှေရတနာဆိုင်
၂၀၁၆ မဟာသင်္ကြန် အထူးအစီအစဉ်
( ၁ - ၄ - ၂၀၁၆ မှ ၁၀ - ၄ - ၂၀၁၆ အထိ )
မိတ်ဟောင်း / မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သော အနေဖြင့်
ကား(၁)စီး ၊ ဆိုင်ကယ် (၃)စီး ၊ ရွှေထည်များ နှင့် ဗလာမပါကံစမ်းမဲများစွာ
ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
သီတာ ရွှေဆိုင် ( ၃ ) ဆိုင်လုံးတွင်
နေ့စဉ် ပိတ်ရက်မရှိ ရာသက်ပန်
ဖွင့်လှစ်လျက် ရှိပါသည်။
ဆိုင်ခွဲ (၁) - အမှတ် (၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ (အင်းဝမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၂၃၃၂၄၆၄
ဆိုင်ခွဲ (၂) - အမှတ် (၉၃၀)၊ (၁)လမ်း၊ လေးထောင့်ကန်လမ်းမကြီး၊
ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (စံပြဈေးမှတ်တိုင်အနီး)
ဖုန်း (၀၁) - ၅၇၉ ၃၅၄၊ ၈၅၅၀၁၀၇
ဆိုင်ခွဲ (၃) - အမှတ် (၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းဈေးကြီးရှေ့
(ဆ/က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) - ၈၅၅၀ ၆၀၁


BALAND
MADE IN USA
20% OFF
BALAND
2016 April 3ရက် မှ May 3 ရက် အတွင်းသာ
(Yangon & Mandalay All Showrooms)
စိန်နှင့်မြ
မွေ့ရာ ပရိဘောဂ
BL 951 1,537,500Ks
1,230,000Ks(BED)
BL 925 1,440,000Ks
1,152,000Ks(BED)
BL 726 1,768,000Ks
1,414,400Ks(BED)
BL 932 1,922,500Ks
1,538,000Ks(BED)
BL 728 1,995,000Ks
1,596,000Ks(BED)
BL 955 1,871,000Ks
1,496,800Ks(BED)
Yangon 01- 8566454, 09-73244480, 09-453887790 Mandalay 02- 68857, 09-402511022, 02-71070


telenor
တယ်လီနော
အပိုဆု
အချိန်အခါ
ဧပြီလ(၁)ရက် မှ (၅)ရက်နေ့ အတွင်း
ဖုန်းငွေဖြည့်ပြီး အပိုဆု တွေကို ရယူလိုက်ပါ။
ဖုန်းငွေဖြည့်ကတ်
E-Load
အပိုဆု
၅၀% - ၅,၀၀၀ကျပ်
10,000ကျပ် နှင့်အထက်
၅၀%
5,000ks
၂၀% - ၁,၀၀၀ကျပ်
၅,၀၀၀ကျပ် မှ ၉,၉၉၉ကျပ် အထိ
၂၀%
3,000ks
၁၀% - ၃၀၀ကျပ်
၃,၀၀၀ကျပ် မှ ၄,၉၉၉ကျပ် အထိ
၁၀%
ဖုန်းငွေဖြည့် အပိုဆုများ ဖြင့် မည်သည့်ပြည်တွင်းဖုန်းကိုမဆို
ခေါ်ဆိုခြင်း၊ မက်ဆေ့ချ် နှင့် ပုံမှန်အင်တာနက် သုံးစွဲခြင်းတို့ကို
၂၀၁၆၊ ဧပြီလ (၂၀) ရက်နေ့ အထိ အသုံးပြု နိုင်ပါသည်။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး ယနေ့ကျင်းပမည်

မေ ၂ ရက် ညနေပိုင်းက မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ)ပေးပွဲကျင်းပမည့် စင်မြင့်ထက်၌ ရွှေကြိုမောင်မယ်များ ဝတ်စုံပြည့်လေ့ကျင့်လျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ငွေအောင်




**ရန်ကုန် မေ ၂**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသည် နှစ်အလိုက် သက်ဆိုင်ရာ အနုပညာနယ်ပယ်များတွင် ကျွမ်းကျင်သည့်ပညာရှင်များကို ပေးအပ်ချီးမြှင့်သည့် ဆုဖြစ်သည်။ အကယ်ဒမီဆုကို အနုပညာရှင်တိုင်း ပိုင်ဆိုင်လိုကြသည်။ အကယ်ဒမီဆုသည် အနုပညာရှင်တိုင်းအတွက် သူ၏အနုပညာကို အသိအမှတ်ပြုပေးသည့် မှတ်တိုင်တစ်ခု ဖြစ်သည်။

အကယ်ဒမီပေးပွဲကြီးကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကြီးမှူး၍ ရန်ကုန်မြို့ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ယနေ့ ညနေ ၃ နာရီမှစတင်ကာ စည်ကားသိုက်မြိုက်စွာကျင်းပတော့မည်ဖြစ်သည်။

နှစ်နှစ်ပေါင်းကျင်းပသည့် ဆုပေးပွဲကြီးဖြစ်သည့်အားလျော်စွာ အကယ်ဒမီဆုများသည်လည်း အရင်နှစ်များနှင့်မတူ ဆုအရေအတွက်များမည်ဖြစ်သည်။ ဒါရိုက်တာဆု၊ ဇာတ်ဆောင်ဆု(အမျိုးသား)၊ ဇာတ်ဆောင်ဆု(အမျိုးသမီး)၊ ဇာတ်ပို့ဆု(အမျိုးသား)၊ ဇာတ်ပို့ဆု(အမျိုးသမီး)၊ ဓာတ်ပုံဆု၊ ဇာတ်ညွှန်းဆု၊ အသံဆု၊ တည်းဖြတ်ဆု၊ ရုပ်ရှင် နောက်ခံတေးဂီတဆု၊ ကလေးသရုပ်ဆောင်ဆု အစရှိသည့်ဆုများဖြင့် ရွေးချယ်ပေးအပ်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့ရုပ်ရှင်အနုပညာရှင်နှင့် ပရိသတ်သည် တစ်သားတည်းဖြစ်သည်။

အနုပညာရှင်တိုင်း အကယ်ဒမီ ရွှေစင်ရုပ်တုအတွက် ရင်ခုန်ကြသလို ပရိသတ်များသည်လည်း သူတို့ချစ်သည့် အနုပညာရှင်တိုင်းအတွက် ရင်ခုန်ကြသည်။

မြန်မာ့ရုပ်ရှင်အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း ရုံတင်ပြသခွင့်ရပြီး အကယ်ဒမီဆုအတွက် မျှော်လင့်ရမည့် ဇာတ်ကား၁၇ ကားမှာ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍



(၈၀) ကီလိုတန်း မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် လုဒ်ဝခ်ဒိုခိုယန်(ရုရှား) ယှဉ်ပြိုင်စဉ်။

## မြန်မာ-ရုရှား မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ
## ထွန်းထွန်းမင်းနှင့် တူးတူး ရုရှားလက်ဝှေ့ကျော်များကို အလဲထိုးအနိုင်ရ

**ရန်ကုန် မေ ၂**

မြန်မာ-ရုရှား မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြသည့် သကြ်န်ဖိုက် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံများဖြစ်သည့် ထွန်းထွန်းမင်းနှင့် တူးတူးတို့က ရုရှားလက်ဝှေ့ ချန်ပီယံများကို အလဲထိုးအနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် လေးချီစိန်ခေါ်ပွဲနှစ်ပွဲနှင့် ငါးချီအထူးစိန်ခေါ်ပွဲ ငါးပွဲတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပရိသတ် စိတ်ဝင်စားဆုံးဖြစ်သည့် မြန်မာ-ရုရှား ပွဲစဉ်ဖြစ်သည့် တူးတူးနှင့် ရုရှားလက်ဝှေ့ချန်ပီယံ ဆပ်ရှာကော့ဗ်အာတမ်တို့ပွဲစဉ်တွင် ဆပ်ရှာကော့ဗ်က တူးတူးထက် အရပ်ပိုမြင့်သည်။ ပထမအချီတွင် တူးတူး၏ ညာဝိုက်လက်သီးကို ဆပ်ရှာကော့ဗ် ရှောင်တိမ်းခဲ့သလို ဟာကွက်ချောင်းပြီး ထောက်လက်သီးဖြင့် တိုက်စစ်ဆင်သည်။ ဒုတိယနှင့် တတိယ အချီတို့တွင် တူးတူးပါဝါမြှင့်ပြီး ဝိုက်လက်သီးဖြင့် တရစပ်ထိုးနေသဖြင့် ဆပ်ရှာကော့ဗ် မခံနိုင်တော့။ သို့သော် ရုရှားလက်ဝှေ့ကျော် ဇွဲကောင်းသည်။ ခံနိုင်ရည်နှင့် သက်လုံကောင်းသည်။ အမှတ်မထင် တူးတူးညာဒူးတိုက်ချက် ဆပ်ရှာကော့ဗ် အရှိုက်ထိပြီး အနားတောင်းလိုက်ရသည်။သို့သော် စတုတ္ထအချီတွင် ဆပ်ရှာကော့ဗ် ဆက်လက်မထိုးသတ်နိုင်တော့ဘဲ တူးတူးအနိုင်ရခဲ့သည်။

နောက်ဆုံးပွဲစဉ် (၈၀) ကီလိုတန်းတွင် မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် ရုရှား လက်ဝှေ့ချန်ပီယံ လုဒ်ဝခ်ဒိုခိုယန်(ရုရှား) တို့ ပွဲစဉ်စစချင်းပင် လုဒ်ဝခ်အဖွင့်တိုက်စစ် ဘယ်ဝိုက် လက်သီးကို ထွန်းထွန်းမင်း ရှောင်တိမ်းပြီး လုဒ်ဝခ် ခြေပြန်အဆုတ်တွင် ထွန်းထွန်းမင်း၏ ညာဒူးတိုက်ချက်ကြောင့် လုဒ်ဝခ်၏ဘယ်ဘက်ခါးရိုးထိသွားပြီး မတ်တတ်ရပ်လျက် ခဏအနားတောင်းခဲ့သည်။ ပြန်အတည်တွင် ထွန်းထွန်းမင်း၏ ဒူးပျံတိုက်ချက်ကြောင့် လုဒ်ဝခ် ဘယ်ဘက် စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖

